www.burmeseclassic.com

သစ္စာမွန် စာပေ

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

# နိုင်းဗဟာ

မဟူရာသူဇာ




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

TSM

သစ္စာမွန်စာပေတိုက်
၂၁၁၊ ဒုတိယထပ်၊ (၃၂) လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၅၄၁၄၂၁

သစ္စာမွန်စာပေတိုက်

ရဲ့

စင်တင်ကဖလောင်ရှင်

# နှိုင်းမဟာ

မဟာရာသူဇာ

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၃ခုနှစ်ဒီဇင်ဘာလပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးကိုကိုမြင့် (သိန်းမင်းစာပေ) အမှတ်(၆၃)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဒေါ်အိမွန်သက်လွင် (မြ-၀၁၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lလင်း |
| ကွန်ပျူတာ | - | ပန်းအိစံ |
| မြန်းချိရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
နိုင်းမဟာ
မဟာရာဇ၀င်/နိုင်းမဟာ၊-ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၃၊
၂၁၀-စာ၊၁၂ × ၁၈ စင်တီ၊
(၁)မဟာရာဇဝင်


"ပြေး…ပြေး"

"လွတ်အောင်ပြေး"

သေသေးမှ လွတ်အောင် ပြေးရမည်ဆိုသည့် အသိနှင့် သူ ပြေးနေသည်။ ခြေလှမ်းတွေကို တစ်ချက်မှမရပ်၊ မတုံ့၊ မဆိုင်း။

ပြေးနေရင်းမှပင် နောက်မှလိုက်လာသည့် ခြေသံတွေကို နားစွင့်သည်။ မိမိ၏ခြေသံကလွဲပြီး အခြားအသံဗလံများကို မကြားရ။ မြေပြင်နှင့်ခြေဖဝါးထိစဉ်ပေါ်လာသည့် မိမိ၏ခြေသံ တဖျပ်ဖျပ်ကို သာ ပြန်ကြားနေရသည်။

"ပြေး…ပြေး…"

"ဝေးအောင်ပြေး….ပြေး…"

မိမိကိုယ်ကိုမိမိသတိပေးရင်း သူက ပြေးသည်။ ပြေးရလွန်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရင်ဘတ်တွေ အောင့်လာသည်။ အသက်ရှူမှားလာသည်။ သို့သော် မနားရဲ၊ မရပ်ရဲ။

ပြေးရင်းပတ်ဝန်းကျင်ကို မျက်လုံးဝေ့ပြီးကြည့်သည်။ ထိုအခါ သူသည် မြိုင်သာယာမြို့စွန် တောအုပ်တွင်းသို့ ရောက်နေကြောင်း သတိပြုမိ၏။

နောက်မှ လိုက်လာသူများနှင့် ဝေးသွားပြီ ဟု စိတ်ကထင်သည်။ ထို့ကြောင့် ပြေးနေသည့်အရှိန်ကိုလျှော့သည်။ ခြေလှမ်းတွေကို တဖြည်းဖြည်းနှေးရင်း ခါးတွင်ချိတ်ထားသည့် ရေဘူးကိုဖြုတ်ကာ ရေတစ်ငုံမော့သောက်သည်။

ဝမ်းထဲသို့ ရေတစ်ငုံဝင်သွားသည်နှင့် အားပြည့်သွားသလို ရှိသည်။ ငါးမိနစ်လောက် နားလိုက်ရရင် ကောင်းမှာပဲဆိုသည့်အတွေး ဝင်လာသဖြင့်သူက ယောက်ျားကြီးတစ်ဖက်စာခန့်ရှိသော သစ်ပင်ကြီးတစ်ပင်အောက်သို့ဝင်လိုက်သည်။

"နိုင်း..."

သေနတ်သံတစ်ချက် ရုတ်တရက် ပေါ်လာသည်။ သူရင်ထိတ်သွားကာ ကိုယ်ကို သစ်ပင်နှင့်ကပ်ထားလိုက်သည်။ ဘေးပတ်





ဝန်းကျင်ကို မြင်ရသလောက်ကြည့်သည်။ အသံစလံများကို နားစွင့်သည်။

တဖုတ်ဖုတ်နှင့်ပြေးလာသည့် ခြေသံများကို ကြားရသည်။ အနည်းဆုံးလူငါးယောက်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ပြေးလာသည့်ခြေသံတွေ နီးလာသည်။ သူက သစ်ပင်အကွယ်မှ ထွက်ပြီးချုံနွယ်တွေပိတ်နေသော တောအုပ်အတွင်းသို့ ပြေးဝင်သည်။

"နိုင်း...နိုင်း..."

သေနတ်သံတွေကိုဆက်တိုက်ကြားလိုက်ရသည်။ နောက်မှ လိုက်လာသူတွေက ဘာမှန်းမသိဘဲ စွတ်ရှုတ်ပြီး ပစ်ခတ်နေဟန်ရှိသည်။ သူက ချုံတွေကြားထဲသို့ တိုးဝင်သည်။ ချုံနွယ်များကို တိုးပြီး ပြေးသည်။

"သူရှိန်ထွန်း...မပြေးနဲ့...မင်း ပြေးလို့မလွတ်ဘူး..."

အော်ဟစ်ပြောဆိုသံကို ကြားရသည်။ သူက ခါးကြားမှ ပစ္စတိုကို ဆွဲထုတ်ပြီး အသံပေါ်ထွက်လာရာသို့ ချိန်ရွယ်ပစ်ခတ်သည်။ တစ်ဆက်တည်းမှာပင် ကိုယ်ကိုလှိမ့်ပြီးနေရာပြောင်းလိုက်သည်။

တောအုပ်ထဲမှ သေနတ်သံတွေ ဆူဆူညံညံပေါ်လာ၏။

www.burmeseclassic.com



တောတောတာသူရိန်ထွန်းရှိနေခဲ့သည့်နေရာသို့ကျည်ဆန်တွေအဆက်မပြတ်ကျလာသည်။

သူက သေနတ်သံတွေ ဆူညံနေစဉ် နေရာမှ ပြေးထွက်သည်။ တောအုပ်ထဲရှိ သစ်ပင်များကြား ကွေ့ပတ်ပြီးပြေးသည်။

ခြေသံတွေနှင့်အတူ နောက်မှ ပစ်ခတ်သံတွေပါ ပေါ်လာ၏။ ရန်သူတွေက ရမ်းသန်းပစ်ခတ်နေမှန်း သူသိလိုက်သည်။ ထို့ကြောင့် ခြေဖွနင်းပြီး နေရာရွှေ့သည်။ သစ်ပင်ထူထူကြားသို့ အရောက်တွင် ညာဘက်ရှိလမ်းမကြီးပေါ်သို့တက်နိုင်ရန် စဉ်းစားသည်။

ရှေ့တွင် အဝေးပြေးလမ်းမကြီးရှိသည်။ လမ်းမကြီးတွင် အသွားအလာမပြတ်လှ။ လမ်းကြုံလိုက်နိုင်သည့် ကားတစ်စီးစီးကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ရင်း သစ်ပင်တစ်ပင်အကွယ်သို့ ဝင်ရင်း ညာဘက်သို့ ပန်းတက်သွားသည့်လူရိပ်ကိုတွေ့ရသည်။ သူက ထိုသူ့နောက်သို့ ခြေသံလုံလုံနင်းပြီးလိုက်သည်။

ကောင်းကင်မှ ဟပ်လာသည့် အလင်းကို အကူအညီယူပြီး တိတ်ဆိတ်စွာ လှုပ်ရှားသည်။ သစ်ပင်ကြီးများကိုကွေ့ပတ်လိုက်သည်နှင့် သေနတ်ကိုင်ပြီး တောင်ကြည့်မြောက်ကြည့် ကြည့်ကာ တောအုပ်အစပ်သို့ ရောက်လာသူအားတွေ့ရ၏။





"သူ့ကို လမ်းကနေကြိုစောင့်ပြီး ရှင်းပစ်မယ်၊ ဒါဆိုရင် ရန်သူအင်အားလျော့သွားမှာပဲ"

သူရိန်ထွန်းက ရှေ့သို့ တရွေ့ရွေ့တိုးသည်။ တစ်ဖက်လူ သစ်ပင်အကွယ်သို့ရောက်လာသည်နှင့် သူက ပစ္စတိုဒင်နှင့် လှမ်းချက်သည်။ ခွပ်ခနဲ မြည်သံနှင့်အတူ တစ်ဖက်မှ လူခေါင်းငိုက်စိုက် ကျသည်။ သူရိန်ထွန်း သူ့ကို ထပ်တိုးပြီး သေနတ်ဒင်ဖြင့် ဆက်ရိုက်သည်။ တစ်ဖက်မှ လူပုံလျက်သား လဲကျသွား၏။

သူက နောက်သို့ လှည့်မကြည့်။ လဲကျသွားသူအား စစ်ဆေးခြင်းမပြုဘဲ နေရာမှရွှေ့သည်။

BURMESE CLASSIC

တစ်ယောက်တော့ လျော့သွားပြီ ဆိုသည့်အသိနှင့် အားတက်လာသည်။ တောအုပ်အပြင်တွင် အရှေ့နှင့်အနောက် တန်းနေသော မြင်သာယာကားလမ်းကို မြင်ရသည်။

"နောက်ကကောင်တွေ ပါမလာတော့ဘူး၊ သူတို့ လမ်းခွဲလိုက်ရင်း လမ်းပျောက်သွားပြီထင်ပါရဲ့"

သူက ကွင်းတစ်ခုကိုဖြတ်သည်။ အမှောင်ကို အကာအကွယ်ယူပြီး ကားလမ်းမကြီးပေါ်သို့ တက်သည်။ ညီညာသော ကတ္တရာလမ်းတွင် ပြေးရစဉ် ခြေလှမ်းတွေ ပိုပြီးသွက်လက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တဖြည်းဖြည်း မှောင်လာပြီး သူ့မျက်လုံးအစုံ ဖြိုင်သာယာ ဘက်မှလာနေသော ကားတစ်စီးမီးရောင်ကို ရုတ်တရက်မြင်လိုက်ရပြီးသေနတ်သံများ တိတ်ဆိတ်သွားလေသည်။

သူ လျင်မြန်စွာ လှုပ်ရှားလိုက်ပြီး သူ့ကိုယ်ကို မှောက်ကာနောက်မှရန်သူများမရိပ်မိစေရန် ကားလမ်းမကြီးပေါ်ရောက်ရန် တွားသွားလိုက်သည်။

သူ့အနားသို့ ကုန်တင်ကားကြီးတစ်စီးရောက်လာသည်နှင့် သူ ရုတ်တရက် လှုပ်ရှားလိုက်သည်။ ကားနံဘေးကို တွယ်ကပ်ကာခေါင်မိုးပေါ်တက်လိုက်သည်။ ကားကြီး အရှိန်ပြင်းစွာဖြင့် တစ်ရွာဝင်တစ်ရွာထွက် ရွာတော်တော်များများကို ဖြတ်ကျော်လာလေသည်။

အမှောင်ထု သိပ်သည်းလာသည်။ မီးရောင်တလက်လက်မှ တစ်ဆင့် မြို့နယ် နိမိတ်မှတ်တိုင်ကိုတွေ့ရသည်။ ကားမြို့အဝင်တွင် အရှိန် လျှော့သွားသည်။

"ဖုတ်..."

သူ ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ ကားကြီး သူနဲ့ ဝေးသွား၏။ သူ့ရှိန်ထွန်းဂျာကင်ဇစ်ကို အပေါ်သို့ ဆွဲတင်ပြီးဦးထုပ်ကို ရှေ့သို့ ငိုက်ငိုက်ဆောင်းလိုက်သည်။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်





လိုက်သည်။ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရ၊ သူ အမှောင်ထဲ လျှောက်လိုက်သည်။

သူလျှောက်ရင်း သူ့ချစ်သူအကြောင်း တွေးမိသည်။ သူ့ကို လွှတ်မြောက်စေရန် ကူညီပြီး သူ့အဖွဲ့အစည်း၏အလုပ်များ ကြိုးစားလုပ်ကိုင်ပြသည်။ အဖွဲ့အစည်းမှ ယုံကြည်အောင် ဆောင်ပြနိုင်သည့်အတွက် အချိန်တိုအတွင်းမှာပင် အဖွဲ့အစည်း အရေးပါသောနေရာကိုရလာသည်။

အဖွဲ့အစည်း၏ အလုပ်အကိုင်ရည်ရွယ်ချက်ကို သိလာအခါ စိတ်ပျက်လာပြီး ထွက်ပြေးလာသည်။ သူထွက်ပြေးသည် နှင့်သူများ ချက်ချင်းသိကာ လိုက်လာခြင်းဖြစ်လေသည်။

ယခု သူလွှတ်မြောက်လာသည့် ဒီနယ်မြေကို သူကျွမ်းကျင် ပြီး သူသွားရမည့်နေရာမှာ သိပ်မဝေးတော့ပါ။

အိမ်အိုကြီးတစ်လုံးကိုတွေ့ရသဖြင့် သူပြေးကပ်ကာ နားစွင့် သည်။ အထဲမှ ညင်သာစွာလှုပ်ရှားသံကြားရသည်။ သူအိမ်အို ထဲ လာမည်ဆိုသည်ကိုရန်သူ သိထားပြီးဖြစ်သည်။

သူရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။ သူ တံခါးကိုတုတ်တစ် ချောင်းအသာတွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း...ဒိုင်း..."

အထဲမှ သေနတ်သံ နှစ်ချက်ထွက်လာသည်။ သူရိန်ထွန်း အိမ်ထဲ ခုန်ဝင်ရင်း သေနတ်တစ်ချက် ပစ်လိုက်သည်။

"ဒိုင်း..."

"ချွင်...ချွင်..."

သူ ကြမ်းပြင်ပေါ်သို့ လှိမ့်ချလိုက်သည်။ သူ့သေနတ်အား ထိမှန်ကာ သေနတ်လွင့်သွား၏။ ရှောက်ခနဲ မီးဖွင့်သံနှင့်အတူ မီးရောင် ထိန်လင်းသွားလေသည်။

"နောက်ထပ် မလှုပ်ရှားနဲ့တော့ မင်းအတွက် အခွင့်အရေး မရှိတော့ဘူး"

သူရိန်ထွန်း ငြိမ်နေလိုက်သည်။ လူတစ်ယောက် သူ့အနား ရောက်လာသည်နှင့်...

ဟိတ်ခနဲ အော်ရင်း သူရိန်ထွန်း ခြေတချောင်း ရန်သူ့ထံ ရောက်သွားသည်။ သေနတ်လွင့်သွားသည်။ ရန်သူ သူ့အား စူးဝါးစွာ ကြည့်ပြီး

"မင်း သေဖို့သာပြင်ထား"

နှစ်ယောက်စလုံး လှုပ်ရှားရန်ပြင်လိုက်သည်။ တစ်ယောက်





တစ်ပြန် တိုက်ခိုက်လိုက်ကြသည်။ ရန်သူ့မျက်နှာအား သူရိန်ထွန်း ခြေစောင်း ပိုင်ပိုင်နိုင်နိုင် ထိသွားလေသည်။ ရန်သူ ခုခံနိုင်စွမ်းမရှိ၊ မျက်နှာ တစ်ခုလုံး သွေးများပေကျံကာ လဲကျသွားလေသည်။ သူရိန်ထွန်းလည်း မသက်သာလှပါ။

သူရိန်ထွန်း အခွင့်အရေးကို လက်လွှတ်မခံဘဲ သေနတ်ပြေး ကောက်ကာ ထွက်ပြေးရန် ပြင်လိုက်သည်။

"သူရိန်ထွန်း မင်းကို ဝိုင်းထားပြီးပြီ၊ မပြေးနဲ့"

သူ ပြတင်းနားကပ်ကာ အပြင်သို့ လှမ်းကြည့်လိုက်သည်။ ရန်သူများ အိမ်တစ်အိမ်လုံးကို ဝိုင်းထားလေသည်။ သူ့အတွက် ထွက်ပေါက်မရှိ။ သူ မလှုပ်ရှားရဲပါ။

ရုတ်တရက် သူ့ခေါင်းထဲ အတွေးဝင်လာသည်။ အိမ်နောက်ဘက် လသာဆောင်ကို သတိရသွားလေသည်။

ထိုနေရာ ရောက်လျှင် အောက်တွင် ချောင်းရှိသည်။ ချောင်းကို ဖြတ်ကျော်နိုင်ရန် သူစဉ်းစားလိုက်သည်။

"သူရိန်ထွန်း လက်နက်ချ၊ မချရင် အိမ်ကို မီးရှို့မယ်"

အောက်မှ အသံများ ထွက်လာသည်။ ရက်စက်သော လူများ အိမ်ကို မီးရှို့လိုက်သည်။ မီးအရှိန် ပြင်းစွာ လောင်ကျွမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရိန်ထွန်းအခန်းထဲမှထွက်ပြီး လသာဆောင်သို့ပြေးသည်။

"တိုမှာပေါ့ပစ်…"

"ဒိုင်း…"

"ဝုန်း…"

သူ့ကိုယ်ဆတ်ခနဲဖြစ်ကာ ရေထဲကျသွားလေသည်။

"ထိသွားတယ်ပေါ့ သူသေမှာပဲ"

စကားသံများနှင့်အတူ လက်နှိပ်ဓာတ်မီး တဝင်းဝင်း ဖြင့်

ကျကန်ရစ်သောသွေးစများကိုကြည့်ကာ

"သေနတ်ဒဏ်ရာနဲ့မသေရင် ရေနစ်သေမှာ"

ခေါင်းဆောင်ဖြစ်ဟန်တူဟူထံမှ အသံထွက်လာသည်။

သူတို့မီးရှို့ထားသော အိမ်ကြီးဆီမှ မီးတောက်အားပိုကြီးလာသည်။

၉

တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်နေ့တာ လုပ်ရှားရှန်းကန် နေသော လူသားများအတွက် အနားယူအိပ်စက်ရန် ဖြစ်သည်။ လမ်းမီးရောင်ကတ္တရာလမ်းမကြီးပေါ်တွင် ဝိုးတဝါးလင်းနေ၏။

လမ်းမီးရောင်ရှိသော်လည်း အင်းယားလမ်းတစ်လျှောက် သစ်ပင်ကြီးများကြောင့် အမှောင်ထုသိပ်သည်းနေဆဲဖြစ်သည်။

အမှောင်ထဲမှာ လူသုံးယောက် အင်းယားလမ်းအတွင်း အားကြည့်နေကြသည်။ ထိုသို့ကြည့်နေစဉ် အင်းယားလမ်းအဝိုင်း မောင်းလာသော ဆိုင်ကယ်သံကိုကြားလိုက်ရလျှင် စောင့်ဆိုင်းနေသော လူ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်တစ်ယောက်လက် တစ်ယောက်တို့လိုက်ကြသည်။

ဆိုင်ကယ်မောင်းလာသော လူရွယ်ပခုံးတွင် ကင်မရာတစ်လုံးလွယ်ထားသည်။ စစ်ကျာကင်နှင့်တက်ထရက်ဘောင်းဘီဝတ်ထားပြီး ဓတာဆောင်းဦးထုပ် ဆောင်းထားသည်။ ဖြူဖွေးသော ဇိနှစ်အရောင်က အမှောင်ထဲတွင် ထင်းနေလေသည်။

လူရွယ်မှာအန္တရာယ်ကို မသိဘဲ အေးဆေးပင် မောင်းလာ၍ သီချင်းတအေးအေးနှင့် စောင့်ဆိုင်းနေသော လူသုံးယောက်အနားဆိုင်ကယ်ရောက်လာလေသည်။ လူသုံးယောက် ဆိုင်ကယ်ရှေ့မှ ပိတ်ရပ်လိုက်ကြသည်။ ဆိုင်ကယ် တုံ့ခနဲ ရပ်သွားကာ...

"ဘာလုပ်တာလဲ"

"ဟဲ...ဟဲ..."

လူသုံးယောက်ထံမှ ရယ်သံထွက်လာသည်။ လူရွယ် ထိုလူသုံးယောက်ကို မျက်မှောင်ကြုတ်ကြည့်လိုက်သည်။ အန္တရာယ်ပေးမည့်သူများဖြစ်ကြောင်း သိသွားသည်။

"ခင်ဗျားတို့..."

လူသုံးယောက် လှုပ်ရှားလိုက်သည်။ လူရွယ်နှင့်ဆိုင်ကယ် တခြားစီဖြစ်သွားသည်။ လူရွယ် မြေပြင်ပေါ်လဲကျနေရာမှ လူးလဲထကာ မြေးရန်ပြင်လိုက်၏။ လူသုံးယောက်က လူရွယ်ထက်ပင် လျင်မြန်သည်။ မြေးရန် ပြင်သော လူရွယ်အား ပြင်းထန်သော လက်သီးတစ်ချက်ပေးလိုက် သည်။





လူရွယ် လဲကျသွားလျှင် တစ်ယောက်က လူရွယ်အား ချုပ်ထားပြီး ကျန်နှစ်ယောက်မှာ ကင်မရာနောက်မှ ကလစ်ကိုဆွဲဖွင့်ရန်ပြင်လိုက်သည်။

"မြန်မြန်လုပ်၊ ဖလင်ထုတ်မရရင် ကင်မရာပါယူလာကွာ"

"ဟုတ်တယ်"

လူရွယ် ရုန်းကန်လိုက်သည်။ ကင်မရာကို အလွှတ်မပေးထွက်ပြေးရင်း အော်ဟစ်လိုက်သည်။

"လာကြပါဦး၊ ကျွန်တော့်ကို....."

လူရွယ် အသံရပ်သွားသည်။ လူသုံးယောက် လူရွယ်ပါးစပ်အား ပိတ်လိုက်သည်။ ထိုအချိန်တွင် ကားမီးရောင်တစ်ခု ထိုလူစုပေါ်သို့ဖြာကျလာသည်။ ကား ထိုသူတို့အနီး ရပ်သွားသည်။

"ဒီပွဲက ကြည့်မကောင်းဘူး"

အသံနှင့်အတူ လူတစ်ဦးကားပေါ်မှဆင်းလာသည်။ လူရွယ်သူ့ကင်မရာနှင့်အတူ ကားနားရပ်လိုက်သည်။ လူသုံးယောက် အနက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်ဟန်တူသူထံမှ စကားသံထွက်လာသည်။

"မဆိုင်ရင်ဝင်မရှုပ်နဲ့၊ တမလွန်ရောက်သွားမယ်"

ကားပေါ်မှ ဆင်းလာသူက အေးအေးဆေးဆေးလေသံဖြင့် ပြောလိုက်သည်။

"စိုင်းကျော်စွာရဲ့ဘဝမှာ တမလွန်ရောက်အောင် ပို့မယ့်လူ မရှိသေးဘူး"

"ဒီနေ့တွေ့ရင် ရှိရမှာပေါ့"

ပြောရင်းလက်သီးတစ်လုံးပြေးဝင်လာသည်။ စိုင်းကျော်စွာ နောက်တစ်လှမ်းဆုတ်လိုက်သည်။ ထိုလူ ဟန်ချက်ပျက်သွားချိန်တွင် စိုင်းကျော်စွာ လက်သီးချက် ထိုလူ့ဗိုက်ကိုထိုးလိုက်သည်။ အားခနဲ အော်ကာ လဲကျသွားသည်။ ကျန်နှစ်ယောက် လဲကျသူအားဆွဲထူကာ အသင့်ရပ်ထားသော ကားပေါ်တက်မောင်းထွက်သွား၏။

"ကျေးဇူးတင်ပါတယ်အစ်ကို၊ အချိန်ရရင် ကျွန်တော့်အိမ် လိုက်ခဲ့ပါ"

စိုင်းကျော်စွာ တစ်ချက် စဉ်းစားပြီးခေါင်းညိတ်လိုက်သည်။ လူရွယ် ဝမ်းသာသွားပြီး လဲကျနေသော ဆိုင်ကယ်ကိုစက်နှိုးကာ ရှေ့မှ လမ်းပြလာခဲ့သည်။





အင်းယားလမ်းအတိုင်းမောင်းလာပြီး ညာဘက်သို့ ချိုးကွေ့လိုက်သည်။ စိုင်းကျော်စွာလည်းလူရွယ်နောက်မှ ကားမောင်းလိုက်လာသည်။ မကြာပါ၊ တိုက်ပုလေးတစ်လုံးရှေ့တွင် ဆိုင်ကယ်ရပ်သွားသည်။ နောက်မှစိုင်းကျော်စွာ ကားလည်းရပ်လိုက်သည်။

"ကြွပါ အစ်ကို"

"ကျွန်တော့်နာမည်စိုင်းကျော်စွာပါ"

စိုင်းကျော်စွာ ပြောရင်း တံခါးမှတစ်ဆင့် အိမ်ထဲဝင်လိုက်သည်။ ဆိုဖာဆက်တီတွင် ဝင်ထိုင်လိုက်သည်။ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ စီးကရက် တစ်လိပ်ထုတ်ယူကာ မီးညှိဖွာလိုက်သည်။ အိမ်ကြီးကို တစ်ချက်အကဲခတ်လိုက်သည်။

"သူထိုင်နေသည့် ရှေ့၌ သဘောကြီးတစ်စင်းပုံ ချိတ်ထားသည်။ စားပွဲပေါ်တွင်သဘောပုံဆေးလိပ်ခွက်၊ တစ်ခန်းလုံးပန်းချီကားများ ချိတ်ဆွဲထားသည်။

"စောင့်ရတာကြာသွားတယ်၊ ခွင့်လွှတ်ပါကိုစိုင်းကျော်စွာ"

တောင်းပန်သံနှင့်အတူ အချက်လင်ဗန်းတစ်ဗန်းကိုင်ကာ လူရွယ်ထွက်လာသည်။

"သုံးဆောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကို..."

"ကျွန်တော့်နာမည် ကျော်ကျော်ပါ၊ သခင်သားပါ"

"သိရတာ ဝမ်းသာပါတယ်ဗျာ"

အချိန်တိုတိုအတွင်းမှာပင် ခင်မင်ရင်းနှီးသွားကြသည်။

"စောစောကလူတွေ ကိုကျော်ကျော်ကို ဘာကြောင့် ရန်ရှာကြတာလဲ"

"ကျွန်တော်မသိဘူးဗျ"

"သူတို့ကိုရောသိလား"

ကိုကျော်ကျော် ခေါင်းခါလိုက်သည်။

"ကျွန်တော်က ဓာတ်ပုံရိုက်တာ ဝါသနာပါတယ်၊ ရေလယ်ခေါင်မှာ ရပ်ထားတဲ့ စက်လှေတစ်စီးပေါ်က လူတစ်ယောက်ကို စိတ်ဝင်စားလို့ ရိုက်မိတယ်၊ ဒါနဲ့များ ပတ်သက်နေမလားမသိဘူး၊ သူတို့က ကင်မရာကို အတင်းလုနေတယ်"

"ဒါဆို အဲဒီဖလင် ကျွန်တော့်ကို ပေးပါလား။ ကူးကြည့်ရအောင်"

"ရပါတယ်၊ ခင်ဗျားအသုံးလိုရင် ယူသွား"

ကျော်ကျော် ကင်မရာထဲမှ ဖလင်လိပ်ထုတ်ကာ စိုင်းကျော်စွာအား ပေးလိုက်သည်။

"ကဲ... ကျွန်တော်ပြန်မယ်"

"ဟုတ်ကဲ့၊ လမ်းကြုံရင် ဝင်လာပါ၊ ကျွန်တော် နောက်လမှ သင်္ဘောပြန်ထွက်မှာ"

စိုင်းကျော်စွာ... ကျော်ကျော်အိမ်မှ ကားမောင်းထွက်လာကာ ကျော်ကျော့် အကြောင်း စဉ်းစားလာသည်။ စိုင်းကျော်စွာ အိမ်ရောက် လာသည်၊ သူ့ အိမ်နားကပ်ကာ နားစွင့်လိုက်သည်။ ဘာသံမှ မကြားရပါ။ သူ သော့ဖွင့်ဝင်လိုက်သည်၊

အလုပ်ကိုအကြွေးမထားတတ်သောကြောင့် ဖလင်လိပ်ကို အမှောင်ခန်းထဲဝင်ကာ ကူးလိုက်သည်၊ သို့သော် ဓာတ်ပုံတစ်ပုံမှ ထွက်မလာပါ၊ အလင်းရောင်ဝင်သွားခြင်းကြောင့် ပုံမထင်ပါ၊ စိုင်းကျော်စွာ အလုပ်မရှိသောကြောင့် အိပ်စက်ရန် ပြင်လိုက်၏။

သူနှစ်ခြိုက်စွာ အိပ်ပျော်နေသည်၊

"ကလင်... ကလင်... ကလင်..."

တယ်လီဖုန်း မြည်သံထွက်လာသည်၊ စိုင်းကျော်စွာ နိုးလာပြီး ဖုန်းခွက်ကို ယူ၍ နားထောင်လိုက်သည်၊

"လူလေး စိုင်း..."







www.burmeseclassic.com

www.burmeseclassic.com



အသံသြဇာအပြည့်နှင့် ထွက်လာသည်။

"ဟုတ်ကဲ့ ပြောပါအဘ"

"ဆယ်မိနစ်အတွင်း ငါ့ဆီရောက်အောင်လာခဲ့"

"ဟုတ်ကဲ့"

စိုင်းကျော်စွာ အဝတ်အစားမလဲတော့ဘဲ အပေါ်မှ ဂျာကင်ပါးပါးလေးထပ်ဝတ်လိုက်သည်။ ကားပေါ်အမြန်တက်လိုက်သည်။ သူနာရီကြည့်လိုက်တော့ အချိန် နှစ်နာရီတိတိဖြစ်သည်။ ညအချိန်အသွားအလာရှင်းနေသည်မို့ အပြင်းမောင်းလိုက်သည်။

စိုင်းကျော်စွာ ရုံးခန်းထဲ ဝင်ရောက်လာသည်။ နှစ်နာရီ ရှစ်မိနစ်ရှိပြီဖြစ်၏။ အခန်းတစ်ခုလုံး မီးများ ထိန်လင်းနေသည်။ တိုင်းပြည်၏ဝန်ထမ်း သားသမီးကောင်းများနှေညမဟူ တာဝန်ဝတ္တရားများ ကျေပွန်စွာ ဆောင်ရွက်နေကြသည်။ စိုင်းကျော်စွာ အခန်းတစ်ခုထဲဝင်လိုက်သည်။ စားပွဲကြီးနောက်တွင် အသားအရေဖြူစင်သန့်ပြန့်ပြီး ဆံပင်တိုတိုကို သပ်ရပ်စွာ ဖီးသင်ထားသော လူတစ်ယောက်ထိုင်နေသည်။ စုံထောက်အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ် ဦးသီဟ ဖြစ်၏။

"ထိုင် လူလေး"

"ဟုတ်ကဲ့"





ဦးသီဟ သူ့ရှေ့တွင်ထိုင်နေသော စိုင်းကျော်စွာကို ကြည့်လိုက်သည်။ စားပွဲပေါ်မှ ကြိုးအနီစည်းထားသော ဖိုင်တွဲကိုယူကာ စိုင်းကျော်စွာ ကိုပေးလိုက်သည်

"ထိပ်တန်းလျှို့ဝှက် မဟာရာ"

ဖိုင်တွဲပေါ်မှစာတန်းကိုတွေ့သည်နှင့် စိုင်းကျော်စွာ မျက်လုံးပြူးကျယ်သွားသည်။ အရေးကြီးသော အန္တရာယ်ကို ဖြေရှင်းရပေတော့မည်။

"လူလေး"

"ပြောပါ အဘ"

"အခုကိစ္စ အလွန်အရေးကြီးတယ်၊ ကြောက်စရာလည်းကောင်းတယ်၊ သတိထားဆောင်ရွက်ရှိပါ လူလေး"

စိုင်းကျော်စွာ ရင်ထဲတွင် ယခုကိစ္စ မသေးကြောင်း သိလိုက်သည်။

"ဟုတ်ကဲ့အဘ... စိတ်ချပါ"

"တို့တစ်တွေ ရက်စက်ကြမ်းကြုတ်တဲ့အဖွဲ့အစည်းတစ်ခုနဲ့ ဆိုင်ရမယ်၊ လွန်ခဲ့တဲ့နှစ်ရက်က မြိုင်သာယာတောထဲမှာ ဒဏ်ရာနဲ့ သေနေတဲ့ လူတစ်ယောက်တွေ့ရတယ်၊ မြို့အစွန်က အိမ်အိုကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး မီးလောင်ပျက်စီးသွားတယ်ဗိုင်း"

တစ်ခုနှင့်တစ်ခုအဆက်အစပ်မရှိသော်လည်းဆက်နွယ်နေသည်မို့ ဦးသီဟစကားကို နားစွင့်လိုက်သည်။

"အဲဒီနှစ်ခုက အဖွဲ့အစည်း တစ်ခုခုရဲ့ လက်ချက်ဖြစ်မယ်၊ သူတို့ထဲက လူတစ်ယောက်ထွက်ပြေးလာတာဖြစ်မယ်၊ ဘယ်သူဆိုတာ သေချာမသိဘူး၊ သူ့မှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ပါလာနိုင်တယ်၊ သူ့ကိုတွေ့အောင်ရှာပါ၊ ကာကွယ်ပြီးဒီကိုခေါ်လာပါ လူလေးသဘောပေါက်လား"

"အဲဒီလူနဲ့ပတ်သက်လို့"

"မြို့ငသာယာတောထဲမှာ တွေ့ရတဲ့လူ မသေခင်က စကားတစ်ခွန်းပြောသွားတယ် သူရိန်ထွန်း၊ သူက မီးလောင်သွားတဲ့ အိမ်အိုကြီးပိုင်ရှင် ဦးသူရိန်ရဲ့သားဖြစ်နိုင်စရာရှိတယ်"

"ဟုတ်ကဲ့အဘ"

ဗိုင်းကျော်စွာ နားလည်သဘောပေါက်ကြောင်း အဖြေပေးလိုက်သည်။

"အေး ခုချိန်ကစပြီး မင်းရဲ့ကိုယ်ရေးကိုယ်တာ တာဝန်တွေဆောင်ရွက်စရာတာဝန်တွေကို ရပ်ဆိုင်းလိုက်၊ ဒီမဟာရာကိစ္စကို





အကောင်အထည်ဖော်တော့ကြားလား"

"ဟုတ်ကဲ့"

ဦးသီဟ သူပြောစရာ စကားကုန်သွားပြီဖြစ်၍ ဆေးပြင်းလိပ်ကြီးအား မီးညှိကာ ဖွာနေလေသည်။ ဗိုင်းကျော်စွာ ဗိုင်းကို သေချာစွာ ဝတ်သည်။ အချိန် တစ်နာရီကြာသောအခါအကြောင်းအရာများ ကုန်သွားလေသည်။

ဗိုင်းကျော်စွာ… ဦးသီဟအခန်းထဲမှ ထွက်လာသည်၊ ကားမောင်းထွက်လာရင်း တစ်လမ်းလုံး စဉ်းစားလာလေသည်။ အရေးကြီးသော ကိစ္စ၊ တိုင်းပြည်အတွက် အချိန်မီသိရမှ ဖြစ်မယ့် ဒစရိုက်သားတောင်တို့နှင့် ရင်ဆိုင်ဖြေရှင်းရမည်ကို ခေါင်းထဲစွဲလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယော်ရှုယ်နနယ်လှပသော မိန်းမပျိုလေး မောင်းလာသော ကားစေတ်မီလှပသော တိုက်ရှေ့တွင် ရပ်သွားလေသည်။ မိန်းကလေး သော်ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

တိုက်ရှေ့တွင်ရပ်နေသော လူတစ်သိုက် မိန်းမပျိုလေးအား ကို ရှုစားလိုက်သည်။ ထိုလူအုပ်ကြားထဲမှ အသံတစ်သံထွက်လာ သည်။ မိန်းကလေး ဆတ်ခနဲ ခေါင်းခါလိုက်သည်။

"ဘာပြောတာလဲ"

ရယ်မောနေသူများအသံခေတ္တတိတ်သွားပြီးနောက်...

"ဟား...ဟား...ဟား..."





"ဟား...ဟား...ဟား..."

တစ်ပြိုင်နက် ရယ်သံထွက်လာပြန်သည်။ မိန်းမပျိုလေး ဒေါသထွက်သွားသည်။ တစ်ပြိုင်နက် လှုပ်ရှားလိုက်သည်။ ရပ်နေ သော လူရှုယ်များအုံသြကာ ကြောင်သွားကြသည်။

"ယမင်း...မလုပ်နဲ့"

တိုက်ပေါက်ဝမှ ဟန့်တားသံထွက်လာ၏။

"တောင်းပန်ပါတယ်...ယမင်းသူ၊ သူတို့က စတတ်တယ်"

ယမင်း ဘာမှပြန်မပြောပါ။ စိုင်းဝဏ္ဏရှိရာသို့ လျှောက်သွား လိုက်သည်။

"ထိုင်ပါ ယမင်း"

ယမင်း စလင်းဘက်ထဲမှ စာတစ်စောင်ထုတ်ကာ စိုင်းဝဏ္ဏ အား ပေးလိုက်သည်။ စိုင်းဝဏ္ဏ စာကိုယူပြီး အခန်းထဲဝင်သွားလိုက် သည်။ မကြာပါ အရေးတကြီးပုံစံဖြင့် ပြန်ထွက်လာပြီး

"ကျွန်တော်တို့ သွားကြရအောင်"

"ဟုတ်ကဲ့"

နစ်ယောက်သား ရပ်ထားသော ကားပေါ်တက်လိုက်ကြ သည်။ ကားမောင်းသူ အသင့် နောက်မှ လူနစ်ယောက် တက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်လူများနောက်ကားတစ်စီးပေါ်တက်လိုက်ကြသည်။

စိုင်းဝဏ္ဏကားပေါ်တွင် ယမင်းအား အကဲခတ်ကြည့်နေသည်။ ယမင်းမသိဟန်ဆောင်ကာထိုင်နေသည်။ ယမင်း...စိုင်းဝဏ္ဏအကြောင်းမသိ၊ သူ့အစိမ်းများသယ်သော မှောင်ခိုမယ်တစ်ယောက်ဖြစ်သည်။ သစ္စာရှိသည်၊ သတ္တိရှိသည်၊ ကိုယ်ခံပညာကောင်းသည်ကြောင့် စိုင်းဝဏ္ဏ ခေါ်ထားခြင်းဖြစ်သည်။

"ရှေ့ရောက်ရင် ညာဘက်ချိုး"

အမိန့်အတိုင်း ကားလေး ညာဘက်သို့ချိုးကွေ့လိုက်သည်။ ကားပေါ်မှအကုန်ဆင်းလိုက်သည်။

"ဒီမှာ နှစ်ယောက်စောင့်၊ ကျန်တဲ့လူတွေလိုက်ခဲ့"

စကားအဆုံး စိုင်းဝဏ္ဏ ရှေ့မှထွက်သွားသည်။ ယမင်းတို့နောက်မှလိုက်လာကြသည်။ နာရီဝက်ခန့်လျှောက်မိသောအခါ ကြီးမားသောညောင်ပင်ကြီးတစ်ပင်ကိုတွေ့ရသည်။ ညောင်ပင်အောက်တွင် လူနှစ်ယောက် အသင့်စောင့်နေသည်။

"ဘာပါလဲ"

"ပျံလွှား"

"ဘယ်နှစ်ရှပ်လဲ"





"နှစ်ရှပ်"

"ဘယ်လောက်လဲ"

"ငါး"

"ဝင်ခဲ့"

စိုင်းဝဏ္ဏ အနက်ရောင်ဘူးပြားကလေးကိုင်ကာ ဝင်သွားသည်။ တဘက်လူလက်ထဲတွင် အတက်ချိုကေ့(စ်)အနက်ပေးလိုက်သည်။ ပစ္စည်းချင်းလဲပြီးသွားပြီဖြစ်သည်။

စိုင်းဝဏ္ဏ အလုပ်ပြီးသွားခြင်းဖြစ်သည်။ ထိုစဉ် တံခါးခေါက်သံထွက်လာသည်။

"ဝင်ခဲ့"

အခန်းတွင်းသို့ လူသုံးယောက်ဝင်လာသည်။ သူတို့ကိုယ်တွင် ဒဏ်ရာဒဏ်ချက်များ အထင်းသားပေါ်နေသည်။

"ရခဲ့လား"

"မရခဲ့ပါဘူး ဆရာ"

"ဘာ..."

စိုင်းဝဏ္ဏ အသံဟိန်းထွက်လာသည်။

"အသုံးမကျတဲ့ကောင်တွေ၊ ဒါလေးတောင်မရခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကြိုးစားပါတယ်၊ လူတစ်ယောက် ဝင်ရှုပ်လို့ပါ"

"မင်းတို့ဘာကြောင့် အချိန်မီ သတင်းမပို့လဲ"

"ပို့ပါတယ်… ဆရာ အပြင်သွားနေလို့ပါ"

"မင်းတို့သူတို့အိမ်တွေ သိခဲ့လား"

"ဟုတ်ကဲ့၊ နှစ်ယောက်စလုံးအိမ်တွေ သိခဲ့ပါတယ်"

"ကောင်းပြီ၊ မင်းတို့ပြန်၊ တစ်ယောက်နေခဲ့"

"ဟုတ်ကဲ့"

ကျန်ခဲ့သောတစ်ယောက်မှာ ကြောက်လန့်နေသည်။

"ဟေ့… ယမင်းနဲ့အောင်မြိုင်ကို လွှတ်လိုက်စမ်း"

"ဟုတ်တဲ့"

မကြာမီ သူ့ရှေ့သို့လူနှစ်ယောက်ရောက်လာလေသည်။

"အလုပ်ရှိတယ်"

"ပြောပါ"

"လူတစ်ယောက် ကင်မရာထဲက ဖလင်တစ်ခု ယူဖို့ သိပ်အရေးကြီးတယ်၊ ယူလာလို့မဖြစ်ရင် ဖျက်ခဲ့ကြားလား"

"ဟုတ်ကဲ့"





"အဲဒီလူက သဘော်သား၊ နံမည်က ကျော်ကျော်တဲ့၊ ဒီကိစ္စ အောင်မြင်အောင်လုပ်၊ ဘာမှမကြားချင်ဘူး၊ နောက်နေ့မကူးခင် အဖြေသိချင်တယ်"

"ဟုတ်ကဲ့"

ယမင်းတို့သုံးယောက် အပြင်သို့ထွက်လာကြသည်။

အပြင်မှ ပြန်လာသော ကျော်ကျော် အိမ်တံခါးဖွင့်လိုက်သည်။ အိမ်အတွင်းမှ စကားသံထွက်လာသည်။

"ဝင်ခဲ့ပါ"

လူတစ်ယောက် သေနတ်ဖြင့် ချိန်ကာကြိုဆိုလိုက်သည်။ ကျော်ကျော် မရှောင်သာတော့ပါ။ သတိမထားဘဲ လောမိခြင်းသည် သူ့အမှားဖြစ်သည်။ ထိုလူထဲမှ တစ်ယောက်ကို သူမှတ်မိလိုက်သည်။

"ဘာကိစ္စလဲ"

ကျော်ကျော် မကျေနပ်သံဖြင့်မေးလိုက်သည်။

"မင်းကင်မရာထဲက ဖလင်လိပ်ယူမလို့"

"ဗျာ"

"မင်းနားမလည်ဘူးလား"

"ကျွန်တော့်ကင်မရာထဲမှာ ဖလင်လိပ်မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"တကယ်မရှိတာပါ"

"ကျုပ်တို့ကို တစ်ပတ်ရိုက်မယ်မကြံနဲ့"

ကျော်ကျော်က အိမ်ပွနေသည်ကို တွေ့ရသောကြောင့် ဒေါသထွက်သွားသည်။

"ခင်ဗျားတို့ ဒီလောက်ရှာထားတာ မရှိလို့မတွေ့တာပေါ့"

"ဘယ်ရောက်သွားလဲ"

"စိုင်းကျော်စွာ ယူသွားတယ်"

"ဒုတ်..."

ကျော်ကျော် မျက်လုံးပြူးဝေကာ ကြမ်းပေါ်လဲကျသွားသည်။

"စိုင်းကျော်စွာဆီ သွားကြမယ်ဟေ့"

ဝင်လာကြသူများ ကျော်ကျော်ကိုယ်ပေါ်မှ ဖြတ်ကာ အသီးသီးထွက်သွားကြလေသည်။



စိုင်းကျော်စွာ အိပ်ပျော်နေရင်း တံခါးဖွင့်သံတိုးတိုးလေးကြောင့် ဖျတ်ခနဲ နိုးသွားသည်။ သူ ခေါင်းအုံးအောက်ကို လက်နှိုက်လိုက်သည်။ ခုတင်ပေါ်မှ အသံမကြားအောင် ဆင်းကာ အခန်းဝေါက်ဝတွင် ရပ်လိုက်သည်။ ခြေသံမှာသူ့အိပ်ခန်းရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာနေသည်ကို ကြားရ၏။

ဝင်လာသောရန်သူကို အထင်သေး၍မရ။ ခြေသံ သူ့အခန်းဝတွင် ရပ်သွားသည်။ စိုင်းကျော်စွာ အသက်အောင့်ကာ ရပ်နေလိုက်သည်။ ရုတ်တရက် မီးလင်းလာသည်။ အခန်းထဲမှလူ လှုပ်ရှားဟန်ပြင်လိုက်သည်။

"တစ်ယောက်မှ မလှုပ်နဲ့"

စိုင်းကျော်စွာ အသံမာမာဖြင့်ပြောလိုက်သည်။ ရန်သူ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် လှစ်ရှားလိုက်သည်။ စိုင်းကျော်စွာ သေနတ်တစ်ချက်ပစ်လိုက်သည်။

"ဘယ်သူလှစ်ရှားဦးမလဲ၊ မင်းတို့လက်နက်တွေ ခုတင် ပေါ်တင်လိုက်"

ရန်သူသည် မိမိတွင်ပါလာသော လက်နက်ထုတ်ကာ ခုတင်ပေါ်တင်လိုက်သည်။

"ထိုင်..."

စိုင်းကျော်စွာ သေနတ်ဖြင့်ချိန်ထားပြီး

"ဘာကိစ္စကြောင့် လာတာလဲ"

"ပစ္စည်းလာရှာတာ"

"ဘာပစ္စည်းလဲ"

"ကိုကျော်ကျော်ဆီက ဖလင်လိပ်ပါ"

စိုင်းကျော်စွာ.. ကျော်ကျော့်ဖလင်လိပ်ကလေးကို သတိရလိုက်သည်။ သူ့နောက်ကို လိုက်လာသဖြင့် ထိုဖလင်လိပ်ကလေး အရေးပါကြောင်းသိသည်။ သို့သော် ဖလင် လိပ် ပျက်စီးသွားပြီဖြစ်သည်။

"ဖလင်လိပ်က ဘာအရေးကြီးလို့လဲ"





"မသိပါဘူး။ ယူခိုင်းလို့ပါ"

"ဘယ်သူ ခိုင်းတာလဲ"

"စိုင်း..."

"ဒိုင်း.... အား..."

သေနတ်သံထွက်လာပြီး အခန်းထဲဝင်လာသူ လဲကျသွားလေသည်။ စိုင်းကျော်စွာ အပြင်သို့ပြေးထွက်လိုက်သည်။ သူ့ဖဘားသို့ ရန်သူတစ်ယောက် ရောက်လာသည်။ စိုင်းကျော်စွာ မရှောင်သာပါ။ အရဲစွန့်ပြီး ရန်သူ့နံကြားသို့ လက်ခေါက်ချွန်ထိုးထည့်လိုက်သည်။

မှောင်ထဲမှ ရန်သူ ယိုင်သွားသည်။

"ဒုတ်"

စိုင်းကျော်စွာ ပွဲသိမ်းရန် ပြင်လိုက်စဉ် သူ့ဦးခေါင်း ပူခနဲဖြစ်သွားပြီး လဲကျသွားလေသည်။ ရန်သူ သူ့အဖော်ကိုဆွဲကာ ကားမောင်းထွက်သွားသည်။ စိုင်းကျော်စွာ မတ်တတ်ရပ်ရန် ကြိုးစားပြီး အထဲဝင်လာသည်။ သူ့ခေါင်းမှ သွေးများစီးကျလာလေသည်။

အခန်းထဲမှာ သေနတ်ဒဏ်ရာနဲ့လူထံမှ ညည်းညူသံထွက်လာသည်။

"ရေတိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဘယ်သူခိုင်းတာလဲ"

"ရေပေးပါ"

"ရေပေးမယ်၊ ဘယ်သူလဲပြောပါ"

"စိုင်းဝဏ္ဏ"

စိုင်းကျော်စွာ ထိုလူကို ပွေ့ကာ ရေတိုက်လိုက်သည်။ ရေ မသောက်နိုင်ပါ။ ခေါင်းဝိုက်စိုက်ကျကာ ငြိမ်သက်သွားလေသည်။

မိုးပြာဟိုတယ် နာမည်ကျော်ကြားသည်၊ စားသောက်ဖွယ်ရာများ စုံလင်သည်၊ သုံးဆောင်ချင်သူများ နားအေးပါးအေးရှိသည်၊ သန့်ရှင်းသပ်ရပ်သော အခန်းတွေရှိသည်၊ ဈေးကြီးသည်။

နှစ်ဆယ့်လေးနာရီစလုံးဖွင့်ထားသည်။ ကြိုက်သည့်အချိန်တွင် အစားအစာများရနိုင်သည်၊ ဟိုတယ်ပိုင်ရှင် စိုင်းဝဏ္ဏဖြစ်သည်။

စိုင်းကျော်စွာ ဟိုတယ်အတွင်း ဝင်လာခဲ့သည်။ စိုင်းကျော်စွာ အပျံစား ဝတ်စားလာသည်။ ပြောင်းလဲလာသည်၊ စိုင်းကျော်စွာ မှန်း မသိရပါ။ စပို့ရှပ်အနီ၊ ဂျင်းကျာကင်၊ ရောင်မျက်မှန်၊ ရှည်လျားသော ဆံပင်ရှည်နှင့် ပေါ်မီလူရှယ်တစ်ဦးပုံ ဖမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုးတစ်ယောက် မီနူးကတ်ပေးကာ ရပ်နေလိုက်သည်။

"ငါဘာမှ မစားဘူး။ စိုင်းဝဏ္ဏနဲ့တွေ့ချင်လို့၊ သူရှိလား"

သူ စိုင်းဝဏ္ဏရှိချိန် ဝင်လာခြင်းဖြစ်၍ တမင်မေးလိုက်သည်။

"ရှိပါတယ်၊ ဘယ်သူလို့ပြောရမလဲ"

"ကျေးဇူးတင်တယ်၊ အခန်းသာပြပါ"

"ဒုတိယထပ်၊ ဘယ်ဘက်အစွန်ဆုံးအခန်းပါ"

စားပွဲထိုး စကားအဆုံး စိုင်းကျော်စွာ အပေါ်ထပ်တက်လာသည်။ အခန်းများစွာဖြတ်ပြီး အစွန်ဆုံးအခန်းသို့ ရောက်လာသည်။ အခန်းပေါက်ဝတွင် လူနှစ်ယောက် ထိုင်နေသည်။ စိုင်းကျော်စွာ အခန်းပေါက်ဝတွင် ရပ်လိုက်သည်။

"ဟေ့လူ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ရပ်နေသူနှစ်ယောက်အနက် တစ်ယောက်ထံမှ လှမ်းမေးသံ ထွက်လာသည်။

"မေးနေတာဖြေလေ"

စိုင်းကျော်စွာ လှုပ်ရှားလိုက်သည်။ လူနှစ်ယောက်စလုံး ငြိမ်သွားသည်။ သူ အခန်းထဲဝင်လိုက်သည်။ အခန်းမှာ အလွန်ပင် သားနား





သည်။ ခေတ်မီသည်။ အခန်းအလယ် ကျွန်းစားပွဲကြီးနောက်တွင် လူတစ်ယောက်ထိုင်နေသည်။

"အပြင်လူ မဝင်ရဘူးဆိုတာ မသိဘူးလား"

"ဟုတ်ကဲ့"

"မြမောင်... ဟေ့... မြမောင်"

"ခင်ဗျားလူတွေ မခေါ်နဲ့တော့၊ အိပ် နေကြပြီ၊ ကျုပ် စကားပြောချင်လို့လာတာ"

စိုင်းကျော်စွာ စကားစလိုက်သည်။ စိုင်းဝဏ္ဏ ရူးရူးဝါးဝါး ကြည့်လိုက်သည်။

"ကျုပ်ဆီမှာ ကျော်ကျော့်ဆီက ရထားတဲ့ ဖလင်လိပ်ရှိတယ်"

"ဘာ... ဖလင်လိပ်ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါကို ကျုပ်က ဘာလုပ်ရမှာလဲ"

"ဟန်မဆောင်နဲ့ စိုင်းဝဏ္ဏ၊ ဒါမျိုး ကျုပ်ကိုလုပ်လို့မရဘူး။ ဒီဖလင်လိပ်သာ သက်ဆိုင်ရာကို အပ်လိုက်ရင်..."

စိုင်းကျော်စွာ စကားမဆက်သေးပါ။ စိုင်းဝဏ္ဏ မျက်နှာပြင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြောက်ရွံ့မှုတွေ ပေါ်လာသည်။ ဒေါ်သဲပုံလာသည်။

"ဒီဖလင်လိပ် ကျုပ်ကိုပေးပါ၊ ခင်ဗျားလိုချင်သလောက် ပေးပါမယ်"

"ဒီလိုမရဘူး၊ ကျုပ်သိချင်တာပြောရင် အလကားပေးလိုက်မယ် ဟုတ်လား"

ရုတ်တရက် မထင်မှတ်သော စကားကြောင့် စိုင်းဝဏ္ဏ မျက်နှာ ဝင်းထိန်သွားသည်။ စိုင်းကျော်စွာ ပြောင်းလဲသွားသော စိုင်းဝဏ္ဏမျက်နှာကို ကြည့်လိုက်သည်။

"သူရိန်ထွန်းကို သိလား"

"ဗျာ..."

"သူရိန်ထွန်းကို သိလားလို့မေးတာ"

မမျှော်လင့်သော အမေးကြောင့် စိုင်းဝဏ္ဏ အဖြေရခက်သွားသည်။

"ခင်ဗျားဖြေရင် ဖလင်လိပ်ရမယ်၊ မဖြေရင်တော့ ဆောရီးပဲ"

စိုင်းကျော်စွာ... သူ့မျက်နှာကို စူးရှစွာကြည့်ပြီးပြောလိုက်ရာ စိုင်းဝဏ္ဏ စိတ်မသက်မသာဖြစ်သွားသည်။

"ကျုပ် သွားတော့မယ်၊ ခင်ဗျားစဉ်းစား၊ ပင်ဗျားဆီက အဖြေ





ရတာနဲ့ ဖလင်လိပ်ပေးမယ်၊ ကျုပ်လမ်းကို တားဖို့မကြိုးစားနဲ့၊ ဖလင်လိပ်လုယူဖို့လည်း မကြိုးစားနဲ့ ဟုတ်လား"

ပြောပြီး ပြန်ထွက်လာသည်။ အပေါက်ဝမှ လူ ဒိပ်ဖျော်နေဆဲပင်ရှိသည်။

"အင့်.."

မိန်းကလေးတစ်ဦးနှင့် သူတိုက်မိသွားလေသည်။ မိန်းကလေးမှာ အလွန်ပင်လှပချောမောသူလေးဖြစ်သည်။

"ရှင် လူတစ်ယောက်လုံး မမြင်ဘူးလား"

စိုင်းကျော်စွာ ဘာမှမပြော၊ လွင့်စဉ်ကျသွားသော မိန်းကလေး ပစ္စည်းများကို ကောက်ပေးလိုက်သည်။ သူ အောက်ထပ် ဆင်းလာခဲ့သည်။ စားပွဲထိုးလေးသူ့ကို လှမ်းနှုတ်ဆက်လိုက်သည်။

"တွေ့ခဲ့လားဆရာ"

"အေး...တွေ့ခဲ့တယ်၊ ကျေးဇူးပဲကွာ၊ ဒါနဲ့..."

"ပြောပါဆရာ"

"စောစောက အပြာဝမ်းဆက်နဲ့ မိန်းကလေးကိုသိလား"

"ဆရာ့တပည့် ယမင်းပါဆရာ"

စိုင်းကျော်စွာ အိတ်ထဲမှ ငါးရာတန်တစ်ရွက်ထုတ်ကာ ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သူက ဘာလဲညီလေး"

"သူက ဆရာ့တပည့်၊ ဒါပေမယ့် ဒီအမျိုးသမီးကို လုပ်ငန်းသဘောအရ ဆက်ဆံနေတာ၊ ဆရာစိုင်းဝဏ္ဏကတော့ တစ်နေ့ သူ့စီမံကိန်းအောင်မြင်မယ်လို့ စိတ်ကူးယဉ်နေတာ"

"သူက ဒီဟိုတယ်မှာနေလား"

"မဟုတ်ဘူး၊ သူ့အိမ်က အမှတ် ( × × × ) ကန်ရိပ်သာမှာနေတာ"

စိုင်းကျော်စွာ ... မိုးပြာဟိုတယ်မှ ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး သူရိန်ထွန်း ... ယမင်း... နာမည်များ သူ့ခေါင်းထဲ စွဲလာလေသည်။

သူ့အတွေးထဲ သူ့ချစ်သူ ဖြူဖြူကိုလည်း မြင်ယောင်လာသည်။ ဖြူဖြူမှာ ကွယ်လွန်သွားပြီဖြစ်သည်၊ တာဝန်ဝတ္တရားများများပြားလှသော ကြောင့် ချစ်သူကိုပင် စွဲစွဲလမ်းလမ်းမလွမ်းအားပါ။



မြန်မာပြည်မြောက်ဖျား တစ်နေရာတွင် ကြီးကျယ်ခမ်းနားသော အဆောက်အဦကြီး တောင်ပေါ်ရေတံခွန်အောက်တွင် လျှို့ဝှက်စွာ တည်ဆောက်ထားသည်။ ထို အစောင့်နှစ်ယောက်ကို အပြင်မှ မမြင် နိုင်ပါ။ သူတို့ ရေထုကို ခွဲကာ အပြင်သို့ မြင်နိုင်ရန် ရေလွှာပေါက် မျက်မှန် များတပ်ဆင်ထားသည်။

အတွင်းတွင် ဆက်သွယ်ရေး အခန်းနှင့် အခန်းများစွာ တည်ဆောက်ထားသည်၊ ထိုအဆောက်အဦပိုင်ရှင်မှာ ဦးဇေယျာဝင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူ မှောင်နိုအဖွဲ့ကို ဦးဆောင်ကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည်။ ကမ္ဘာ့ဒုစရိုက်အဖွဲ့အစည်း အကူအညီကို ရရှိသည်။ သူ့မျက်နှာအစစ်ကို မြင်ဖူးသူ မရှိ။

ဦးဇေယျ အခန်းကျယ်ကြီး၏ စားပွဲဝိုင်းအလယ်တွင် ထိုင်နေသည်။

"ဆရာကြီး... ဝင်းလှိုင်ရောက်လာပါပြီ"

"လွှတ်လိုက်"

"ပြော.."

"ပုံလွှားကိစ္စ မအောင်မြင်ခဲ့ပါဘူး"

"ဘာ..."

ဦးဇေယျ မျက်ခုံးတစ်ဖက် မြင့်သွားသည်။ သူ့ကိုယ်ကိုရ...ကိုင်းကာ စားပွဲပေါ် လက်ထောက်လိုက်ပြီး

"ပြန်ပြောစမ်း"

"ပုံလွှားကိစ္စ မအောင်မြင်ခဲ့ပါဘူး"

"ဘယ်သူ့တာဝန်လဲ"

"အမှတ်သုံး"

"သူရောက်ပြီလား"





"ဟုတ်ကဲ့"

"ခေါ်လိုက်.."

ချက်ချင်း အမှတ်သုံးဆိုသူ အခန်းထဲဝင်လာသည်။ ထိုသူ့ပုံမှာ ကြောက်လန့်တကြားဖြစ်နေသည်။

"အမှတ်သုံး"

"ဟုတ်ကဲ့...ဆရာကြီး"

"မင်းကိစ္စ အောင်မြင်သလား"

"မအောင်မြင်ပါဘူး"

"ဒါဆို ဘယ်လိုအပြစ်မျိုးပေးလဲဆိုတာ သိတယ်မဟုတ်လား"

"ကျွန်တော် ရှင်းပြပါရစေ ဆရာကြီး"

"တိတ်စမ်း"

ဦးဇေယျ သူ့ဘေးမှ လက်နက်ကိုင်တစ်ယောက်အား မျက်ခြည်ပြလိုက်သည်။

"ဒုတ်.."

အမှတ်သုံးလဲကျသွားသည်။ လက်နက်ကိုင်နှစ်ယောက် သူ့အား ဆွဲခေါ်သွားလေသည်။ ထိုအချိန်တွင် စပီကာမှ အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"လူစုံပြီ ဆရာကြီး"

"အေး... လာခဲ့မယ်"

စကားပြောခွက်ကို ဝိတ်လိုက်သည်။ သူ့အခန်းပြင်သို့ထွက်လိုက်သည်။ အခန်းတစ်ခုထဲ ဝင်လိုက်သည်။ ထိုင်နေသူအားလုံး မတ်တတ်ရပ်လိုက်ကြသည်။ သူစားပွဲနောက် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"လူကြီးမင်းတို့ကို ခေါ်လိုက်ရတာ အရေးကြီးကိစ္စပေါ်လာလို့ပါ"

အားလုံး နားစွင့်နေကြသည်။

"ကျုပ်တို့အဖွဲ့အစည်းရဲ့လျှို့ဝှက်နာမည်စာရင်း အဖွဲ့ကထွက်ပြေးလွတ်မြောက်သွားတဲ့ သူရိန်ထွန်း အမှတ်လေး လက်ထဲပါသွားတယ်၊ သူရိန်ထွန်း အရေးကြီးသလို၊ မြိုင်သာအိမ်က စာရင်းစာအုပ်ကလေးကလည်းအရေးကြီးတယ်၊ ကျုပ်လူလွှတ်ပြီးနိုင်းပေမဲ့ ခြေရာခံမရဘူး၊ ဒီပြဿနာဟာ ၁အလွန်အရေးကြီးတယ်ဆိုတာ အားလုံးသဘောပေါက်ကြပါလိမ့်မယ်"

"ဒါကြောင့် ကျုပ်တို့ သူရိန်ထွန်းကို ခြေရာခံရမယ်၊ တွေ့တဲ့





လူကိုလည်း ဆုငွေပေးဖို့စီစဉ်ထားပါတယ်၊ ကျုပ်တို့ပျံလွှားစီမံကိန်းကို အောင်မြင်အောင်ဆောင်ရွက်ကြပါ၊ အသက်သေဆုံးသွားရင် ကျန်ရစ်သူမိသားစုကို ထောက်ပံ့ပါမယ်"

"ရဲအောင်၊ နိုင်ဝင်း၊ အောင်ဘ"

ဦးဇေယျ ထိုင်ခုံမှ ထရပ်သော လူသုံးယောက်ကို ခေါ်လိုက်သည်။

"မင်းတို့သုံးယောက် အထူးတာဝန်ပေးစရာရှိတယ်၊ အခုသွတ်လွတ်လပ်လပ်စားသောက်ကြ"

"ပျံလွှားစီမံကိန်း အောင်မြင်ရမည်"

ဖန်ကလပ်နှင့်ထည့်ထားသော အရက်ခွက် လူတိုင်းလက်ထဲရောက်သွားသည်။ လူနှစ်ယောက် အရက်ခွက်များ လိုက်လံပေးနေသည်။ စီမံကိန်းအောင်မြင်ရေးအတွက် ဆုတောင်းကာ အရက်သောက်နေကြလေသည်။

"ဒီသုံးယောက်ကို အဖွဲ့က ကျေနပ်သဘောကျပြီလို့ ကျုပ်ထင်တယ်"

"ဟုတ်ကဲ့"

"ကဲ... အားလုံး စားသောက်နိုင်ကြပါပြီ၊ ပျံလွှားစီမံကိန်း

www.burmeseclassic.com



အောင်မြင်ဖို့လည်း ကြိုးစားကြပါ”

“ပုံလွှားစီမံကိန်း အောင်မြင်ရမည်”

ဆုတောင်းသံများ တညီတညာတည်း ပေါ်လာပြန်သည်။

## ရွှေပန်းမြိုင်ဘုရားပွဲတော်

လူတွေစည်ကားလွန်းသည်။ ပျားပန်းခပ်မျှ လူပ်ရှားသွားလာနေကြသည်။ တစ်နှစ်တစ်ခါ ပြုလုပ်သော ဘုရားပွဲမို့ အားခဲလာကြသည်။ ခြေလျှင်တစ်မျိုး၊ ကားနင့်တစ်ဖုံ၊ နွားလှည်းစသည်တို့ကိုတွေ့ရသည်။

ဈေးဆိုင်များကိုလည်း တွေ့ရသည်။ ပစ္စည်းများ စုံလင်သည်။ မီးဖိုချောင်သုံးပစ္စည်းများမှ မွေ့ရာနုတင်အထိ အပြည့်အစုံ ရောင်းချနေကြသည့် ဆိုင်တန်းများ တမျှော်တခေါ်ပင်။

ပွဲတော်ရက်မို့ ဆီမီးကပ်သူ၊ ရေလှူသူ၊ ပန်းလှူသူ လူတွေဘုရားကုန်းတော်ပေါ်တွင်ပြည့်နေကြလေသည်။ လမ်းသလားနေ



www.burmeseclassic.com

www.burmeseclassic.com



သောလူရှယ်လူငယ်တစ်သုတ်ပြီးတစ်သုတ် ရှိနေကြသည်။

ဘာသာရေး ကိုင်းရှိုင်းသော မြန်မာလူမျိုးတွေ ဘုရားကုန်းတော်ပေါ်တွင် စိတ်အနှောင့်အယှက်ဖြစ်စရာမတွေ့ရပါချေ။

စိုင်းကျော်စွာ ဘုရားပန်းဝယ်ကာ ရင်ပြင်တော်သို့ တက်လာသည်။ တနလ်ာထောင့် ရောက်သောအခါ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ လူတစ်ယောက် သူလှမ်းအကြည့်တွင် ဆောင်းထားသောဦးထုပ်ကို ဆွဲချလိုက်သည်။

စိုင်းကျော်စွာ ဘုရားဝတ်မပြုသေးဘဲ ထိုလူ ထွက်သွားသောနေရာကို ကြည့်လိုက်သည်။ သူ့စိတ်ထဲ လှုပ်ရှားကာ လိုက်သွားလေသည်။ စိုင်းကျော်စွာ ရှုပ်ထွေးသော လူအုပ်ကြားမှ ထိုလူကို မျက်ခြည်မပြတ်စေရန် ကြည့်နေရသည်။ သူဆောင်းထားသော ဦးထုပ်ကြောင့် ထင်ရှားစွာတွေ့နေရသည်။

ရှေ့မှ သွားနေသူ ဘုရားဝင်းအပြင်သို့ အုတ်တံတိုင်းကို ခုန်ထွက်သွားသည်။ စိုင်းကျော်စွာလည်း ခုန်ထွက်လိုက်သည်။ နှစ်ယောက်သား ဆုံမိကြလေသည်။ စိုင်းကျော်စွာ ဦးထုပ်နှင့် လူထံ ခုန်ဝင်လိုက်သည်။ တစ်ဖက်လူမှ ရှောင်တိမ်းပြီး စိုင်းကျော်စွာကို လက်ပင့်ရိုက်လိုက်သည်။





နှစ်ဦးသား အသေအလဲ သတ်ပုတ်ကြသည်။ မကြာပါ။ ထိုလူ လဲကျသွားသည်။ စိုင်းကျော်စွာ လဲကျသူအား ထမ်းကာ အမှောင်ထဲ တိုးဝင်လိုက်သည်။ စိုင်းကျော်စွာ အချိန်မီလေးပင် လွတ်သွားသည်။

ထိုနေရာသို့ အုတ်တံတိုင်းပေါ်မှ လူတစ်ယောက်ခုန်ဆင်းလာလေသည်။

ဆင်းလာသူမှာ လက်မရှု့ အောင်ဘ… ပျံလွှားစီမံကိန်း အကောင်အထည်ဖော်ရမည့်တာဝန်ရှိသူမို့ လူတစ်ယောက်ကို သုတ်သင်ရန် ရောက်လာခြင်းဖြစ်သည်။

သို့သော်… သူရောက်သည်မှာ နောက်ကျသွားကြောင်း သိလိုက်ရသည်။

"တောက်…"

သူ တောက်တစ်ချက်ခေါက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ လရောင်အောက်တွင် မထင်မရှားအရိပ်တစ်ခုကို သူတွေ့လိုက်ရသည်။ သူဝမ်းသာသွားသည်။

ဂျာကင်အိတ်အတွင်းထည့်ထားသော သေနတ်ကို အသင့်ကိုင်ပြီး သူလှုပ်ရှားလိုက်သည်။ သူ တာဝန်ကျေလျှင် ရရှိမည့် ငွေကြီးကို မြင်ယောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကျော်စွာ မှေ့နေသော လူကိုထမ်းပြီး အငှားကားစတင်းရှိရာသို့ လှမ်းလာသည်။ ကားစတင်းထဲမှ လူတစ်ယောက်ထွက်လာသည်။

"တိုးအောင်..."

စိုင်းကျော်စွာ အသံကြောင့် ထိုလူက ကားကို စိုင်းကျော်စွာ နားမောင်းလာသည်။ စိုင်းကျော်စွာ ထမ်းလာသောလူကို ကားအတွင်း ပစ်သွင်းပြီး ကားပေါ်ခုန်တက်လိုက်သည်။

"အမြန်ဆုံးမောင်း"

ကားလေးအရှိန်ပြင်းစွာမောင်းထွက်သွားသည်။ အောင်ဘ ကားစတင်းသို့ရောက်လာသည်။ ကွမ်းယာဆိုင်သို့ သွားလိုက်သည်။

"ပျံလွှား"

ကွမ်းယာရောင်းသူ လက်ခေါက်တစ်ချက်မှုတ်လိုက်၏။ ကျွတ်ကားတစ်စီး မောင်းထွက်လာသည်။ အောင်ဘ ကားပေါ်ခုန်တက်ပြီး

"ရှေ့ကကားကို မှီအောင်မောင်း"

"ဟုတ်ကဲ့"

ကားအရှိန်ပြင်းစွာမောင်းထွက်လိုက်လေသည်။

အောင်ဘတို့ကား ဘုရားလမ်းခွဲကို ဖြတ်ကျော်သွားသည်။





သစ်ပင်ရိပ်အောက်တွင် ရပ်ထားသော ကားကိုမမြင်၊ ဖြတ်ကျော်သွားသည်။ မှောင်ရိပ်မှ ရပ်ကြည့်နေသူမှာ ကားအရှိန်မြန်သောကြောင့် ကားပေါ်တွင် မည်သူတွေ ပါသွားမှန်းမသိကြပါ။

ထိုမှောင်ရိပ်ထဲမှကားသည် အောင်ဘတို့ကားနောက် လိုက်သွားသည်။

စိုင်းကျော်စွာ သူထမ်းလာသူ မည်သူမည်ဝါမှန်းမသိ၊ အန္တရာယ်လွတ်ကင်းမှ မေးမြန်းကြည့်ရတော့မည်။

"မြန်မြန်မောင်းကွာ"

စိတ်စောနေသည့်မို့ ကားကို အားမရဖြစ်နေ၏။ သေနတ်ကို မောင်းတင်ကာ အသင့်ကိုင်ထားသည်။ ကားလေးမှာ ရိပ်ခနဲ ရိပ်ခနဲ ပြေးနေလေသည်။

"နောက်က မီးရောင်တွေ့တယ်၊ လိုက်လာတာဖြစ်မယ်"

"ဟုတ်လား"

စိုင်းကျော်စွာ ကြည့်လိုက်သည်။ နောက်ကား အားကောင်းသည်။ သူတို့နှင့် နီးလာလေသည်။ နောက်ကားမှ သေနတ်ဖြင့် လှမ်းပစ်နေသည်။ စိုင်းကျော်စွာကလည်း လှမ်းပစ်လိုက်သည်။

"ကျွီ...ဝုန်း..."



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သံနှင့်အတူ တစ်စုံတစ်ရာကို ဝင်တိုက်သံကြားလိုက်ရသည်။ မီးခွေတာက်တစ်ခုဝုန်းခနဲ ထွက်လာသည်။

"သော်တာ..ပေါ်လာခေါ်တယ်...ကြားသား"

စိုင်းကျော်စွာ ကားထဲမှ စကားပြောခွက်ကို လှမ်းယူပြောလိုက်သည်။

"ပေါ်လာ ကြားတယ်၊ အကြောင်းပြန်တယ်၊ ညွှန်ကြားသည်တာဝန်ယူပါ"

စိုင်းကျော်စွာ စကားပြောခွက်ကို နေရာတကျ ထားလိုက်သည်။

"ဆရာစိုင်း... ဘယ်ကိုမောင်းရမလဲ"

"စခန်းရုံးအနောက်ဆောင်ကိုမောင်း"

"ဟုတ်ကဲ့"

ကားမောင်းသူနားလည်သဘောပေါက်သည်။ ဘာမှမမေးတော့ဘဲ ကားဆက်မောင်းလိုက်သည်။ ကားလေးအရှိန်ပြင်းစွာ ပြေးနေဆဲပင်၊ စိုင်းကျော်စွာ ကားပေါ်တွင် ပါလာသူ သတိရမည့် အချိန်စောင့်နေလေသည်။

ကားလေး တစ်ညလုံးပြေးလွှားနေသည်။ ရောင်နီပင် လာ





တော့မည်ဖြစ်သည်။ စိုင်းကျော်စွာ မေ့နေသူကို ကြည့်လိုက်သည်။

"ဒီလူရုပ်ရည်ကလူတော်တစ်ယောက်ဖြစ်မယ်၊ ဘာကြောင့်ဒီလိုဖြစ်နေတာလဲ"

တွေးနေသည်။ ကားလေး ရောမြို့ထဲဝင်လာသည်။ လူအများလှုပ်ရှားသွားလာနေကြသည်။ စိုင်းကျော်စွာတို့ကား စခန်းရုံးနောက် ဘက်ဝင်ပေါက်သို့ ရောက်လာလေသည်။

ကားမောင်းသမား ကားကို ကျင်လည်စွာမောင်းရင်း အနောက်ဘက်အဆောင်သို့ဦးတည်ကာရပ်လိုက်သည်။ စိုင်းကျော်စွာနှင့် ကားမောင်းသူ သတိမေ့နေသော လူအားတွဲကာ အဆောင်တွင်းဝင်လာသည်။

အခန်းထဲရှိခုတင်ပေါ်တင်ပေးပြီးချိန်တွင် ဆရာဝန်ရောက်လာလေသည်။ ထိုလူ၏ဒဏ်ရာများကိုစစ်ဆေးကာ လိုအပ်သည်ကိုကုသ ပေးပြီး ပြန်ထွက်သွားသည်။

စိုင်းကျော်စွာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိကာ ဖွာနေသည်။

"ကျွန်မတော်ပြန်မယ်"

ကားမောင်းသူ စိုင်းကျော်စွာထံ ခွင့်တောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး..."

ကားသမား အပြင်ထွက်သည်။ မကြာပါ သတိမေ့နေသူ လှုပ်ရှားလာလေသည်။ သူခေါင်းထောင်ကြည့်ပြီး ညည်းညူလိုက်သည်။ ကုလားထိုင်ပေါ်တွင် ထိုင်နေသော စိုင်းကျော်စွာကိုတွေ့သည်နှင့် ထရန်ပြင်လိုက်သည်။

"ခင်ဗျား မထနဲ့၊ ဒီနေရာမှာ ခင်ဗျားအတွက် ဘာယ်လို အန္တရာယ်မှ မရှိဘူး"

ထိုလူ ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

"ခင်ဗျား စကားပြောနိုင်လား"

"ဟုတ်ကဲ့"

စိုင်းကျော်စွာ စီးကရက်တစ်လိပ် မီးညှိကာ ထိုလူကို လှမ်းပေးလိုက်သည်။ ထိုလူ လှမ်းယူပြီး အားပါးတရ ဖွာလိုက်သည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"သူရိန်ထွန်း"

"ဗျာ...ဘယ်သူ"

"သူရိန်ထွန်း"

စိုင်းကျော်စွာ ဝမ်းသာသွားသည်။ သူ့အတွက် အဖိုးမဖြတ်





နိုင်သော သူရိန်ထွန်းကို တွေ့ရသည်။ ဒုစရိုက်လောကမှ ထွက်ပြေးလွတ်မြောက်လာသော သူရိန်ထွန်းကို အန္တရာယ်ကြားမှ သူရှာဖွေတွေ့ရှိလေသည်။

"ခင်ဗျား ဘုရားပွဲကို ဘာကြောင့်လာတာလဲ"

"ကျွန်တော် တွေ့ချင်တဲ့လူတစ်ယောက်ကို တွေ့ဖို့ပါ"

"တွေ့ပြီလား"

"မတွေ့ ရသေးဘူး။ အန္တရာယ်တွေ့လို့ထွက်ပြေးလာတာ၊ ကျုပ်ထွက်ပြေးလာတဲ့ အဖွဲ့အစည်းကလူတွေ လိုက်နှုတ်ပိတ်နေလို့ပြေးတာ ခင်ဗျားကိုတွေ့တော့ ပြေးမိတာပါ"

"ကျွန်တော့်ကို သိလို့လား"

"မသိဘူး။ ဟိုက လွှတ်လိုက်တဲ့လူ ထင်မိတာ"

"ဒါဆို ကျွန်တော်နဲ့တူတဲ့ လူ ဟိုအဖွဲ့မှာ ရှိနေတယ် ထင်တယ်ပေါ့လား"

စိုင်းကျော်စွာ အားတက်သရော မေးလိုက်သည်။ သူရိန်ထွန်း ခေါင်းညိတ်ပြသည်။

"ခင်ဗျားတို့အဖွဲ့က ဘာလဲ၊ ခင်ဗျားရော ဘာသိထားလဲ"

"ခင်ဗျား ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းကျော်စွာ"

စိုင်းကျော်စွာ အမည်ကြားသည်နှင့် သူ ထိတ်လန့်သွားလေသည်။ အဖျက်သမားဒုစရိုက်လောကတွင် ရန်သူကိုပြတ်သားစွာ နှိမ်နင်းတတ်သော စိုင်းကျော်စွာ၊ နာမည်ကြီးသော စိုင်းကျော်စွာကို သူတွေ့ရသည်။ သူအိပ်ရာမှ ထရန်ပြင်လိုက်သည်။

"စိတ်မပူပါနဲ့ သူရိန်ထွန်း၊ မကောင်းဆိုးဝါး ဒုစရိုက်သမားတွေ အတွက် ကြောက်စရာကောင်းပေမယ့် အမှန်တရားကိုသိတဲ့လူအတွက် စိုင်းကျော်စွာက ကူညီတတ်တဲ့ လူတစ်ယောက်ပါ"

"ကျွန်တော့်ကို ဖမ်းတာလား"

"ဆိုပါတော့၊ ဒါပေမယ့် ရှေ့ဆက်လုပ်ရမယ့် အစီအစဉ်တော့ ရှိဦးမယ်"

"ကျွန်တော် ခင်ဗျားနဲ့ လက်တွဲမယ်"

စိုင်းကျော်စွာ မမျှော်လင့်ထားသော စကား သူရိန်ထွန်းထံမှ ထွက်လာသည်။

"ကောင်းပြီလေ၊ ခုချိန်မှာကျွန်တော် ဘာမှ မပြောနိုင်သေးဘူး၊ နောက်တစ်နာရီအတွင်းမှာ အဖြေပေးမယ်၊ ခင်ဗျား သိထားတာတွေ ပြောပြပါ"





သူ ထထိုင်လိုက်သည်။ စိုင်းကျော်စွာ ပေးသော စီးကရက် လှမ်းယူဖွာပြီး စကားစလိုက်သည်။

"ကျွန်တော်လျှို့ဝှက်အမည်ဂှာ အမှတ် (၄) က ကျွန်တော်က အဖွဲ့ခေါင်းဆောင်တစ်ယောက်ပါ၊ သူတို့ရဲ့လုပ်ရပ်တွေကို မှန်းတီးရှုံ့ရှာလာတယ်၊ နောက် ကျွန်တော့် ချစ်သူ မရှိတော့တာကြောင့် အဖွဲ့ရဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ယူလာတယ်၊ ချစ်သူနဲ့တွေ့ပြီး ဥပဒေအရ အရေးယူတာခံ ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ကျွန်တော့်ချစ်သူကို ရှာနေတာပါ"

"တွေ့ပြီလား၊ ခင်ဗျားချစ်သူ နာမည်ဘယ်သူလဲ"

"မတွေ့သေးဘူး။ သူ့နာမည်က သူဇာပါ၊ သူ့ကို အရင်ပြေးခိုင်းထားတာ၊ သူ့ဆီက ဘာအဆက်အသွယ်မှမရဘူး၊ သူက ဘုရားပွဲကို မပျက်မကွက် လာတတ်တယ်၊ ဒါကြောင့် တွေ့နေကျ နေရာမှာ လာစောင့်တာ"

"ကျွန်တော် အပြင်ခဏသွားမယ်"

စိုင်းကျော်စွာ အခန်းတံခါးကို အပြင်မှပိတ်လိုက်ပြီး စခန်းရုံးသို့ လျှောက်လာသည်။ ခုချိန်ဆို သူတို့နှစ်ယောက် ပြောဆိုသည်ကို ညွှန်မှူးသိလောက်ပြီဖြစ်သည်။ သူရိန်ထွန်းထံတွင် တိုင်းပြည်အတွက်

www.burmeseclassic.com



အကျိုးရှိမည့်အချက်များရှိနေမည်ကို သူသိသည်။

"ထိုင်...လူလေး"

စိုင်းကျော်စွာ ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"သူရိန်ထွန်းနဲ့ပတ်သက်ပြီး မဟူရာကို ဆက်လုပ်ရမယ်၊ သူရိန်ထွန်းကို ဘယ်လောက် စိတ်ချရမယ်ဆိုတာ စမ်းမှန်းဖို့လိုတယ်၊ အထောက်ကာခွင့်ပြုတယ်၊ လူလေး... သူရိန်ထွန်းနဲ့တွဲပြီး အလုပ်တစ်ခု လုပ်ရမယ်"

"ဟုတ်ကဲ့... သူရိန်ထွန်းက..."

စိုင်းကျော်စွာ စကားရပ်လိုက်ရသည်။ ဦးသီဟက လက်ကာပြပြီး

"မင်း...သူရိန်ထွန်းနဲ့ပတ်သက်ပြီး အန္တရာယ်များလာပြီ၊ မင်း ဝါလုကို သွားရမယ်၊ အစီအစဉ်လုပ်ပြီးပြီ၊ မင်း ... သူရိန်ထွန်းနဲ့ပတ်သက်ပြီး ထင်မြင်ချက်ပေးပါဦး"

"သူ့အမှားကို သိလို့အမှန်တရားအတွက် သစ္စာရှိရှိလုပ်မယ့် လူလို့မြင်တယ်အဘ"

"လူလေးပြောသလိုဖြစ်ရင် တော့အကောင်းဆုံးပဲ၊ လူလေး သွားတော့ မနက်ဖြန်ညနေ ငါးဆီ သတင်းပို့"





"ဟုတ်ကဲ့"

စိုင်းကျော်စွာ...ဦးသီဟထံမှ ထွက်လာသည်။ စခန်းရုံးရှေ့ရှိ ကားပေါ်တွင် အသင့်စောင့်နေသော လုပ်ဖော်ကိုင်ဖက် အဖွဲ့သားတစ်ယောက်စောင့်နေသည်ကိုတွေ့ရသည်။

"လာ..အာစရိ"

သူ့ကိုမြင်သည်နှင့် လှမ်းခေါ်လိုက်သည်။ စိုင်းကျော်စွာ ကားပေါ်တက်လိုက်သည်။ ကားမောင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သူရိန်ထွန်း ပျော်နေသည်။ သူ့လို ဒုစရိုက်သမားတစ်ယောက်ကို ဦးသီဟ၏အဖွဲ့အစည်းမှ တာဝန်တစ်ခုပေး၍ စေခိုင်းသည်။ ထိုတာဝန်ကို သူ အသက်စွန့်ဆောင်ရွက်မည်ဖြစ်သည်။ တစ်ချိန်က အမှောင်လောကမှ ထွက်ပြေးစဉ် ဒုစရိုက်သမားများကိုလည်း ကြောက်ရသည်၊ ဥပဒေဘက်တော်သားများကိုလည်း ကြောက်ရသည်။

ယခု သူ ဘာကိုမှ မကြောက်တော့ပါ။ ပေးအပ်သော တာဝန်ကို ရဲတင်းစွာ ထမ်းဆောင်တော့မည်ဖြစ်သည်။ ယခု ဥပဒေဘက်တော်သားတစ်ယောက်ဖြစ်နေသည်။ သူမောင်းလာသော ကားလေး





ရာမဂါလမ်းမကြီးထဲ ချိုးဝင်လိုက်သည်။

သူ့တာဝန်မှာ ပစ္စည်းတစ်ခု ယူရန်ဖြစ်သည်။ သူ ကားကို ဘီးသိမ့်ရုံမောင်းကာ ခြံဝင်းကျယ်ကြီး သုံးလေးခုကိုဖြတ်ကျော်ကာ ခြံဝင်းတစ်ခုထဲသို့ မောင်းဝင်လာသည်။ ခြံဝင်းထဲတွင် သွပ်မိုးပျဉ်ထောင်အိမ်တစ်လုံးကိုတွေ့ရသည်။ သူ ကားကို အိမ်ရှေ့မရောက် တရောက်အထိ မောင်းပြီး ရပ်ကာ အိမ်ပေါ်တက်လာခဲ့သည်။

သူ တံခါးခေါက်လိုက်သည်။ အချက်ပေးစနစ်ဖြင့် ခေါက်ခြင်းဖြစ်သည်။

"ဝင်ခဲ့ပါ"

အထဲမှ အသံတစ်သံထွက်လာသည်။ သူ တံခါးကို တွန်းဖွင့်လိုက်သည်။ ကုလားထိုင်တွင် ထိုင်နေသူက သေနတ်ကိုင်ကာ ဆီးကြိုနေသည်။

"ခြေသံ့လား၊ ကျားလား"

"ခြေသံ့"

သူရိန်ထွန်း ချက်ချင်းဖြေလိုက်သည်။

"အပြာပါလား"

"အနီပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေသနတ်ပြောင်းကာသူ့ရှင်ဝေကို ချိန်ရွယ်ထားဆဲပင်။

"အနီးဆိုတော့ ရှားတာပေါ့"

"ရှားမှ တန်ဖိုးကြီးတယ်"

မေးသူ ကျေနပ်သွားသည်။ တစ်လက်မအရွယ် ဖလင်လေးကို သူ့ရှိန်ထွန်း အား လှမ်းပေးပြီးမြို့ကာ

"အောင်မြင်ပါစေ၊ ကျုပ် ဒုက္ခရာရနေလို့ လူစားလဲရတာ ခွင့်လွှတ်ပါလို့ အဘကိုပြောပါ"

"ဟုတ်ကဲ့"

ပထမအဆင့် ပြီးပြီဖြစ်သည်။ ယူလာသော ဖလင်အား လူတစ်ယောက်ကို သွားပေးရမည်ဖြစ်သည်။ သူကားမောင်းထွက်လာသည်။ လက်မှ နာရီကိုကြည့်လိုက်သည်။ နံနက် ဆယ့်တစ်နာရီဖြစ်သည်။

နောက်နာရီဝက်ဆို သူ သွားချင်သည့်နေရာ ရောက်တော့မည်။ ဖလင်ပေးပြီးလျှင် သူ့တာဝန်ပြီးပြီဖြစ်သည်။ မြို့တွင်းသို့ ဝင်လာသည်နှင့်အရှိန်လျှော့လိုက်သည်။

"မဟာမြိုင်"

ဆိုင်းဘုတ်က ဆီးကြိုနေသည်။ သူ ဖလင်လေးအား ဝှက်





လိုက်သည်။ တိုက်နီနီကြီးရှေ့တွင် ကားရပ်လိုက်သည်။

"ဘယ်သူလဲ"

အထဲမှ မေးသံထွက်လာသည်။ သူ အသံလာရာဘက်သို့ လှည့်ကြည့်ပြီး

"ခြသေ့"

အသံတိုပြတ်သည်။ တစ်ဖက်လူ နားလည်သွားသည်။

"ဝင်ခဲ့...ညာဘက်ချိုး"

သူ ရှေ့တည့်တည့်လျှောက်ပြီး ညာဘက်ချိုးလိုက်သည်နှင့် ရိပ်ခနဲ ပြေးဝင်လာသော မည်းမည်းသဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသည်။ အလေ့အကျင့်ရှိပြီး ဖြစ်သော ခြေထောက်တွေက ကွေးညွှတ်သလို ခေါင်းငုံ့ပြီးသားဖြစ်သွားကာ ရန်သူကို ကြည့်လိုက်သည်။

"ဒုတ်..."

ပေါက်ဓားတစ်ချောင်း သူ့နောက်တံခါးဘောင်တွင် စိုက်ဝင်နေသည်။ အရှိန်ပြင်းလွန်းသဖြင့် ဓားရိုးမှာ တုန်ခါနေသည်။ သူ့ရှိန်ထွန်း လှုပ်ရှားလိုက်သည်။ နောက်ထပ် ဝင်လာသော ဓားအား ညာခြေဖြင့် ခတ်ထုတ်လိုက်သည်။ ဓားမှာ တစ်ပတ်လည်ပြီး လာရာလမ်းအတိုင်း ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်..."

"အား..."

နာကျင်စွာ အော်သံထွက်လာသည်။ သူရိန်ထွန်း ရန်သူကို ရင်ဆိုင်ရန်ပြင်လိုက်သည်။ ရန်သူသုံးယောက် မျက်နှာကြောများတင်း မာခက်ထန်နေသည်။

"မလှုပ်နဲ့"

အမိန့်ပေးသံနှင့်အတူ သေနတ်ပြောင်းဝ တစ်ခုက သူ့အား ချိန်ထားသည်။

"ခင်ဗျားတို့ပြောတဲ့အတိုင်း နေရမှာပေမဲ့"

သူရိန်ထွန်း စကားဆက်မပြောဘဲ လှုပ်ရှားလိုက်သည်။ အသံဖေးပြီး ကိုယ်ကိုညွှတ်ကာ သေနတ်ကိုင်လက်အား ရိုက်ချလိုက် သည်။ လှုပ်ရှားမှု မြန်ဆန်သည်။ ပိရိသေသပ်သည်။ လူသုံးယောက် ထံမှ အသံပေါင်းစုံထွက်လာလေသည်။

"ဒိုင်း..."

သေနတ်သံတစ်ချက် ထွက်လာပြီး သူရိန်ထွန်း လက်မောင်း ကိုထိမှန်သွားသည်။

"ဘယ်မှာလဲ ဖလင်ပြား"





"ဘာ..."

"မရှိဘူး... ရှိလည်းမပေးဘူး"

သူပေးရမည့်လူမဟုတ်သောလူအား ပေးမည်မဟုတ်ပါ။ လဲကျနေသော သူ့အားလုံးဝေဒနာ ကြိတ်ခံနေကြသည်။

"အသားမနာချင်ရင် ပေးစမ်း"

သေနတ်သမားတစ်ယောက် အမိန့်ပေးနေသည်။

"မရှိဘူးလို့ပြောနေတယ်လေ"

နှုတ်မှပြောရင်း လှုပ်ရှားလိုက်သည်။

"သူရိန်ထွန်း မလှုပ်နဲ့"

အသံသြဇာနှင့်ပြည့်ဝသောအသံတစ်သံထွက်လာသည်။ သူရိန်ထွန်းမျက်လုံးပြူးကျယ်သွားသည်။ အမိန့်ပေးရင်းထွက်လာသူ မှာ ညွှန်မှူး ဦးသီဟ ဖြစ်နေသည်။

"အံ့သြနေသလား သူရိန်ထွန်း"

"ဟုတ်ကဲ့"

လဲကျနေသူ၊ ဒဏ်ရာရနေသူများ ထလာကြသည်။

ဦးသီဟအား အရိုအသေပေးပြီး ထွက်သွားကြသည်။

"မင်းလည်း မောသွားမှာပေါ့၊ ဟော့ အအေးယူလာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အအေးနစ်ပုလင်းရောက်လာသည်။ သူရိန်ထွန်း…ဦးသီဟ စကားကို နားစွင့်လိုက်သည်။

"မောင်သူရိန်ထွန်း…မင်းကို ဒီထက်အရေးကြီးတဲ့တာဝန် ပေးချင်လို့ စမ်းသပ်တာပါကွာ"

"ဟုတ်ကဲ့"

"မှားလာတဲ့အမှားကို ပြင်ချင်စိတ် ရှိ မရှိ၊ တိုင်းပြည်အပေါ် ဘယ်လောက် သစ္စာရှိတယ်ဆိုတာ စမ်းတာ၊ ငါ့ကိုခွင့်လွှတ်၊ မင်း တာဝန်ထမ်းဆောင်နိုင်တဲ့လူ ဖြစ်သွားပြီ"

"ဟုတ်ကဲ့"

"မင်း ဝါလုကာကို သွားရမယ်"

"ကျွန်တော်…"

"မင်းအဖွဲ့အစည်းရှိရာ ပြန်သွားရမယ်၊ မင်း ဘာအန္တရာယ်မှ မကြုံရအောင် ငါတို့စောင့်ရှောက်ပေးမယ်"

"ကျွန်တော် အသက်စွန့်ပြီး တာဝန်ထမ်းဆောင်ပါ့မယ်"

"ကောင်းပြီ…အဲဒီအဖွဲ့ထဲကို စိုင်းကျော်စွာကို ရောက်အောင် ခေါ်သွားပါ"

"ဟုတ်ကဲ့"





"မင်းအတွက် အပြန်လှအောင် လုပ်ရှားပေတော့ ဟုတ်လား"

"ဟုတ်ကဲ့"

သူရိန်ထွန်း တိုင်းပြည်တာဝန် ထမ်းဆောင်ရမည်ဖြစ်၍ ဝမ်းသာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နှင်းစက်မြိုင်မြို့ အစွန်တစ်နေရာ ရထားနာခြိုကြီး၏ မလှမ်းမကမ်း သစ်ပင်အောက်တွင် ရပ်ထားသော ကားပေါ်မှ လူနှစ်ယောက် အိမ်ကြီးကို စောင့်ကြည့်နေလေသည်။ အိမ်ကြီးထဲတွင် မီးများ ထိန်ထိန်လင်းနေသည်။ အိမ်အပြင်တွင်လည်း နစ်ပေမီးချောင်းထွန်းထားသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးလင်းထိန်နေသည်။ တစ်ယောက်အရက်ပုလင်းမော့လိုက်သည်။

နိုင်ဝင်း... လက်မရွံ့လူသတ်သမားနိုင်ဝင်းဖြစ်သည်။ အရက်ကို မှန်းတီးသူမှာ ရဲအောင်ဖြစ်သည်။ ရဲအောင် ပစ္စတိုအပစ်တော်သူဖြစ်သည်။ မိုက်သည်။ သို့သော် အရက်ကိုမုန်းသည်။





"နိုင်ဝင်း...လွယ်ပါ့မလား"

"ခက်ရင်ဒို့နှစ်ယောက်ဒီကိုရောက်မလာဘူး"

"ငါက ကြုံနေရတဲ့ အဖြေအနေကိုပြောတာ"

"နောက်ထပ် တစ်နာရီလောက်စောင့်ကြည့်ရမှာပေါ့။ မဟာန်တော့လည်းဖွတ်လုပ်ရမှာပေါ့"

နိုင်ဝင်းပြောသည်မှာ မှန်သည်။ သူတို့ချောင်းနေသည်မှာ တစ်ပတ်ရှိပြီဖြစ်သည်။ အချိန်သာကုန် အလုပ်မဖြစ်၊ မိုးသည်းထန်စွာ ရွာလာသည်။ အိမ်ကြီးထဲမှ မီးရောင်မငြိမ်းသေးပါ။ စောင့်ရသူ နှစ်ယောက်စိတ်မရှည်တော့ပါ။

"ကြာတယ်ကွာ...ဝင်မယ်"

ရဲအောင် ရင်ထဲလေးနေသည်။ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရမည်ကို သိနေသည်။ မကြာပါ အိမ်ကြီးထဲမှမီးမှိတ်သွားသည်။

"လာကွာ မီးမှိတ်သွားပြီ...ဝင်မယ်"

အရက်ကြောင့် သွေးကြွနေသော နိုင်ဝင်းခေါ်လိုက်သည်။ ရဲအောင် မဆင်းချင် ဆင်းချင် ဆင်းပြီး ခြံဝင်းကိုခုန်ကျော်လိုက်သည်။ ခြံဝင်းတစ်ခုလုံး ငြိမ်ဆိတ်နေသည်။ ရဲအောင် ရင်အေးသွားသည်။ နိုင်ဝင်း တံခါးနားပြေးကပ်လိုက်သည်။ တံခါးတွင် သံကြိုးနှင့်သော့



www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားသည်။

နိုင်ဝင်းသော့ဖျက်လိုက်သည်။ သံကြိုးကိုဖြုတ်လိုက်သည်။ နိုင်ဝင်းလက်မှ သံကြိုးအောက်ပြုတ်ကျသွား၊ အသံကျယ်လောင်စွာ ထွက်လာသည်။ မိုးသည်းထန်လာသည်။ သံကြိုးကျသွားသည့်အသံ ကြောင့်ရဲအောင် ကြောက်လန့်သွားလေသည်။

နိုင်ဝင်း... အိမ်ထဲ လှမ်းဝင်လိုက်သည်။ နိုင်ဝင်းအား တား ရမည် မဟုတ်သောကြောင့် သူပါ အထဲဝင်လိုက်သည်။ နစ်ယောက် သားဓာသနတ်ကိုယ်စီဖြင့် သတိထားကာ ရှေ့သို့လှမ်းလိုက် သည်။

"ချောက်..."

အသံနှင့်အတူ မီးတွေ လင်းလာသည်။ အသံကြားရာသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်ကြသည်။ တစ်ဖက်မှ ပြန်ပစ်နေသည်။ ရဲအောင် တစ်ဖက်သို့ ခုန်ဆုတ်လိုက်သည်။ သို့သော် မလွတ်ပါ။ သူ့ ရင်ဝမှုခန် ဖြစ်သွားပြီး သူ့ကိုယ် နောက်လှန်သွားလေသည်။

နိုင်ဝင်းမှုးနေသောအရှိန် ပျောက်သွားသည်။ လင်းနေသော မီးလုံးကို ပစ်ခွဲလိုက်သည်။ ပစ်မှတ်လွဲသွားသည်။ နိုင်ဝင်း အမြန်ဆုံး ပြေးထွက်လိုက်သည်။ သူ့နောက်မှ ကျည်ဆန်များလိုက်လာသည်။ သူ့ နံဘေးမှဖြုတ်သွားသည်။ နိုင်ဝင်းကားဆီသို့ တရကြမ်းပြေးလာသည်။





ကားပေါ်ရောက်သွားသည်။ စက်နှိုးကာ မောင်းထွက်လိုက်သည်။

သူ့နောက်မှ ကားတစ်စီးလိုက်လာသံကြားလိုက်ရသည်။ သူ ကားမောင်းနေရင်း နောင်တရမိသည်။ ဥပဒေဘက်တော်သားများ အပိုင်စောင့်နေကြသည်။ သို့သော် သူ့နောင်တ နောက်ကျသွားလေ သည်။

ကားမီးရောင်နှင့်အတူ ဆူညံစွာ အော်နေသော ဥဩသံကို ကြားနေရသည်။ နိုင်ဝင်းထိတ်လန့်နေသော စိတ်ကို ထိန်းချုပ်မရပါ။

"ငါ အမိမခံဘူး။ လွတ်အောင်ပြေးမယ်"

သူ့ကိုယ်သူ အားပေးကာ ကားကိုအရှိန်မြှင့်လိုက်သည်။ နောက်မှလိုက်လာသောကားကို သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ နော[illegible]လည်း သူ့အား လှမ်းပစ်နေသည်။ သူ နောက်ကားကို လှည့် ကြည့်ပြီး ရှေ့ပြန်အလှည့်တွင် မျက်နှာချင်းဆိုင်မှ ကုန်တင်ကားတစ်စီး လာနေသည်ကိုတွေ့လိုက်ရသည်။

ရုတ်တရက် နိုင်ဝင်း ဘာလုပ်ရမှန်းမသိ၊ ကြောင်သွားပြီး စတီ ယာရင်ကို တစ်ဖက်သို့ ဆွဲချလိုက်သည်။

ကျယ်လောင်သောအသံနှင့် ကားလိမ့်ဆင်းသွားပြီး တစ်ဖက်စောင်းသွားသည်။ နိုင်ဝင်း မထိန်းနိုင်တော့၊ ရှေ့တွင်ရှိကြီးမား



www.burmeseclassic.com

www.burmeseclassic.com



သော သစ်ပင်ကြီးအားဝင်တိုက်လိုက်လေသည်။

"ဝုန်း..."

နိုင်ဝင်းကား ပေါက်ကွဲကာ မီးတောက်ကြီး ဖြစ်လာလေသည်။

မိုးပြာဟိုတယ်မှာ ထိပ်တန်းဟိုတယ်ကြီးဖြစ်သည်။ လူတွေ စည်ကားသည်။ စားသောက်နေကြသည်မှာ ခန်းမကြီးတစ်ခုလုံးပြည့်လျှံနေသည်။

ခရီးဆောင်အိတ်တစ်လုံး ကိုင်၍ ဟိုတယ်ထဲသို့ လူတစ်ယောက်ဝင်လာလေသည်။ စားသောက်ခန်းကို ကျော်ဖြတ်ကာ ဆောင် ထာတွင်ထိုင်နေသူထံ တန်းတန်းမတ်မတ်ပင်လျှောက်သော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်တာစာရေးရှေ့တွင် ရပ်လိုက်သည်။

"အခန်းလိုချင်တယ်"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျာ"

ကောင်တာစာရေးချိုသာစွာပြန်ပြောလိုက်သည်။ လယ်ဂျာစာအုပ် သူ့ထံလှမ်းပေးသည်။ စာအုပ်တွင် သူ့အမည်၊ မှတ်ပုံတင်အမှတ် ဖြည့်လိုက်သည်။

စိုင်းကျော်စွာ

အမျိုးသားမှတ်ပုံတင်အမှတ် × × × × × × × × × ×

ကောင်တာစာရေးအခန်းသော့အား လှမ်းပေးလိုက်သည်။ သော့ယူကာအပေါ်ထပ်တက်လာသည်။ လက်မှနာရီကိုကြည့်လိုက်ရာ ခြောက်နာရီတိတိ ပြနေသည်။ စိုင်းကျော်စွာ သေတ္တာကို ခုတင်အောက်ထိုးထည့်လိုက်သည်။

အခန်းမှာ သန့်ရှင်းသပ်ရပ်နေသည်။ သူ ခလုတ်တစ်ခုနှိပ်လိုက်ရာ အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်။

"ဆရာ...ဘာအလိုရှိလဲ အမိန့်ရှိပါ"

"ထမင်းကြော် ကြက်သားနဲ့ ချိုချဉ်ကြော်တစ်ပွဲ၊ ဘရန်ဒီတစ်လုံး၊ ကိတ်မုန့်၊ ကြက်ဥကြော်၊ ပေါင်မုန့်မီးကင် ယူလာပေးပါ"





စိုင်းကျော်စွာ မှာသမျှ စားပွဲထိုးလေး မှတ်ကာ ထွက်သွားသည်။ မိုးမရွာ၊ မိုးအုံ့နေသည်မို့ အိုက်စပ်စပ်ဖြစ်နေသည်။ မှာထားသော အစားအစာများ ရောက်မလာခင် သူ ရေချိုးရန် စိတ်ကူးလိုက်သည်။ အဝတ်အစားလဲကာ ရေချိုးလိုက်သည်။ သူရေချိုးပြီး ပြန်ထွက်လာသည်အထိ မှာထားသော အစားအစာများ ရောက်မလာသေးပါ။ အတန်ကြာမှ တံခါးခေါက်သံထွက်လာသည်။

"ဝင်ခဲ့ပါ"

စိုင်းကျော်စွာ ခေါင်းဖီးရင်း နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည်။ မှန်ထဲတွင် မြင်ရသော အရိပ်ကြောင့် မျက်လုံးပြူးသွားသည်။ သူ လှုပ်ရှားရန် ပြင်လိုက်သော်လည်း အချိန်မမီတော့ပါ။

ကျယ်လောင်သော သေနတ်သံနှင့်အတူ စိုင်းကျော်စွာ သွေးအိုင်ထဲ လဲကျသွားသည်။ လူနှစ်ယောက် ပြေးထွက်သွားသည်။ သေနတ်သံကြောင့် ဟိုတယ်တစ်ခုလုံး လှုပ်ရှားသွားလေသည်။ လူအများသေနတ်သံကြားရာ စိုင်းကျော်စွာအခန်းသို့ ရောက်လာကြသည်။

"ဒါ...လူသတ်မှုဟေ့၊ နောက်ဆုတ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ဦး စကားကြောင့် အားလုံး နောက်ဆုတ်သွားကြသည်။ ဟိုတယ်ပိုင်ရှင် စိုင်းဝဏ္ဏနှင့် ယမင်းတို့ အပြေးအလွှား ရောက်ရှိလာသည်။ တာဝန်ရှိသူများပါ ရောက်လာကြပြီး စိုင်းကျော်စွာ အလောင်းကို ဓာတ်ပုံရိုက်ကြသည်။ အလောင်းသယ်သွားကြသည်။ အခန်းထဲတွင် ဥပဒေဘက်တော်သား တာဝန်ရှိသူ တချို့ကျန်ခဲ့သည်။

"ဟိုတယ်မှာ တည်းခိုတဲ့လူတွေကိုယ့်အခန်းကိုယ် ပြန်နေပါ။ ဘယ်သူမှ အပြင်မထွက်ကြပါနဲ့ ကျုပ်တို့ခေါ်တဲ့အချိန် အခန်းမှာ မရှိတဲ့ လူကို တရားခံအဖြစ် သတ်မှတ်ရပါလိမ့်မယ်"

ဥပဒေဘက်တော်သားတစ်ဦး စကားကြောင့် လူအများ ထိတ်လန့်သွားကြသည်။ မိမိအခန်းရှိရာ ပြန်သွားကြသည်။

"သေတဲ့လူ ဘယ်သူလဲ မန်နေဂျာ"

ကောင်တာစာရေးအား လှမ်းကြည့်ပြီး မေးလိုက်သည်။

"စိုင်းကျော်စွာ လို့ရေးထားပါတယ်"

"ဟာ...စိုင်းကျော်စွာ ဟုတ်လား ပြဿနာပဲဗျို့"

"ဘာဖြစ်လို့လဲ"

"စိုင်းကျော်စွာက ဒီကို တာဝန်တစ်ခုနဲ့လာတာလို့ သိထားရတယ်"





"ဒါတော့ ဘယ်အတတ်နိုင်မလဲဗျာ၊ ဖြစ်လာမှတော့ ရင်ဆိုင်ရမှာပေါ့"

စိုင်းဝဏ္ဏ စဉ်းစားရင်း ပြောလိုက်သည်။ ယမင်းက ဘာမှ ဝင်မပြောပါ။ အခန်းတိုင်းရှိလူအများကို တာဝန်ရှိသူမှမေးမြန်းပြီး ပြန်ထွက်သွားကြ၏။ စိုင်းကျော်စွာ အသတ်ခံရသည့်အတွက် စိုင်းဝဏ္ဏ ...င်းသာနေလေသည်။ လူသတ်သမားကိုပင် ကျေးဇူးတင်နေလေသည်။

မြန်မာပြည်မြောက်ဖျား ဝါလုက မြို့တွင် လေယာဉ်ခရီးဆုံး...ပြီဖြစ်သည်။ လေယာဉ်ပေါ်မှ လူတစ်ယောက်ဆင်းလာသည်။ ...တ်ဝန်းကျင်ကို အလစ်မပေးဘဲ အကဲခတ်လာသည်။ သူ လေဆိပ် ...ဆောက်အဦးမှ ထွက်ကာ ကားများရှိရာသို့ လျှောက်လာသည်။

"ဆရာ ဘယ်သွားမလဲ"

"မိုင်းနောင်"

"ဟုတ်ကဲ့"

သူ ကားလေးထဲ ဝင်ထိုင်လိုက်သည်။ သူထိုင်သည်နှင့် ကား...လေးလေဆိပ်အဆောက်အဦးဝင်းထဲမှ ထွက်လာသည်။ လမ်းမှာ...တမ်းသဖြင့် ကားပေါ်လိုက်လာရသူ မသက်သာပါ။ ခဏကြာ



www.burmeseclassic.com

www.burmeseclassic.com



တွင် မိုင်းနှင်းမြို့ကို ရောက်လာသည်။

မိုင်းနှင်းမြို့က ခင်မင်စွာကြိုဆိုပါ၏ ဆိုင်းဘုတ်က ခမ်းနားလှသည်။ သူ သဘောကျသွားသည်။

"ဆရာ ဘယ်ကိုမောင်းရမလဲ"

"ကန်ရိပ်သာ"

အငှားကားမောင်းသူ နှောက်ထပ်မမေးတော့ပါ။ ကားကို ကန်ရိပ်သာသို့ဦးတည်လိုက်သည်။ ကန်ရိပ်သာရှေ့တွင် ကားရပ်လိုက်သည်။ သူ ကားခပေးပြီး ဆင်းလိုက်သည်။ အဆောက်အဦထဲမှ လူတစ်ယောက်ပြေးထွက်လာသည်။ သူ့ကိုမြင်သောအခါ အံ့သြစွာသော အမူအရာဖြင့်

"ဆရာ...ဆရာ သူရိန်ထွန်း"

ဝမ်းသာမှုအရှိန်ကြောင့် သူ့အသံ တုန်နေသည်။ ပြီး စိုးရိမ်သောအမူအယာဖြင့်

"ဆရာ ဘာကြောင့်ပြန်လာတာလဲ၊ အန္တရာယ်များ..."

သူ့စကားသံမဆုံးပါ။ သူရိန်ထွန်းအသံ ထွက်လာသည်။

"တံခါးဖွင့် စံမောင်၊ ငါအလုပ်ငါသိတယ်"

စံမောင် တံခါးဖွင့်ပေးသည်။ သူ အဆောက်အဦရှိရာ





လျှောက်လာသည်။ လူခေါ်ခေါင်းလောင်းလေး နှိပ်လိုက်သည်။ တံခါးပွင့်လာပြီး လူတစ်ယောက်ထွက်လာကာအလိုမကျသော မျက်နှာဖြင့်

"လာ..."

ထိုလူခေါ်ရာနောက်သို့လိုက်လာခဲ့၏။

"အခန်းငါးကိုသွား"

သူရိန်ထွန်း ဆက်လျှောက်လာသည်။ သူ သတိထားနေရသည်။ အခန်းငါးရှေ့ရောက်သည်နှင့် ရပ်လိုက်သည်။

"ဝင်ခဲ့ပါ သူရိန်ထွန်း၊ တို့များ မင်းကိုစောင့်နေပါတယ်"

အထဲမှ အသံထွက်လာသည်။ သူရိန်ထွန်း အခန်းထဲဝင်လိုက်သည်။ စားပွဲနောက်တွင်လူတစ်ယောက်ထိုင်နေသည်။ သူ့ဘေးတွင် လူနှစ်ယောက် လက်နက်ကိုင်ကာ ရပ်နေသည်။ ထိုင်နေသူမှာ ဦးရာကျော်ဆိုသူဖြစ်ပြီး... သူရိန်ထွန်း နှင့်လုံးဝ မသင့်မြတ်သူဖြစ်သည်။

"ဘယ်လိုလဲဗျ၊ ကျုပ်ကို ဒီအတိုင်းထားမှာလား"

ဦးရာကျော်ရယ်မောပြီး စကားစလိုက်သည်။

"မင်းကို ဘယ်လိုကြိုရမယ်ဆိုတာ ငါသိပါတယ် သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ရယ်"

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားကို ချေမ်ရှင်းမပြနိုင်ဘူး။ ကျုပ်ကိစ္စရှိလို့သွားတယ်၊ ကိစ္စပြီးလို့ ပြန်လာတယ်၊ ကျုပ်ကို အမှတ်တစ်ဆီပို့ပေး"

သူရိန်ထွန်း လေသံမာမာဖြင့် ပြောလိုက်သည်။ အစကတည်းက မယုံနိုင်သော ဦးရာကျော် လူမိုက်နှစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။ လူမိုက်နှစ်ယောက် လှပ်ရှားရန် ပြင်လိုက်သည်။

"ဒိုင်း...ဒိုင်း..."

သေနတ်သံနှစ်ချက်ထွက်လာပြီး ဦးရာကျော်အားမှ ကျည်ဆန်များဖြတ်ထွက်သွားသည်။

"ကျုပ်ကိုမစမ်းနဲ့ ဦးရာကျော်၊ ကျုပ်ပြောတဲ့အတိုင်းလုပ်ပေးပါ"

ဦးရာကျော် စကားပြောခွက်လေးတစ်ခု ကောက်ကိုင်ကာ

"ပျံ့သွားတဲ့ပျံ့လွှား ပြန်ရောက်လာပြီ။ တစ်ကိုတွေ့ချင်ပါတယ်"

"ကောင်းပြီ...စခန်းကိုခေါ်လာ"

ဆက်သွယ်ရေးစက်ပြီးဆုံးသွားသည်။ ဦးရာကျော်စက်ပိတ်





ပြီး စနေရာမှထလိုက်သည်။ ဦးရာကျော် လှုပ်ရှားမှုကို သူရိန်ထွန်း သဘောကျသလိုကြည့်လိုက်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မာစီဒီးအနက်ရောင်ကားတစ်စီး လမ်းမကြီးတွင် ပြေးနေသည်။ ကားပေါ်တွင် လူရှစ်ယောက်ပါသည်။ အမျိုးသမီးတစ်ယောက်ပဲပါသည်။ အမျိုးသားများ၊ အမျိုးသမီးကလေးအား မစမနောက်ရဲပါ။ ရဲရင့်ထက်မြက်သောကြောင့်ဖြစ်သည်။

စိုင်းဝဏ္ဏ စီးကရက်ခဲရင်း သူ့ဘေးတွင် ထိုင်နေသော ယမင်းကို အကဲခတ်နေသည်။ ယမင်း… စိုင်းဝဏ္ဏကိုလှမ်းကြည့်လိုက်သည်။

"ဒီတစ်ခေါက် ပစ္စည်းများတယ်နော်"

"ဟုတ်တယ်…ယမင်း။ ဒါကြောင့်ကျွန်တော်ကိုယ်တိုင် လိုက်လာတာလေ"





"ခြသ်…"

ကားနောက်တွင် ထိုင်နေသော သန်အေး… ယမင်းကိုကြည့်ကာ သဘောကျနေသည်။ သူက ယမင်းအား တစ်ဖက်သတ်စွဲလမ်းနေသူဖြစ်သည်။ မကြာခင် ယမင်း သူ့ထံရောက်မည်ကို တွေးကာ ဝမ်းသာနေသည်။

တဖြည်းဖြည်းမှောင်လာပြီဖြစ်သည်။ ကားကြီး ဈေးမြေကို ရောက်လာသည်။ ကားတို့ခန့် ရပ်သွားသည်။

"ဘာဖြစ်တာလဲ"

"လမ်းပေါ်မှာ သစ်ပင်တစ်ပင်လဲနေတယ်၊ ကားမောင်းလို့ မရဘူး"

"ဟာ…ဒါအန္တရာယ်ပဲ၊ ဆင်းဖယ်ကြစမ်းကွာ"

စိုင်းဝဏ္ဏ စိုးရိမ်တကြီးပြောရင်း ကားပေါ်မှ ဆင်းလိုက်သည်။ ကျန်လူများလည်းဆင်းလိုက်ကြသည်။

"ဆရာ စိုင်းဝဏ္ဏ နောက်ကို လှည့်ကြည့်ပါဦး"

အသံနှင့်အတူ လူအားလုံး စိုင်းဝဏ္ဏအား သေနတ်ဖြင့် ချိန်ထားသည်ကိုတွေ့ရသည်။

"ဒါ ဘာသဘောလဲ သန်းအေး။ မင်းငါ့ကို သစ္စာဖောက်တာ



www.burmeseclassic.com

www.burmeseclassic.com



လား"

သန်းအေးနှင့်ဘက်တော်သားများ လက်နက်ကိုယ်စီဖြင့် စိုင်းဝဏ္ဏအား ချိန်ရွယ်ထားသည်။

"ဆရာ ကျွန်တော့်အကြောင်းသိပါတယ်၊ လွှပ်ရှားမယ်မကြံနဲ့နော်"

စိုင်းဝဏ္ဏ မလှုပ်ရှားရဲပါ။

"ကားကို တောထဲမောင်းသွား"

မာစီဒီးကားကြီး တောထဲသို့ဘီးတလိမ့်ချင်းဝင်သွားသည်

"ကျွန်တော်ဘာကြောင့်လုပ်လဲ သိလား ယမင်း"

"ဘယ်သိမှာလဲ"

ယမင်း ခပ်ဆတ်ဆတ်ဖြေလိုက်သည်။

"ယမင်းကိုချစ်လို့ ဒီပစ္စည်းတွေကို အပိုင်ယူပြီး ယမင်းနဲ့ အတူတစ်နေရာမှာ အေးအေးချမ်းချမ်းနေမလို့၊ ဒါကြောင့် ကျွန်တော် စွန့်စားတာ"

ထိုစကားကြောင့် စိုင်းဝဏ္ဏ ဒေါသတကြီးဖြစ်သွားသည်။

"မင်းလူမဆန်တဲ့ကောင်"

စိုင်းဝဏ္ဏ၏ အဖြူမှုန့်ထုပ်ပါသော အိတ်ကို သန်းအေးလူက





ဆွဲထားပြီး ယမင်းကို သန်းအေးက ဆွဲခေါ်နေသည်။

"ကဲ... သွားမယ်ဟေ့"

"နေဦး... ဒီလိုသွားလို့ ဘယ်ရမလဲ"

အသံတစ်သံထွက်လာသည်။ သန်းအေး အသံလာရာသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်သော်လည်း သန်းအေးလက်ထဲမှ သေနတ်လွတ်ကျသွားသည်။

"မင်းတို့ သန်းအေး မသေစေချင်ရင် လက်နက်တွေ ချလိုက်"

"ပစ္စတိုဖော်ဖော်ဆိုတာ ကျုပ်ပဲ၊ ဒီနယ်မြေမှာ မတရားလုပ်တာကို မကြိုက်ဘူး၊ ကျုပ်က တစ်ကိုယ်တော်လူမိုက်၊ အဖော်မလိုဘူး၊ မင်းတို့လက်ထဲက ပစ္စည်းချ၊ အမျိုးသမီးကို လွှတ်လိုက်ပြီး ဒီကထွက်သွား"

သန်းအေးတို့လူစု ကြောက်လန့်တကြား ထွက်သွားကြသည်။

"ကဲ...ကျုပ်လည်းသွားမယ်"

ပစ္စတို ဖော်ဖော်က စိုင်းဝဏ္ဏတို့အားပြောရင်း လှည့်ထွက်သွားသည်။

www.burmeseclassic.com



"နေပါဦး ကိုဇော်ဇော်"

စိုင်းဝဏ္ဏ လှမ်းတားလိုက်သည်။

"ဘာကိစ္စလဲ"

"ကျွန်တော့်ကို ကူညီတဲ့အတွက် ကိုဇော်ဇော့်ကို ပြုစုချင်လို့ပါ"

"ရပါတယ်ဗျာ...နေပါစေ"

"ယမင်းတို့ကို ကူညီတာ ပြုစုပါရစေ၊ လိုက်ခဲ့ပါရှင်"

ယမင်းကပါ ဝင်ပြောလိုက်ရာ ဇော်ဇော် မငြင်းသာတော့ပါ။

"ကဲ...ဒီလောက် ခေါ်နေတာ ကျွန်တော် လိုက်ခဲ့ပါမယ်"

စိုင်းဝဏ္ဏတို့ ဝမ်းသာသွားကြသည်။ ဇော်ဇော် ပြန်လျှောက်လာပြီး ကားပေါ်တက်လိုက်သည်။ တဖြည်းဖြည်း ရောမြို့နှင့် နီးတပ်လာသည်။

"ဆရာ...ဟိုတယ်ကို ကောင်းရမလား"

"အေး..."

မကြာပါ။ မိုးပြာဟိုတယ်သို့ရောက်လာသည်။

"ကဲ...ကိုဇော်ဇော် ရောက်ပြီ"

အားလုံး ကားပေါ်မှဆင်းလိုက်ကြသည်။ သူတို့သုံးယောက်





ဟိုတယ်ထဲ ဝင်လာသည်။

"ဟော့...ငါ့အခန်းထဲကို စားစရာတွေ ပို့လိုက်စမ်း၊ စုံအောင်ပို့နော်၊ အခန်းသုံးကို ရှင်းထား၊ အထူးဧည့်သည်ပါတယ်"

"ဟုတ်ကဲ့"

စိုင်းဝဏ္ဏတို့ သုံးယောက် အပေါ်ထပ်သို့ တက်လာသည်။ အခန်းကျယ်ကြီး တစ်ခုသို့ ဝင်ပြီး စိုင်းဝဏ္ဏ စားပွဲနောက်တွင် ဝင်ထိုင်လိုက်သည်။

"ထိုင်ပါ ကိုဇော်ဇော်...လွတ်လွတ်လပ်လပ်နေပါ"

"ဟုတ်ကဲ့"

"ကဲ...စားရင်းသောက်ရင်း စကားပြောကြတာပေါ့ဗျာ"

စားပွဲပေါ်တွင် စားသောက်စရာများ စုံလင်နေလေသည်။

"ကိုဇော်ဇော် ဘာလုပ်လဲဗျ"

"ကျောင်းဆိုပါတော့ဗျာ၊ လောလောဆယ်တော့ အလုပ်မရှိသေးဘူး"

"တကယ်လို့ ကျွန်တော်က အလုပ်ပေးရင်ရော"

"ဘာအလုပ်လဲဗျ"

"ကျွန်တော့်သက်တော်စောင့်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ"

"ဒါဆိုလည်း စားသောက်ကြတော့ဗျာ"

စားသောက်ကြပြီးချိန်တွင် အချိန်မနည်းတော့ပါ။ အနားယူရန် သတိရသွားကြသည်။

"ယမင်း...ကိုဖော်ဖော်ကို အခန်းပြလိုက်ပါ၊ နားပါစေ"

ယမင်း...ကိုဖော်ဖော်ကိုခေါ်ကာ အခန်းထဲမှ ထွက်လာခဲ့ကြသည်။

'အခန်းကျယ်ကြီးထဲတွင် လူတော်တော်များများရှိနေသည်။ ...ပြင့်ပေါ်ရှိ စားပွဲနောက်တွင်လည်း လူအများထိုင်နေကြသည်။ ...ည်သည့်စကားမှ မပြောကြပါ။ ဦးဖေယျူ တိတ်ဆိတ်စွာထိုင်နေသည်။ ...နှင့်မလှမ်းမကမ်းတွင် လက်နက်ကိုင်နှစ်ယောက် ရပ်နေသည်။

အခန်းထဲသို့ လူတစ်ယောက် အစောင့်နှစ်ယောက်နှင့်အတူ ...ခန်းထဲ ဝင်လာသည်။ ဝင်လာသူမှာ သူရိန်ထွန်းဖြစ်သည်။ ...ဖေယျူရှေ့တွင် ရပ်လိုက်ပြီး ဦးညွှတ်လိုက်သည်။

"မင်းဘာကြောင့်ထွက်ပြေးတာလဲ သူရိန်ထွန်း"

"ထွက်ပြေးတာမဟုတ်ဘူး၊ လူတစ်ယောက်ကို သတ်ဖို့သွား...ာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသတ်ရော သတ်ခဲ့လား"

"သတ်ခဲ့တယ်…ဒီမှာ"

သူရိန်ထွန်း လွယ်ထားသော အိတ်ထဲမှ သတင်းစာတစ်စောင်ထုတ်ပြလိုက်သည်။ စိုင်းကျော်စွာ မိုးပြာဟိုတယ်တွင် အသတ်ခံရသည့် သတင်းဖြစ်သည်။

"လျှို့ဝှက်စာအုပ်"

"ပါပါတယ်"

အညိုရောင် ကတ္တီပါဖုံးစာအုပ်ကို ဦးဖေယျ စားပွဲပေါ် တင်လိုက်သည်။ ထိုအချိန်တွင် အချက်ပေးသံကြားရသဖြင့် ဦးဖေယျ စကားပြောခွက်ကို ဖွင့်လိုက်သည်။

"ဆရာ…စိုင်းဝဏ္ဏတို့ ငါးယောက်အဖွဲ့ ဝင်ခွင့်တောင်းပါတယ်"

"လွှတ်လိုက်"

စိုင်းဝဏ္ဏ ဦးဆောင်သောအဖွဲ့ အခန်းကျယ်ထဲ ဝင်လာသည်။

"စိုင်းဝဏ္ဏ…မင်းကိုရှာနိုင်းတာ ရပြီလား"

"စိုင်းကျော်စွာ သေသွားပြီဆိုတော့ ရှင်းသွားပါပြီ"

"မင်းရလား မေးတာဖြေပါ"





"မရဘူး၊ လူသတ်သမား ယူသွားတယ်ထင်တယ်"

"သူရိန်ထွန်း"

"ရော့ ဒီဖလင်ကို ပြောတာလား၊ စိုင်းကျော်စွာ အခန်းထဲက ယူလာတာ"

သူရိန်ထွန်းဖလင်ပြားအပြင် စိုင်းကျော်စွာ သေနတ်ပါ စားပွဲပေါ်တင်ပေးလိုက်သည်၊

"မင်းဘာကြောင့်သူ့ကိုသတ်ရတာလဲ"

"ဖြူဖြူကို သိတယ်မဟုတ်လား ဆရာကြီး"

"သိတယ်လေ"

"အဲဒါ ကျွန်တော့်ညီမလေး၊ စိုင်းကျော်စွာ ချစ်ဟန်ဆောင်ပြီး အဖွဲ့အစည်းက လျှို့ဝှက်ချက်တွေ အကုန်မေးတယ်၊ သူလိုတာရတော့ ညီမလေးကို ထားခဲ့တယ်၊ ဖြူဖြူက သူ့ကိုတကယ်ချစ်တာ၊ ညီမလေး ဒီစိတ်နဲ့သေရတယ်၊ ဒါကြောင့် လက်စားချေတာပါ"

"သူရိန်ထွန်းနဲ့ပတ်သက်လို့ အဖွဲ့ဝင်များအကြံပေးကြပါ"

"ဘာမှ ပြောစရာမရှိပါဘူး၊ သူရိန်ထွန်း မှာ အပြစ်မရှိဘူးလို့ ထင်ပါတယ်"

"ဒါဆို သူ့ကို အရင်အတိုင်းပဲ လုပ်ခွင့်ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှိန်ထွန်း...ဦးညွှတ်အရိုအသေပေးလိုက်ပြီး သူ့နေရာသူ ပြန်ထိုင်လိုက်သည်။

"စိုင်းဝဏ္ဏ ဘာပြောစရာရှိလဲ"

"အဖွဲ့ဝင်အသစ်တိုးကြောင်း ပြောချင်တာပါ"

"ဘယ်သူလဲ"

"ဇော်ဇော်ပါ..."

စိုင်းဝဏ္ဏဖြစ်စဉ်များ ပြောပြလိုက်သည်။ အခန်းထဲရှိလူ အားလုံးအံ့သြသွားသည်။

"ဒီလူကို မင်းတာဝန်ယူလား"

"ဟုတ်ကဲ့"

"ကျွန်မလည်း တာဝန်ယူပါတယ်"

အဖွဲ့ဝင်တစ်ယောက် ထိတိုင်းတစ်ယောက် အာမခံရသည် တာဝန်ယူရသည်မှာ အဖွဲ့၏ထုံးစံဖြစ်သည်။

"ဒါဆို မင်းလူ အရည်အချင်းကို မနက်ဖြန်စစ်ဆေးကြည့် မယ်၊ ဒီနေ့နားကြတော့"

"ဟုတ်ကဲ့"

စကားသံအဆုံး အားလုံး အခန်းထဲမှ ထွက်သွားကြသည်





သူ့ရှိန်ထွန်းနှင့်ပတ်သက်ပြီး ဦးဇေယျရင်ထဲ ရှင်းသွားသည်။

ဇော်ဇော်အား အဖွဲ့ဝင်အဖြစ် အရည်အချင်းစစ်ကာ လက်ခံ မည်ဖြစ်သည်၊ အကဲဖြတ်မည့်လူများ၊ ကြည့်မည့်လူများ များပြားလှ သည်။

"ဇော်ဇော်..."

ဦးဇေယျ လှမ်းခေါ်လိုက်သည်။

"ကျွန်တော့်နာမည် ပစ္စတိုဇော်ဇော်ပါ"

"မင်းအစွမ်းအစလေးပြပါဦး"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

ကွင်းခြားတွင် စောင့်နေသော လက်နက်ကိုင်သုံးယောက် လွယ်ထားသော သေနတ်ကြိုးများပြတ်ထွက်ကာ သေနတ်များ လွတ် ကျသွားသည်။

"မင်းမဆိုးဘူး"

"ဒိုင်း..."

စကားမဆုံးခင် သေနတ်သံတစ်ချက်ထပ်မံထွက်ပေါ်လာပြီး ဦးဇေယျလက်ကြားမှ ဆေးပြင်းလိပ် တစ်ဝက်ပြတ်သွားသည်၊ အားလုံး လက်ခုပ်တီးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စတိုဇော်ဇော်ကို အထူးအဆင့်တစ် သေနတ်သမား ခန့်လိုက်ပြီ"

စိုင်းဝဏ္ဏနှင့် ယမင်းတို့ ဝမ်းသာမဆုံးပါ။ အခန်းထဲရှိ လူအားလုံး ပြုံးနေကြသည်။

ယမင်း...နယ်မြေအခြေအနေကို မေ့ကာ စမ်းချောင်းထဲ ရေချိုးနေသည်။ သတိဝင်လာပြီး ကမ်းပေါ်ပြေးတက်လိုက်သည်။ ကမ်းပေါ်တွင် အသင့်စောင့်နေသော စိုင်းဝဏ္ဏကို တွေ့လိုက်ရသည်။ ယမင်း ထိတ်လန့်သွားလေသည်။

"ရှင်ဘာလာလုပ်တာလဲ စိုင်းဝဏ္ဏ"

စိုင်းဝဏ္ဏ ဘာစကားမှမပြော...ယမင်းကိုယ်အား ဖက်တွယ်လိုက်သည်။

"ရှင် လွှတ်နော် မယုတ်မာနဲ့"

"ကိုယ်မင်းကို ချစ်လို့ပါ ယမင်း။ မင်းကို မလွှတ်တော့ဘူး"

ယမင်းသည် သို့မှ ရုန်းမရတော့ပါ။

"ဘာဖြစ်နေတာလဲ"

အသံနှင့်အတူ ဇော်ဇော်ရောက်လာလေသည်။

"ကိုယ့်ချစ်သူကိုယ်ချော့တာ မင်းနဲ့ဘာဆိုင်လဲ"





"မဟုတ်ဘူး"

ဇော်ဇော့် မျက်နှာတင်းမာခက်ထန်သွားသည်။

"ယမင်းကို လွှတ်လိုက်ပါ စိုင်းဝဏ္ဏ၊ ဇော်ဇော်က မတရားတာကို လက်မခံဘူးဆိုတာ ခင်ဗျားသိသားနဲ့"

ယမင်း...စိုင်းဝဏ္ဏလက်ထဲမှ ဆောင့်ရုန်းထွက်ကာ ဇော်ဇော်နောက် သွားရပ်လိုက်သည်။ ဇော်ဇော်၏ လက်တစ်ဖက် ယမင်းကို ဖက်ထားလိုက်သည်။

"မင်းတို့က အဲဒီလိုလား"

ပြောရင်း သေနတ်ဆွဲယူရန် ပြင်လိုက်သည်။

"မလုပ်နဲ့ စိုင်းဝဏ္ဏ...ဇော်ဇော်က မြန်တယ်နော်"

စိုင်းဝဏ္ဏ နားမဝင်ပါ။ အစာအလုခံလိုက်ရသောကြောင့် သေနတ်ဖြင့် လှမ်းပစ်သည်။ သေနတ်သံနှစ်ချက် ပြိုင်တူထွက်သွားသည်။

"အား..."

စိုင်းဝဏ္ဏ လက် ကျည်မှန်သွားသည်။ သေနတ်သံကြောင့် အစောင့်နှစ်ယောက် ပြေးထွက်လာသည်။

"ရော့..."



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဖော်အစောင့်နှစ်ယောက်ကို သေနတ်လှမ်းပေးပြီး

"ကျုပ် ဘာမှမလုပ်ဘူး၊ ဖြစ်သမျှကို ဆရာကြီးရှေ့မှာ ရှင်းမယ်"

"စခန်းထဲဝင်ပါ"

"ဘယ်လိုဖြစ်တာလဲ"

ဦးဖေယျ စခန်းတွင်းမှ မေးလိုက်သည်။ ယမင်း ဖြစ်သမျှ အကုန် ပြောပြပြီး ငိုသည်။

"စိုင်းဝဏ္ဏ"

"ဟုတ်ကဲ့ဆရာကြီး"

"ယမင်းဟာ ကိုယ့်အဖွဲ့သားလေ၊ ငါနောက်ထပ် ဘာမှ မကြားချင်ဘူး"

"ဟုတ်ကဲ့"

"သွားတော့"

သုံးယောက်စလုံး ပြန်ထွက်လာသည်။ ဖော်ဖော် သူ့အခန်းထဲ လှမ်းဝင်လိုက်သည်။ ယမင်းနောက်မှပါလာသည်။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ကိုဖော်"

"ရပါတယ် ယမင်း... ကိုဖော်က မတရားတာကို နည်းနည်းမှ





လက်မခံတတ်ဘူး"

"ကျေးဇူးတင်ပါတယ် ကိုဖော်"

"သွားနားတော့ ယမင်း"

ယမင်း... ဖော်ဖော့်အခန်းထဲမှ ထွက်သွားသောအခါ ဖော်ဖော်ရင်မော ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စခန်းတစ်ခုလုံး လှုပ်ရှားနေသည်။ ဦးဖေယျ အပါအဝင် အစောင့်များပါ သွားလာလှုပ်ရှားနေသည်ကိုတွေ့ရသည်။ မည်သည့်အတွက် လှုပ်ရှားနေသည်ကို ဖော်ဖော် တွေးမရပါ။ သိလိုစိတ် ပြင်းပြနေသည်။

ဖော်ဖော် အတွေးနယ်ချဲ့နေစဉ် တံခါးပွင့်လာပြီး ယမင်းဝင်လာသည်။

"ကိုဖော်သွားကြမယ်"

"ဘယ်ကိုလဲ ယမင်း"

"နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း တာဝန်ရှိသူတွေအဖွဲ့ကို လာမယ်လေ၊ အထူးအစည်းအဝေးပေါ့"

"ခေါင်းဆောင်တွေရောလား"





"ဟုတ်တယ်၊ မဖျော်လင့်တာတွေ မတွေ့ရပါစေနဲ့လို့ ဆုတောင်းတယ်"

"ဘာတွေလဲ...ကိုယ့်ကိုလည်းပြောပြထားဦး"

"ဟိုတစ်ခါ အစည်းအဝေးလုပ်တုန်းက အဖွဲ့ကို စုံစမ်းဖို့ လူတစ်ယောက်ဝင်လာတယ်၊ သူက မပိရိတော့ မိသွားတယ်လေ၊ အဲဒီလိုလူမျိုးကို ရှင်းလင်းရာမှာ အမှတ်တစ်လက်နက်ကိုင်တွေပေါ့"

"သြော်..."

ယမင်း ဆုတောင်းသလိုပင် ဖော်ဖော်လည်း ရင်ထဲမှာကြိတ်ဆုတောင်းနေမိသည်။ ဖော်ဖော် လူမသတ်ချင်ပါ။

"သွားကြမယ်"

နှစ်ယောက်သား အခန်းအတော်များများကို ဖြတ်ကျော်လာသည်။ အခန်းတစ်ခု၏ဝင်ပေါက်တွင် လက်နက်ကိုင် နှစ်ယောက်စောင့်နေသည်။ ယမင်း...ထိုအစောင့်နှစ်ယောက်ကိုကြည့်လိုက်သည်။ ထိုသူ များက ကျောက်ရုပ်ပမာ၊ မလှုပ်မယှက် ရပ်နေသည်။ ယမင်း အစောင့်နှစ်ယောက်အလယ်တွင် ဝင်ရပ်လိုက်သည်။

"ပါပ"

"စနေ"



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားလေသည်။ နှစ်ယောက်သား အခန်းထဲဝင်လိုက်သည်။ အခန်းကျယ်ကြီးထဲတွင် လူအတော်များများရောက်နေသည်။ ယမင်းမျိုးနေသူများကိုဖြတ်ကာ တတိယတန်းတွင် ဝင်ထိုင်လိုက်သည်။ စင်မြင့်ပေါ်တွင် ဦးဇေယျကို မတွေ့ရပါ။ ဦးရာကျော်ညာဘက် ခေါင်းခုံတွင် ထိုင်နေသည်ကို တွေ့ရသည်။

စင်မြင့်ပေါ်သို့ လူတစ်ယောက်တက်လာသည်။ အားလုံးမတ်တတ်ရပ်လိုက်ကြသည်။

"ထိုင်ကြပါ"

အသံသြသြထွက်လာသည်။ အေးစက်မာကျောသည်။

"ဒီနေ့ ကျုပ်တို့အဖွဲ့အစည်းရဲ့နောက်ဆုံးပတ်လှုတိုင်းပြောစရာစကားရှိသလို ကျုပ်လည်းပြောစရာစကားရှိတယ်၊ မေးစရာရှိတာတွေလည်းမေးပါမယ်"

လူအားလုံး စူးစိုက်စွာနားထောင်နေသည်။ သူရိန်ထွန်း စိတ်ဝင်တစားနားထောင်နေလေသည်။ စင်မြင့်ပေါ်ရှိ စကားပြောသူကို စူးရှစွာကြည့်သည်။ စင်မြင့်ပေါ်မှလူ စကားဆက်လိုက်သည်။

"ပျံလွှားစီမံကိန်းနဲ့ပတ်သက်လို့ အကောင်အထည်မဖော်သေးတဲ့အတွက် တာဝန်အရှိဆုံး ဦးဇေယျနဲ့ဦးရာဇော်တို့အထောက်





အထားနဲ့ ဖြေရှင်းပါ"

စင်မြင့်ပေါ်မှလူ စကားအဆုံး ဦးဇေယျ ထရပ်လိုက်သည်။

"ပြောစရာအထွေအထူးမရှိပါဘူး ခေါင်းဆောင်ကြီး၊ ဒီကလွှတ်လိုက်တဲ့လူတွေအားလုံး ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရပါတယ်၊ ဒါကြောင့် နောက်ထပ်ဆက်ပြီး လှုပ်ရှားဖို့ စီစဉ်နေပါတယ်"

"ကောင်းပြီ... တစ်လအတွင်း အကောင်အထည်ဖော်ပါ၊ အရေးကြီးတယ်ဆိုတာ သိထားပါ"

ဦးဇေယျ ပြန်ထိုင်လိုက်သည်။ စကားပြောသူ အားလုံးကို စူးစိုက်စွာကြည့်လိုက်ပြန်သည်။ ပြီး စကားဆက်လိုက်သည်။

"သူရိန်ထွန်း"

သူရိန်ထွန်းကိုယ် ဆတ်ခနဲ တုန်သွားသည်။

"မင်းကိစ္စနဲ့ပတ်သက်လို့ ကျေနပ်တယ်၊ အရင်တာဝန်ကိုပြန်ယူပါ၊ ရေ့မှာလုပ်စရာရှိတယ်၊ ဦးဇေယျဆီက အမိန့်ယူပါ၊ စိုင်းကျော်စွာကို သတ်ခဲ့တဲ့အတွက် ဆုငွေနှစ်သိန်းယူပါ၊ ဘာပြောစရာရှိလဲ"

"မရှိပါဘူး"

တစ်ယောက်တစ်ယောက် ပေးသင့်သူများကို ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တော်တော်ကြာသွားလေသည်။

"ကဲ...ပေးစရာရှိတာပေးပြီးပြီ၊ ယူစရာရှိတဲ့လူဆီက ပြန်ယူရမယ်၊ နံပါတ်ဆယ့်တစ်ဘာပြောစရာရှိလဲ"

"ဘာမှ ပြောစရာမရှိဘူး"

"သူ့ကိုရှေ့ထုတ်လိုက်"

လက်နက်ကိုင်နှစ်ယောက် အမှတ်ဆယ့်တစ်ကို ဆွဲထုတ်လာသည်။

"မင်းအပြစ်သိလား"

"ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး"

"တိတ်စမ်း"

စင်မြင့်ပေါ်မှလူ ဒေါသတကြီးအော်ဟစ်လိုက်သည်။ သူ့ရိုန့်ထွန်း တစ်စုံတစ်ခုကို တွေးနေသည်။ သူ့ရင်ထဲ မတင်မကျ ဖြစ်နေသည့်အကြောင်း နိုင်မာလာသည်။ သူ စီးကရက်မီးညှိလိုက်သည်။

ရက်စက်စွာ အပြစ်ပေးနေသော အဖြစ်အပျက်ကို သူ မကြည့်ချင်တော့ပါ။ ဦးဖေယျအား တစ်စုံတစ်ခုပြောပြီး ထိုင်နေရာမှ ထွက်လာခဲ့လေသည်။



သူရိုန့်ထွန်း တစ်ခန်းပြီးတစ်ခန်း ဖြတ်လျှောက်လာခဲ့သည်။ အခန်းငါးခန်းမြောက်တွင် သံမဏိဗီရိုရှိရာသွားပြီး ဖွင့်နိုင်ရန် ကြိုးစားကြည့်သည်။ မရပါ။ သူ့ခေါင်းထဲ လက်ခနဲ ဖြစ်သွားသည်။ သူချက်ချင်း အခန်းထဲမှ ထွက်လာသည်။

သူရိုန့်ထွန်း ခြေလှမ်းများစခန်းအပေါက်ဝ ရေတံခွန်စီးဆင်းနေသော နေရာရောက်ရန် သွားနေသည်။ သူရိုန့်ထွန်းအနီးရှိ သစ်ပင်ပေါ်တက်လိုက်သည်။ လင့်စင်ရှိ၍ လင့်စင်ပေါ်ထိုင်ကာ စီးကရက်တစ်လိပ်ထုတ် မီးညှိဖွာနေလေသည်။

ဂူပေါက်ဝသို့ မကြာခဏ လှမ်းကြည့်နေမိသည်။ သူ့အတွေးမှန်လျှင် မျှော်လင့်မိသူ သည် နေရာသို့ရောက်ရမည်ဖြစ်သည်။ သူ့အတွေးများ အဝေးရောက်သွားလေသည်။

"ကိုကို..."

www.burmeseclassic.com



"ဘာလဲ သူဇာ"

"သူဇာနဲ့နေရတာ ပျော်လားလို့"

"ပျော်တာပေါ့ သူဇာရယ်၊ သူဇာ့ကို ချစ်လွန်းလို့ ကိုကို ဒီ အခြေအနေရောက်နေတာလေ"

"ဟုတ်တယ် ကိုကို၊ သူဇာ ဒီမှာ မနေချင်တော့ဘူး"

"ဘာကြောင့်လဲ သူဇာ၊ အစကတော့ သူဇာ့ကို ချစ်ရင် သူဇာ တို့အဖွဲ့အစည်းကို ချစ်ရမယ်ဆို၊ အခုဘယ်လိုဖြစ်ရတာလဲ သူဇာ"

"အစကတော့ ဟုတ်တယ်၊ အခုတော့ အဖွဲ့အစည်းရဲ့လုပ်ရပ် တွေကို မကြိုက်ဘူး၊ တောတောင်ထဲမှာလည်း မနေချင်တော့ဘူး"

"တကယ်ပြောနေတာလား သူဇာ"

"တကယ်ပြောတာပါ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"သူဇာတို့ ဒီက ထွက်ပြေးကြမယ်လေ"

"ထွက်ပြေးမယ် ဟုတ်လား၊ လွတ်ပါ့မလား"

"ဟုတ်တယ်လေ၊ လွတ်အောင်ပြေးရင် လွတ်မှာပေါ့ ကိုကို"

"ဒါဆို သူဇာတစ်ယောက်တည်း အရင်ပြေး၊ ကိုကိုစီစဉ်ပေး မယ်၊ ကိုကိုကို အိမ်ကြီးက စောင့်၊ အဆင်မပြေရင် ရွှေပန်းမြိုင်ဘုရားပွဲ





ကိုလာ သိလား"

"ကိုကိုရော ဘယ်လိုလုပ်မလဲ"

"အခွင့်အရေးကို စောင့်ရမှာပေါ့၊ သူဇာ့ကို ချစ်လို့ ကိုကိုနေ တာ၊ မဟုတ်ရင် ကြာလှပြီ ပြေးတာ၊ ကိုကို နောက်တော့ လိုက်ခဲ့မယ် နော်"

"ကိုကို တကယ်လိုက်လာနော်"

"စိတ်ချပါ"

သူရိန်ထွန်း အစီအစဉ်ဖြင့် သူဇာတစ်ယောက် လွတ်မြောက် သွားသည်။ သူရှာဖွေသော်လည်း မတွေ့ပါ။ ဘုရားပွဲတွင်လည်း မတွေ့ ပါ။ ယခုလို နေရာတွင် ပြန်တွေ့ရသည်။ သူ သဘောပေါက်သွားသည်။

သူရိန်ထွန်း တာဝန်များကို သတိရလိုက်သည်။ အဖြူအမဲ သဲကွဲရန် စောင့်နေရသည်မှာ အချိန်အတော်ကြာသွားသည်။ နာရီကို ကြည့်လိုက်ရာ အချိန် သုံးနာရီရှိနေပြီ... သူရိန်ထွန်း လှမ်းကြည့် လိုက်သည်။ သူ့မျက်ဝန်းများ တစ်စုံတစ်ရာကို မြင်လိုက်သဖြင့် ဝမ်းသာအားရဖြစ်သွားသည်။ သူ့အတွေးမှန်နေသည်။

အဖွဲ့အစည်းခေါင်းဆောင်ကို သေချာသိလိုက်ပြီး လျှောက် လာသူက အေးဆေးပင်။ သူရိန်ထွန်း စောင့်နေသည်ကို မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွင် အန္တရာယ်မရှိကြောင်း သိထားသည်။

မကြာပါ သူရိန်ထွန်း စောင့်နေသော သစ်ပင်အောက်သို့ ရောက်လာသည်။ ပတ်ဝန်းကျင်ကို မျက်စိကစားပြီး ဝတ်ထားသော အဝတ်များကို ချွတ်လိုက်သည်။ ရေထဲဆင်းလိုက်သည်။

သူရိန်ထွန်း သစ်ပင်ပေါ်မှ ဆင်းလိုက်သည်။ ပင်စည်ဘေးတွင် ရပ်နေလိုက်သည်။ ရေသံတိတ်သွားသည်။ ရေထဲက လူ ကမ်းပေါ်တက်လာပြီး အဝတ်အစားထားရာ လျှောက်လာသည်။ သူရိန်ထွန်း ပင်စည်ကွယ်မှ ထွက်လိုက်သည်။ ထိုလူ သူရိန်ထွန်းကို တွေ့သွားသည်။

"ဟင်…ကိုကို…"

အသံမှာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

"ဟုတ်တယ် ကိုကိုလေ၊ မင်းအတွက် အံ့ဩစရာဖြစ်သွားလား"

သူရိန်ထွန်းမကျေမနပ်သံဖြင့် ပြောလိုက်သည်။

"ကိုကို စိတ်ဆိုးနေလား"

"မင်း ကိုကို့မေတ္တာကို စုတ်ပြဲလုပ်သွားတယ်၊ ရင်နာလိုက်တာကွာ"





"စိတ်မဆိုးပါနဲ့ ကိုကို၊ သူဇာ တောင်းပန်ပါတယ်၊ သူဇာ မလုပ်မဖြစ်လို့ လုပ်ရတာပါ၊ တောင်းပန်ပါတယ်၊ ကိုကို့မေတ္တာကို စုတ်ပြဲလုပ်တာ မဟုတ်ပါဘူး၊ ကိုကို့ကို ချစ်နေဆဲပါ"

သူရိန်ထွန်းတစ်ယောက် သူဇာ့စကားများကြောင့် ခဲထားသမျှအရည်ပျော်သွားလေသည်။

"မင်း တကယ်ချစ်တာမှ ဟုတ်ရဲ့လား သူဇာ၊ သူဇာ့ကို ချစ်ရတာ ကြောက်စရာကောင်းတယ်"

"ကိုကိုနော်… ကိုကို့အတွက် ဘာအန္တရာယ်မှ မရှိဘူး သိလား"

"ဝမ်းသာပါတယ် သူဇာ၊ မိန်းမတစ်ယောက် ဒီလိုအဖွဲ့အစည်းကို တည်ထောင်ပြီး ခေါင်းဆောင်နိုင်တာကို ကိုကို ဂုဏ်ယူပါတယ်"

"ဂုဏ်ယူတာပဲလား ကိုကို၊ သူဇာ့ကို ပိုမချစ်ဘူးလား၊ ကိုကို ဘာလိုချင်လဲ ပြော၊ အကုန်ရစေရမယ် သိလား"

သူဇာ့စကား မှန်ပါသည်။ ဒေဝီအဖွဲ့အစည်းအကြောင်း သူသိထားပြီးပြီ။

"ကိုကို ဘာမှ မလိုချင်ဘူး သူဇာနဲ့ အေးအေးချမ်းချမ်းနေရ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝေတော်မူပြီ"

သူရိန်ထွန်းဖြစ်ချင်တာကို ပြောပြလိုက်သည်။

"ကိုကိုကလည်း လူဆိုတာ အကြံကြီးကြီးကြံရတယ်၊ ကြီးပွားတိုးတက်အောင် အလုပ်လုပ်ရမယ်၊ ရဲရင့်ပြတ်သားရမယ်၊ ကိုယ့်လုပ်ငန်းကို နှောင့်ယှက်ရင် ရှင်းရမယ်"

သူဇာ့စကားများ အတွေးဆန်နေသည်။ လမ်းမှာအစွန်ဆုံး ရောက်နေသည်။

"ဒါတွေထားပါတော့၊ ကိုကို သူဇာကို ဘယ်လိုမှတ်မိလဲ၊ ဘယ်သူမှမသိကြဘူး"

"သူဇာ သုံးတဲ့ ရေမွှေးနံ့ကြောင့်ရယ်၊ နောက်တစ်ချက်က ဖိနပ်ပဲ၊ ရုပ်ဖျက်ထားပေမယ့် ဖိနပ်က သေးနေတယ်၊ မမျှတဘူး၊ ဒီဖိနပ်ကို သူဇာ့အခန်းမှာတွေ့ဖူးထားတယ်လေ၊ ဒါကြောင့် မှတ်မိတာပါ"

သူဇာ သူမ ရှုတ်ယှင်းချက်ကို သိသွားပြီး ပြုံးပြင်ရန် သတိမြုမိသည်။

"ကဲ…သူဇာတို့သွားရအောင်"

"သွားလေ"

"အတူတူသွားမယ်လေ"





သူဇာ အဝတ်အစားများ လဲလှယ်ဝတ်ဆင်လိုက်သည်။ လှပချောမောသော သူဇာအဖြစ် စခန်းအတွင်း ပြန်ဝင်ခဲ့သည်။ သူရိန်ထွန်းနှင့်သူဇာတို့ကိုကြည့်ကာ အစောင့်များ အံ့သြနေလေသည်။

သူရိန်ထွန်းရှေ့မှ လာနေသော ဇော်ဇော်နှင့် ယမင်းတို့ကို တွေ့လိုက်ရတယ်။

"ကိုသူရိန်ထွန်း၊ဟယ်…မမသူဇာလည်းပါတယ်"

ယမင်း နှုတ်ဆက်လိုက်သည်။ သူဇာ… ယမင်းကို ပြုံးပြလိုက်သည်။

"ရေချိုးပြီး ပြန်လာတာလေ"

"မှတ်ကဲ့"

ဇော်ဇော်… သူရိန်ထွန်းဇာတ်မှ ပါလာသော အမျိုးသမီး အကြောင်းတွေးလာသည်။

"ကိုဇော်… မနက် ခရီးသွားရမယ်နော်၊ ယမင်းသွားတော့မယ်၊ မနက်ကျမှ ဆုံမယ်"

နှုတ်ဆက်ထွက်သွားသော ယမင်းကိုကြည့်ကာ ဇော်ဇော် ရင်မောသွားသည်။ စိတ်မော လူမော ဖြင့် အခန်းတွင်း ဝင်လာသည်။ အခန်းထဲရှိ ခုတင်ပေါ်တွင် လှဲချလိုက်သည်။ ကျောအောက်တွင် တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုနေသဖြင့် စမ်းကြည့်လိုက်သည်။

စာရွက်လေးတစ်ရွက်... ဇော်ဇော် ချက်ချင်းဖြန့်ဖတ်လိုက်သည်။

"စိုင်းဝဏ္ဏကို သတိထား...

မိုင်းနင်းတောင်ခြေအဆင်း..."

စာမှာ တိုတိုလေးဖြစ်သည်။ တခြားဘာမှမပါ။ ဇော်ဇော်စာကို ဖတ်ပြီးမီးရှို့ကာ ပြာကျသည်အထိ ကိုင်ထားလိုက်သည်။ အိပ်စက်ရန် ပြင်လိုက်လေသည်။

ခေါင်းထဲတွင် မနက်ဖြန်သွားရမည့်ကိစ္စအတွက် အစီအစဉ်တွေ ဝင်လာသည်။ နဖူးကြောကြီးများ ထောင်လာအောင် စဉ်းစားသည်။ အဖြေက ရှင်းရှင်းထွက်လာသည်။

အဖြေရသည်နှင့် ဇော်ဇော် စိတ်ချလက်ချ အိပ်ပျော်သွားသည်။ အဖြေမှာ မိုင်းနင်းတောင်ခြေတွင် ပေါ်မည်ဖြစ်သည်။



လူဆယ့်နှစ်ယောက် တန်းစီသွားနေကြသည်။ ထိုလူတန်းကို ခေါင်းဆောင်သူမှာ စိုင်းဝဏ္ဏ၊ အုပ်ချုပ်သူ သူရိန်ထွန်း၊ ထိုလူတန်းထဲတွင် စိုင်းဝဏ္ဏ မကြည့်ချင်သော ဇော်ဇော် ပါလာသည်။ စိုင်းဝဏ္ဏမျက်နှာခက်ထန်တင်းမာနေသည်။ ဇော်ဇော်ကလည်း ခပ်တည်တည်ပင်၊ ရင်ထဲ အတွေးအပြည့်နှင့်ဖြစ်သည်။

စိုင်းဝဏ္ဏထက်အဆင့်မြင့်သော သူရိန်ထွန်း တပည့်အားကိုးနဲ့ အိုက်တင်များနေသည်ကို ကြည့်မရပါ။ ယမင်းနောက်မှ ခပ်ရွှာရွှာလိုက်လာသည်။ တောင်တွေကို ကျော် ၊ တောတွေကိုဖြတ်လာကြသည်။ တောတောင်လမ်းခရီးဖြစ်၍ ကြမ်းတမ်းသည်။ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာနေကြသည်။ စကားမပြောကြပါ။

စကားပြောနေကြသူနှစ်ယောက်မှာ ယမင်းနှင့် ဇော်ဇော်တို့ဖြစ်သည်။ သူများတွေ မောပန်းနေကြပေမဲ့ သူတို့နှစ်ယောက် မမော



www.burmeseclassic.com

www.burmeseclassic.com



ပန်းနိုင်အောင် စကားပြောနေကြသည်။

"ဒီမှာနားမယ်"

သူရိန်ထွန်းထံမှ အသံထွက်လာသည်။ စစ်ရောင်ကျာကင်အဲထူ၊ တောဆောင်းဦးထုပ်၊ တောစီးဖိနပ်နှင့် ကားဘိုင်သေနတ်ဆောင်ထားသော သူရိန်ထွန်း နီးရာ သစ်ပင်အောက် ဝင်ထိုင်လိုက်သည်။ ကျန်သူလူများ အလျှိုလျှို ရပ်လိုက်ကြပြီး ပါလာသော အစားအသောက်များကို ထုတ်စားကြသည်။

ယမင်းနှင့်ဖော်ဖော်တို့ တစ်တွဲဖြစ်နေသည်။ သူတို့နှစ်ယောက်အား စိုင်းဝဏ္ဏကြည့်မရဖြစ်လာသည်။ သူ စူးဝါးစွာကြည့်နေလေသည်။ အမောပြေလောက်သည့်အချိန်တွင် သူရိန်ထွန်း အသံထွက်လာပြန်သည်။

"သွားကြမယ်"

အားလုံးခရီးဆက်ရန်ပြင်လိုက်သည်။ သူရိန်ထွန်းကိုင်ထားသောလက်နက်နှင့် ဆုကော့(စ်) အနက်ကလေးကို ကိုင်ကာ ဆက်လျှောက်လာသည်။ ခရီးဆုံးခါနီးပြီဖြစ်သည်။ မိုင်းနှင်းတောင်ခြေကိုမြင်နေရပြီဖြစ်သည်။ သူတို့သွားရမည့်ခရီးမှာ မိုင်းနှင်းတောင်ခြေဖြစ်သည်။ သူတို့အားလုံး တောင်အောက်ဆင်းလိုက်ကြသည်။ မကြာပါ။





မိုင်းနှင်းတောင်ခြေသို့ရောက်လာသည်။

မိုင်းနှင်းတောင်ခြေတွင် တဲငါးလုံးရှိသည်။ ပစ္စည်းလဲရမည့်စခန်းဖြစ်သည်။ အရောင်းအဝယ်လုပ်သည့်နေရာလည်းဖြစ်သည်။ တဲပေါက်ဝမှ သူတို့ကို လူ တစ်ယောက်ကြိုနေသည်။ တဲစခန်းစောင့်သူဖြစ်သည်။

သူရိန်ထွန်းတို့ တဲအတွင်းဝင်လိုက်သည်။ တဲငါးလုံးထဲမှ သူရိန်ထွန်းနှင့်အဖွဲ့သားတစ်ယောက် တဲတစ်လုံး၊ ယမင်းနှင့်ဖော်ဖော်တို့ကတစ်လုံး၊ ကျန်တဲများကိုစိုင်းဝဏ္ဏတို့လူစုက နေရာယူလိုက်ကြသည်။ တစ်ဖက်မှ ပစ္စည်းလာပို့သူများညမှလာမည်ဖြစ်သည်။ ပစ္စည်းလဲပြီး မနက်ပြန်မည်ဖြစ်သည်။ ထိုအစီအစဉ်ကို သူရိန်ထွန်းနှင့်စိုင်းဝဏ္ဏတို့နှစ်ယောက်သာသိသည်။ ကျန်လူများ မသိကြပါ။

စိုင်းဝဏ္ဏတို့လူစုတဲထဲမှ စားသောက်သံနှင့် စကားပြောရယ်မောသံများ ထွက်နေသည်။ တဖြည်းဖြည်းအသံများတိုးတိတ်သွားကြသည်။ သူရိန်ထွန်းသေနတ်ကို အသင့်ပြင်ပြီး အိပ်ရာဘေး ထောင်ထားသည်။

"အောင်ဆွေ...ဟေ့အောင်ဆွေ"

"ဆရာထွန်း...ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆွေအိပ်နေရာမှ လူးလဲထမေးလိုက်သည်။

"စိုင်းဝဏ္ဏကို သွားခေါ်စမ်း"

"ဟုတ်ကဲ့"

အောင်ဆွေထွက်သွားသည်။ ချက်ချင်းတဲအတွင်းပြန်ဝင်လာသည်။ သူ့မျက်နှာတွင်အရေးတကြီးဖြစ်ဟန် အထင်းသားပေါ်နေ၏။

"ဘာလဲဟေ့"

"စိုင်းဝဏ္ဏတို့မရှိတော့ဘူးဆရာ"

"သေချာရဲ့လားကွာ"

သူရိန်ထွန်းထပ်မေးလိုက်သည်။

"သေချာပါတယ်ဆရာ၊ တဲတွေအားလုံး ကြည့်ခဲ့ပါတယ်။ စောစောကထွက်သွားကြတယ်ထင်တယ်"

"ဒါဆို ပြဿနာပဲ"

သူရိန်ထွန်း စဉ်းစားလိုက်သည်။ ဆုကေ့(စ်)ကို ယူပြီး သေနတ်ကိုင်ထားလိုက်သည်။

"အောင်ဆွေ မင်းပစ္စည်းတွေယူ၊ ဖော်ဖော်တို့ တဲကို သွားကြမယ်"





ချက်ချင်းနှစ်ယောက်သားဖော်ဖော်တို့တဲသို့ရောက်လာကြသည်။ တဲအတွင်းဝင်လာသူနှစ်ယောက်ကိုကြည့်ကာ ဖော်ဖော်တစ်ခုခုဖြစ်ပြီကို သိလိုက်သည်။

"ဘာဖြစ်လာကြတာလဲ"

"စိုင်းဝဏ္ဏတို့မရှိတော့ဘူးဖော်ဖော်"

ဖော်ဖော် မျက်ခုံးမြင့်သွားသည်။ ချက်ချင်း စိုင်းဝဏ္ဏ ခြေလှမ်းကိုတွက်မိသည်။

"အစ်ကိုတို့အစီအစဉ်က ဘယ်လိုလဲ"

"မနက်ဖြန် ပစ္စည်းလဲကြဖို့၊ ဒီည ဟိုလူတွေ လာလိမ့်မယ်"

"ဒါဆို စိတ်မပူပါနဲ့၊ လုပ်စရာရှိတာလုပ်ဖို့ အချိန်ရပါတယ်"

"ဖော်ဖော် ဘယ်လိုစီစဉ်မလဲ၊ စိုင်းဝဏ္ဏ သစ္စာဖောက်တာ အရေးမကြီးဘူး၊ တစ်ဖက်ကလူတွေအဖွဲ့ကို တစ်မျိုးထင်သွားမှာစိုးရတယ်"

သူရိန်ထွန်းဖြစ်ပေါ်လာမည့်အခြေအနေကို ကြိုတင်တွေးပူလိုက်သည်။

"ဒါတော့လည်း ဘယ်တတ်နိုင်မလဲ၊ လောလောဆယ် ကျွန်တော်တို့ ဒီနေရာက ခွာမှဖြစ်မယ်၊ မနက်မှပဲ အခြေအနေကြည့်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ကြတာပေါ့"

"ဟိုလူတွေလာရင်ဘယ်လိုလုပ်မလဲ"

"ဒါကိစ္စမရှိဘူး၊ မနက်စောစောမှ ပစ္စည်းလဲမယ်လို့ စာရေးထားပြီး တဲစောင့်ကိုပေးခဲ့မယ်၊ ဟိုကလာတဲ့လူကိုလည်း သတိပေးသလိုဖြစ်သွားမယ်လေ"

လောလောဆယ် ဖော်ဖော်ပြောသောအကြောင်းသည် ယမင်းဘာမှဝင်မပြောပါ။

"ကဲ သွားမယ်"

သူတို့လေးယောက် တဲအတွင်းမှထွက်လာခဲ့သည်။

"သူရိန်ထွန်း ခင်ဗျားတို့နဲ့ ကျုပ်လမ်းခွဲမှ ဖြစ်မယ်၊ မပူနဲ့ ခင်ဗျားနောက်မှာ ကျုပ်အမြဲရှိတယ်ဆိုတာ ယုံကြည်ပါ။ ဒီည ခင်ဗျားတို့ ဟိုဘက်သစ်ပင်ပေါ်မှာအိပ်၊ ကျုပ်တို့က ဒီဘက်သစ်ပင်ပေါ်မှာ အိပ်မယ်"

နှစ်ယောက်တစ်ဖွဲ့စီ လမ်းခွဲကာ သစ်ပင်ပေါ် တက်ပုန်းအောင်းနေလိုက်သည်။



မီးပုံကြီးအရှိန်ဖြင့် တောက်လောင်နေသည်၊ မီးပုံဘေးရှိ လူအံများ မှာ အစောင့်တစ်ယောက်ကိုကင်းချထားပြီး ကျန်လူများ အရက်သောက်လိုက်၊ အမြည်းစားလိုက်နှင့် ဖိမ်ကျနေကြသည်။

စိုင်းဝဏ္ဏတို့ လူစု စကားပြောလိုက်၊ ရယ်မောလိုက်နှင့် အတန်ကြာသောအခါမှ စိုင်းဝဏ္ဏ လက်မှ နာရီကို ကြည့်လိုက်သည်။

"ကဲ...သွားကြမယ်"

ဆရာဖြစ်သူ အမိန့်ကြောင့် သူတို့တစ်အုပ်စုလုံး ထိုင်ရာမှထလိုက်ကြသည်။ အချိန်စောနေသည်။ စိုင်းဝဏ္ဏ မြန်မြန်မိုးလင်းစေချင်သည်၊ ပစ္စည်းလဲသောလူတွေနှင့် သူရိန်ထွန်းတို့အုပ်စုကို အပိုင်ကိုင်မည်၊ ယမင်းကို ခေါ်ကာ ထွက်သွားမည်၊ သူ့အဆက် အသွယ်များနှင့် အဖွဲ့အစည်းတစ်ခု တည်ထောင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုပြုလုပ်မည့် တန်ဖိုးအရေအတွက် မနည်းပါ။ သူလုပ်ဆောင်မည့် လုပ်ငန်းအတွက် အတော်အထောက်အကူဖြစ်သည့် ငွေကြေးမျိုးဖြစ်သည်။ နောက်လိုက်လည်း အသင့်ရှိနေသည်။ ကြိုတင်စုဆောင်းထားသော လက်နက်များလည်း အသင့်ရှိနေသည်။ ဒါက သူ့အတွေးဖြစ်သည်။

"ဆရာစိုင်းဝဏ္ဏ… စခန်းကိုရောက်တော့မယ်"

တပည့်တစ်ယောက်လှမ်းသတိပေးလိုက်သည်။ စိုင်းဝဏ္ဏ အတွေးပြတ်သွားသည်။

"မင်းတို့လေးယောက် အလယ်တဲကိုဝိုင်း၊ ကျန်တဲ့လူက တခြားတဲ၊ ငါတို့သုံးယောက်က အပြင်မှာစောင့်နေမယ်၊ အခြေအနေမလှရင် ဝင်ကူမယ်၊ လှုပ်ရှားတာတွေ့ရင် ပစ်၊ ဇော်ဇော် ဘယ်လောက်မြန်တယ်ဆိုတာ မင်းတို့သိတယ်၊ နောက်ပြီး သူရိန်ထွန်းကိုလည်း လျှော့မတွက်နဲ့"

"စိတ်ချပါဆရာ…"

"အေး…သွားတော့"

စန်းမောင်တို့လူစု အလယ်တဲကိုဝိုင်းလိုက်ကြသည်။ စိုင်းဝဏ္ဏတို့ ပတ်ဝန်းကျင်ရှိ ချုံနွယ်များကို အကဲခတ်ကြည့်နေသည်။





တဲအတွင်း ပစ္စည်းလဲမည့်သူများ ရောက်နေကြသည်။ လူငါးယောက်ဖြစ်သည်။ ငါးယောက်စလုံး ထက်မြက်သော လက်နက်ကိုင်များဖြစ်သည်။

စန်းမောင် တဲအတွင်း ဝင်ရန်ပြင်လိုက်သည်။ ရောင်နီပေါ်စအချိန်ဖြစ်သည်။ လူနှစ်ယောက်လျှောက်လာသည်ကို တွေ့သဖြင့် တဲဘေး အသာကပ်နေလိုက်သည်။ လျှောက်လာသူမှာ သူရိန်ထွန်းနှင့်အောင်ဆွေတို့ဖြစ်သည်။

ဇော်ဇော်နှင့်ယမင်းတို့ကို မတွေ့ရသေးသည်ကို စန်းမောင် စဉ်းစားမရဖြစ်သွားသည်။ သူရိန်ထွန်း တဲအတွင်းဝင်လိုက်သည်။ တဲအတွင်းမှ ပစ္စည်းလဲမည့်သူက သူ့ကိုမြင်သည်နှင့် ပြုံးပြသည်။

"လာပါ… ကျွန်တော်တို့က ဒီလောက်စောစောလာမယ် မထင်ဘူး"

"ခင်ဗျားတို့စောင့်နေရမှာ အားနာလို့ စောစောလာခဲ့တာပါ"

သူရိန်ထွန်း ပြန်ပြောလိုက်သည်။ ထိုလူက သူရိန်ထွန်း စေတနာစကားကြောင့် သဘောကျသွားသည်။

"ကောင်းတယ်ဗျာ၊ စောစောပြီးတော့ စောစောပြန်ရတာပေါ့"

သူ့လူတွေပါ ထလာကြသည်။ သူရိန်နှင့် အောင်ဆွေတို့ နှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံပေါ်သို့ ဆုကေ့(စ်)အနက် ကလေးကို တင်လိုက်သည်။ တစ်ဖက်လူကလည်း ကျောပိုးအိတ်သုံးလုံးနှင့်ထည့်ထားသော ပစ္စည်းများ ယူပေးလိုက်သည်။

ဆုကေ့(စ်)ထဲရှိ ရတနာများ အရောင်တောက်ပနေလေသည်။

"ကျုပ်ကတော့တာဝန်ကျေပြီ ခင်ဗျားတို့ပစ္စည်းပြည့်စုံရဲ့လား"

"ပြည့်စုံပါတယ် ဒီမှာပါ"

ကျောပိုးအိတ်ထဲမှ ပစ္စည်းများကို လက်ညှိုးထိုးပြသည်။

"တစ်ယောက်မှ မလှုပ်နဲ့"

အသံနှင့်အတူ စန်းမောင်တို့အုပ်စုကိုတွေ့ရသည်။ အားလုံး အံ့ဩသွားကြသည်။ အောင်ဆွေတို့လူစု လှုပ်ရှားရန်ပြင်လိုက်ကြသည်။

"လှုပ်ရှားဖို့မကြိုးစားနဲ့နော်၊ ကျည်ဆန်က လူမရွေးဘူး"

စန်းမောင်လေသံ မာနေသည်။ အပေါ်စီးရထားဟန် မာန်အပြည့်ဖြစ်သည်။ လှုပ်ရှားရန်ပြင်သူများ ငြိမ်သွားကြသည်။ စန်းမောင် စားပွဲပေါ် တင်ထားသော ဆုကေ့(စ်)အနက်ကို ဆွဲယူလိုက်သည်။ သူရိန်ထွန်းဒေါသထွက်သွားသည်။ အချိန်မကျသေးသောကြောင့် အံကိုတင်းကြိတ်ကြည့်နေလိုက်သည်။





"စန်းမောင်...မင်းတို့လွတ်အောင်လည်း မပြေးနိုင်ဘဲ ဘာကြောင့်ဒီလိုလုပ်တာလဲ"

"တိတ်စမ်း၊ စကားမများနဲ့၊ ခင်ဗျားတို့လက်တွေ ခေါင်းပေါ်တင်ထား"

သူရိန်ထွန်းစကားကြောင့် စန်းမောင် လေသံမာသွားသည်။ သေနတ်ပြောင်းကို ဝေ့ယမ်းပြီး အမိန့်ပေးလိုက်သည်။

"အိတ်တွေပါယူ"

စန်းမောင်တို့ ပစ္စည်းများ သိမ်းကျုံးယူပြီး သူရိန်ထွန်းကို ကြည့်လိုက်သည်။ အခြေအနေ မမျှော်လင့်ဘဲ ပြောင်းသွားသည်။

"လောဘတွေ သိပ်ပြီးကြီးမနေနဲ့၊ နောက်လှည့်ကြည့်ဦး"

ရုတ်တရက်ထွက်လာသောအသံကြောင့် စန်းမောင် တို့ လှည့်ကြည့်ကာ လှုပ်ရှားဟန်ပြင်လိုက်သည်။ ယမင်း၏ ကျည်ဆန်က စန်းမောင်သေနတ်ကိုင်လက်ကိုထိမှန်သွားသည်။

"ဘယ်သူတွေ လှုပ်ရှားဦးမလဲ"

ယမင်း အသံထွက်လာသည်။ အခွင့်အရေးရသည်နှင့် သူရိန်ထွန်း ခါးကြားမှ သေနတ်ထုတ်လိုက်သည်။ အကျရာရထားသော စန်းမောင်မျက်နှာကို ဖြတ်ရိုက်လိုက်သည်။ စန်းမောင် မသဲမကွဲ အသံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကာ သွေးများဖြာကျလာသည်။ သူရိန်ထွန်း ဆုကော့(စ်)ကို ဆွဲယူလိုက်သည်။

"မင်းဆရာ…စိုင်းဝဏ္ဏ ဘယ်မှာလဲ"

စန်းမောင်မဖြေပါ။ စူးဝါးသောအကြည့်ဖြင့် သူရိန်ထွန်းကို ကြည့်နေလေသည်။

"ဟော့ကောင် မေးနေတာဖြေလေ"

အကျဉ်းသားဘဝရောက်သွားသော စန်းမောင်တို့အုပ်စု ငြိမ်သက်နေသည်။

"ဒိုင်း…"

သူရိန်ထွန်းလက်ထဲမှ သေနတ်လွတ်ကျသွားသည်။

"မင်းတွေချင်တဲ့ငါဒီမှာဟေ့"

ပြောရင်းဝင်လာသူက စိုင်းဝဏ္ဏ၊ သေနတ်က သူရိန်ထွန်းကို ချိန်ရင်းပြတင်းပေါက်ကိုကျော်ဝင်လာသည်။

ပစ္စည်းလဲသူငါးယောက် ဘာလုပ်ရမှန်းမသိ ကြောင်နေကြသည်။ စန်းမောင်…သူရိန်ထွန်းတို့အား တိုက်ခိုက်လိုက်သည်။ သူရိန်ထွန်းလဲကျသွားသည်။

"ယမင်းကို ကြိုးတုတ်လိုက်"





စိုင်းဝဏ္ဏတို့အုပ်စု ပြန်ရန်ပြင်နေကြသည်။ လက်နက်များ သိမ်းလိုက်ကြသည်။

"သွားကြမယ်ဟေ့၊ ပစ္စည်းတွေ အကုန်ယူ"

"ခဏနေဦး"

တားမြစ်သံကြောင့် စိုင်းဝဏ္ဏ လှုပ်ရှားလိုက်သည်။ ယမင်းကို သူ့ရှေ့တွင် အကာအကွယ်ယူထားလိုက်သည်။

"မင်း ရဲရင်ပစ်လိုက် ဇော်ဇော်"

ဇော်ဇော် ယမင်းကြောင့် မပစ်သေးပါ။ လဲကျနေသူ သူရိန်ထွန်းကို အားလုံးမေ့ထားကြသည်။ သူ့အကြောင်း သိသောကြောင့် စိုင်းဝဏ္ဏလူများ မလှုပ်ရှားရဲပါ။

"ယမင်းကိုလွှတ်လိုက်ပါ၊ ခင်ဗျားကျုပ်လက်က မလွတ်ဘူး"

"မင်း…"

စိုင်းဝဏ္ဏစကားမဆုံး သူရိန်ထွန်း လှုပ်ရှားမှုကြောင့် စိုင်းဝဏ္ဏ တစ်ပတ်လည်သွားသည်၊ တအပြင်သို့မှောက်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဇော်ဇော်-"

"ဟုတ်ကဲ့ပြောပါ ဆရာကြီး"

"စိုင်းဝဏ္ဏတို့ သစ္စာဖောက်တာမင်းကြောင့်မအောင်မြင်ဘူး ဆိုဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ ယမင်းကိုသူရိန်ထွန်း၊ အောင်ဆွေတို့လည်း ပါပါတယ်"

ဇော်ဇော်ပြည့်စုံအောင် ပြောလိုက်သည်။

"စိုင်းဝဏ္ဏတို့သာ အောင်မြင်ရင် ငါတို့ဘယ်လောက် ဆုံးရှုံးသွားမယ်ထင်လဲ"

"ကျွန်တော် မသိပါဘူး ဆရာကြီး"

"ပစ္စည်းဆုံးရှုံးမယ်၊ အဆက်အသွယ်ဆုံးရှုံးမယ်၊ ဆုံးရှုံးမှုဘယ်လောက်ဆိုတာ တွက်လို့မရဘူး။ မင်းကို ပစ္စည်းလာပို့တဲ့အဖွဲ့က အရမ်းသဘောကျသွားတယ်၊ သူတို့အသက်ကိုပါ ကယ်တဲ့အတွက်





ကျေးဇူးတင်နေကြတယ်"

"ဟုတ်ကဲ့"

"စိုင်းဝဏ္ဏနေရာကို မင်းယူပါ။ ဒို့အဖွဲ့ဟာအောင်မြင်တဲ့လူကို မြှောက်စားတယ်"

ဦးဇေယျ ဆေးပြင်းလိပ်မီးညှိဖွာလိုက်ပြီး စကား ပြန်ဆက်လိုက်သည်။

"စိုင်းဝဏ္ဏဟာ ပို့ဆောင်ဖို့ရေးတာဝန်ခံ၊ အစစ စိတ်ချရအောင် လက်နက်တွေ ပေးထားမိတယ်၊ အဲဒါမှားတာပဲ"

"ဟုတ်ကဲ့"

"အဖွဲ့က တာဝန်ပေးရင် အမြန်ဆုံးအောင်မြင်အောင် ဆောင်ရွက်ပါလို့ပြောချင်တယ်...ဟုတ်လား"

"ဟုတ်ကဲ့"

ဇော်ဇော့်ကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်တော်တစ်ခုပြောပါရစေ"

"ဘာလဲ"

"ကျွန်တော့်ကို ယမင်းနဲ့တွဲပေးပါ"

"ကောင်းပြီ...မင်းသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော် အခန်းထဲမှ ထွက်လာခဲ့သည်။ ယမင်း အပြင်တွင် စောင့်နေလေသည်။ သူ့ကိုမြင်သည်နှင့် ပြုံးပြလိုက်သည်။

"ကိုဇော်"

"ပြောလေယမင်း"

"ဆရာကြီး ဘာတွေပြောလိုက်လဲ"

"စိုင်းဝဏ္ဏတို့ကိစ္စကြောင့် ကိုယ့်ကို ချီးကျူးတယ်၊ တစ်ဖက်ကလည်း ကျေးဇူးတင်တယ်၊ ကိုယ့်ကို စိုင်းဝဏ္ဏနေရာ ပေးတယ်၊ ကိုယ်က ယမင်းနဲ့အတူ တွဲဆောင်ရွက်ခွင့်တောင်းခဲ့တယ်"

"ဆရာကြီးက သဘောတူလား"

"တူတယ်... ယမင်းကလည်း အလုပ်ကို ကျွမ်းကျင်တော့ အတူတွဲပြီး ဆောင်ရွက်ပါလို့ပြောတယ်"

"ကိုဇော် သိပ်လည်တယ်နော်"

"ဘာကိုလဲ ယမင်း"

"ယမင်းနဲ့အတူ တွဲဖို့လေ"

"ဒါကတော့ ယမင်းရယ်"

နှစ်ယောက်သား ရယ်မောလိုက်ကြသည်။



လူအယောက်နှစ်ဆယ် တောင်ကုန်းထိပ်တွင် နေရာယူထားကြသည်။ သူတို့လှုပ်ရှားမှုပိရိသေသပ်သည်။ လျင်မြန်သည်။ တိကျသေချာ၍တစ်ခဏတာ လှုပ်ရှားလိုက်သည်နှင့် ထိုလူစုကို မတွေ့ရတော့ပါ။

ပုံဖျက်ခြင်း အတတ်ပညာကိုအသုံးချကာ စောင့်ဆိုင်းနေကြသည်။ သူတို့မျက်နှာတွင် မျှော်လင့်ကြီးစွာရှိသော ပုံပေါ်လွင်နေသည်။ အားလုံး ဥပဒေဘက်တော်သားများဖြစ်ကြသည်။ သတင်းအရ အပိုင်လာစောင့်နေခြင်းဖြစ်သည်။

ပန်းပေါ်တွင် သပြေခက်တစ်ခက်နှင့် ယူနီဖောင်းဝတ် ဥပဒေဘက်တော်သား အရာရှိက သူ့လည်ပင်းတွင် ချိတ်ဆွဲထားသော မှန်ပြောင်းကိုဖြုတ်ယူပြီး ပတ်ဝန်းကျင်ကို သေသေချာချာ

www.burmeseclassic.com



ကြည့်လိုက်သည်။ ပတ်ဝန်းကျင် အေးအေးဆေးဆေးငြိမ်သက်လျက် ရှိသည်။

စောင့်ရသည့်သူများအတွက်အချိန်ကြာလှသည်။ အအေး ဓာတ်ပိုလွန်ကဲလာသည်။ မှောင်မည်းသော နှင်းများက ပတ်ဝန်းကျင် ကို လွှမ်းခြုံထားသည်။ ပတ်ဝန်းကျင် မပီမပြင်ဖြစ်နေရသည်။

အအေးဓာတ်ရှိနေသော်လည်း စောင့်နေသူများ ရာသီဥတု ဒဏ်ကို အံတုကာ တုတ်တုတ်မလှုပ် စောင့်နေကြသည်။ ရိပ်ခနဲ လှုပ်ရှားမှုတစ်ခု တောင်ခြေဆင်ခြေလျှောတွင် ပေါ်လာသည်။ လူ သုံးဆယ်ကျော်လောက်ရှိသည်။

"လာပြီ"

ဥပဒေဘက်တော်သားများ မျက်လုံးအရောင်တောက်လာ သည်။ လက်နက်များ အသင့်ပြင်ထားကြသည်။ ရှေ့မှ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားမှုများ ဆက်တိုက်လှုပ်ရှားနေသည်။ နောက်မှ ငှက်အော်သံ တစ်ခုက ထွက်ပေါ်လာသည်။ အသံတိတ်သွားသည်နှင့် ရှေ့မှ အရိပ် နှစ်ခု လှုပ်ရှားလိုက်သည်။ နောက်မှ လူများ တရွေ့ရွေ့နှင့်ပါလာသည်။

ရန်သူနှစ်ယောက်ရှေ့မှ ကင်းထောက်ပြီး တရွေ့ရွေ့ဆင်းနေ ကြသည်။ တဖြည်းဖြည်း စောင့်နေသူများအနီး ထိုလူနှစ်ယောက်





ရောက်လာသည်။ ဥပဒေဘက်တော်သားများ လှုပ်ရှားခြင်းမပြု ငြိမ် သက်နေလေသည်။

နောက်မှ ပစ္စည်းသယ်လာသော လူအုပ်ဖြစ်သည်။ ဝန်တင် လား ငါးကောင်ကျောပေါ်တွင် ပစ္စည်းအပြည့်တင်ထားကြသည်။ ခြေလျင်လာသူများ လက်နက်ကိုယ်စီနှင့်ဖြစ်သည်။

ရှေ့မှ လာသောလူနှစ်ယောက် စောင့်နေသူများအနီးမှ ဖြတ် ကျော်သွားသည်။ ခပ်လှမ်းလှမ်းအရောက်တွင် ငှက်အော်သံကြားရ သည်။ အန္တရာယ်ကင်းကြောင်း အချက်ပေးခြင်းဖြစ်သည်။ နောက်မှ ငှက်အော်သံကြားရသည်။ စောစောက အော်သည့်အတိုင်းပင် ဖြစ် သည်။

ရှေ့မှသွားနေသူများ ဆက်လှမ်းရန်ပြင်လိုက်သည်။ နောက် မှလိုက်လာသူများ သေနတ်တစ်ကမ်းအဝေးရောက်လာသည်။ ပခုံး ပေါ်သပြေခက်တင်ထားသော ဥပဒေဘက်တော်သားအရာရှိ၏ သေနတ်ပြောင်းဝမှမီးပွင့်သွားလေသည်။ ဥပဒေဘက်တော်သားများ ဝိုင်းပစ်ကြလေသည်။

ရှေ့မှ သွားနေသူနှစ်ယောက် ခွေခနဲ လဲကျသွားသည်။ သေနတ်သံများ တစ်တောလုံး ဆူညံစွာထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်…ဒက်…ဒက်…"

"ဒိုင်း…ဒိုင်း…ဒိုင်း…ဒိုင်း…"

မည်သို့မျှ မမျှော်လင့်သော အဖြစ်ကြောင့် ဝန်တင်လားများ ဆွဲလာသော ခရီးသွားအုပ်စု တစ်ခုလုံး ကြောင်သွားကြသည်။ ဟိုပြေး သည်ပြေး ဖရိုဖရဲဖြစ်နေကြသည်။ အတုံးအရုံးလဲကျသေဆုံးကုန် သည်။ တစ်ခဏအကြာ အဖျက်သမားများ အခြေအနေကို သဘောပေါက်သွားသည်။

"ရန်သူ…"

လေသံနှင့်အတူ သေနတ်သံများ ထွက်လာသည်။ အတွဲ လိုက်ဆွဲပစ်သော သေနတ်သံများ ဆူညံနေသည်။ သူတို့တုံ့ပြန်သော် လည်း အသင့်စောင့်ဆိုင်းနေသော ဥပဒေဘက်တော်သားများ၏ ကျည်ဆန်များကို မယှဉ်နိုင်ပါ။ မရှုမလှဖြစ်ကုန်ကြ၏။ ပြန်လှန်ပစ်ခတ် ခြင်းအရာမရောက်ကြောင်း သိသွားသည်။

"ဆုတ်…ဆုတ်ကြ…"

အမိန့်ပေးသံထွက်လာသည်။ ဥပဒေဘက်တော်သားတွေ က အလွတ်မပေးပါ။ ရန်သူကို လက်လွှတ်မခံပါ။ အပိုင်ချေဖျက်နေကြ သည်။ ရန်သူများ ခုခံနိုင်ရန်အင်အားမရှိကြပါ။ သေနတ်သံများ တိတ်





ဆိတ်သွားသည်။ ကျန်သည့်လူများ လက်နက်ချကြသည်။

ဥပဒေဘက်တော်သားများ အောင်ပွဲခံလိုက်ကြသည်။ တိုက်ပွဲမှာ အချိန်မကြာပါ။ တိုင်းပြည်၏လူငယ်ပေါင်းများစွာကို ဖျက် ဆီးမည့် ဘိန်းဖြူများကို အချိန်မီ ဥပဒေဘက်တော်သားများ သိမ်းပိုက် မိသည်။

ဥပဒေဘက်တော်သားများ ဖမ်းမိသော ပစ္စည်းနှင့် လူ၊ လက်နက်များ ယူဆောင်ကာ တိုက်ပွဲဖြစ်သောနေရာမှ ထွက်လာကြသည်။

စောစောက တိုက်ပွဲဖြစ်ကာ ဆူညံသောနေရာ ပြန်လည် တိတ်ဆိတ်သွားလေသည်။ တိုက်ပွဲဖြစ်ပွားသည့် အရိပ်အယောင်ပင် မရှိပါ။

လထိန်ထိန်သာနေသော ရာဘာတောကြီး တစ်ခုလုံး လရောင်ကြောင့် အောက်ခြေအထိ ထင်ထင်ရှားရှားတွေ့ရသည်။ ရာဘာတောထဲတွင် လူသုံးယောက် လျှောက်လာနေသည်။

သူတို့လက်ထဲတွင် ခရီးဆောင်လက်ဆွဲအိတ် တစ်လုံးပါ လာသည်။ အေးဆေးသော အမူအရာဖြင့် လျှောက်လှမ်းနေကြသည်။ တစ်ယောက်က စီးကရက်မီးညှိကာ သောက်လိုက်သည်။ စီးကရက် မီးရောင် ရဲခနဲ ရဲခနဲ ပေါ်လာသည်။ ရာဘာတောအလယ်နား ထိ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး သုံးယောက်စလုံး ခြေလှမ်းရပ်လိုက်သည်။

"ပစ္စုပ္ပန်များလား…"

"နဂါး"

"မဓမ္မသီ"

"ဒေဝီ"

"ဘာဒေဝီလဲ"

"ရာဇာဒေဝီ"

အမေးအဖြေအဆုံး မှောင်ထဲမှ လူသုံးယောက် ထွက်လာသည်။ တစ်ယောက်လက်ထဲတွင် ဆုံကေ့(စ်)အနက်တစ်လုံးကိုင်ထားသည်။ ညာဘက်တွင် သေနတ်တစ်လက်အသင့်ရှိနေသည်။

"အခြေအနေကောင်းလား"

တစ်ဖက်ကို စကားစလိုက်သည်။ စိုးရိမ်မှုကြောင့် အသံတုန်နေသည်။

"အေးအေးဆေးဆေးပါပဲ"

"ဒါဆိုကောင်းတယ်၊ ပစ္စည်းပါလား"

"ပါတယ်"

ပါလာသော ပစ္စည်းအချင်းချင်း လဲလိုက်ကြသည်။ လုပ်နေကျမို့ အခက်အခဲမရှိ…ကိစ္စပြီးသွားသည်။





"ကဲ…သွားကြမယ်"

"ကောင်းပြီ"

လူစုခွဲလိုက်ကြသည်။ လာရာလမ်းအတိုင်း ပြန်ကြရန်အတွက် လမ်းခွဲလိုက်ကြသည်။ ထိုစဉ် ဟန့်တားသံတစ်သံ ထွက်လာသည်။ အားလုံး ကြောင်သွားလေသည်။

"မလှုပ်ရှားနဲ့တော့၊ မင်းတို့ကို ဝိုင်းထားပြီးပြီ"

အမိန့်သံပေါ်လာသည်။ ရပ်နေသော လူခြောက်ယောက်စလုံး လှုပ်ရှားကာ အသံထွက်လာရာသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ ရာဘာတောထဲတွင် သေနတ်သံများ ဆူညံသွားလေသည်။

တစ်ခဏအကြာ သေနတ်သံများတိတ်ဆိတ်သွားလေသည်။ ဝေဒနာခံစားနေရပြီး ညည်းညူသံထွက်လာသည်။ လူခြောက်ယောက်စလုံး ဒဏ်ရာကိုယ်စီ ရသွားကြသည်။

မီးရောင်များ ရုတ်တရက်ထွက်ပေါ်လာပြီး သူတို့လဲကျရာသို့ လျှောက်လာသော ခြေသံများကြားလိုက်ရသည်။ မီးရောင်အောက်တွင် ဉပဒေဘက်မှတ်သားများကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

တောသာယာမြို့မြန်မာပြည်မြောက်ဖျားပိုင်းဆိပ်ကမ်း မြို့ဖြစ်သည်။ စက်လှေများ မြစ်ပြင်ကျယ်တွင် လူးလာခေါက်ပြန် သွားနေကြသည်။

ရတနာဒေဝီ အမည်ရှိသော စက်လှေသည် ရေလယ်ခေါင်တွင် ကျောက်ချရျက်သားရှိနေသည်။ ဆိပ်ကမ်းတွင်ကပ် ကုန်ချပြီး စက်ချွတ်ယွင်းသောကြောင့် ပြုပြင်ရန် စောင့်နေခြင်းဖြစ်သည်။

စက်လှေရှိရာသို့လှတစ်ယောက်ပဲ့ချိတ်စက်လှေကလေးနှင့်ကပ်လာသည်။ စက်လှေနှင့် သူစီးလာသော ပဲ့ချိတ်လှေကလေးကိုသေး ချင်းယှဉ်ရပ်လိုက်သည်။ စက်လှေပေါ်မှကြိုးလှေကားတစ်ခုကျလာသည်။ ထိုသူ ချက်ချင်းပင်ကြိုးလှေကားမှ စက်လှေပေါ်တက်လိုက်သည်။

စက်လှေစက်နိုးသံထွက်လာသည်။ ပကြာပါ၊ စက်လှေ





ဆိုနေရာမှခွာသည်။ ကျွန်းတွေ၊ ကျောက်တန်းတွေ၊ ကျောက်ဆောင်တွေကို ဖြတ်ကျော်သည်။ ရေတက်ချိန်မို့ ရေပန်းများ ဖွေးဖွေးထနေအောင် စက်လှေပြေးနေသည်။

မြန်မာရေပိုင်နက်ထဲတွင်ရှိနေသောကြောင့် စက်လှေပေါ်ရှိလူများ စိုးရိမ်နေကြသည်။ ပဲ့နင်းကြီး ဦးသာလှ လမ်းခရီးကျွမ်းကျင်သည်။ စက်လှေပေါ်တွင် လူတစ်ယောက် အရက်သောက်နေသည်။ ထိုလူ အမည်မှာ အုန်းသန်းဖြစ်သည်။

ဒေဝီအဖွဲ့ ရေလမ်းပို့ဆောင်ရေးတာဝန်ခံဖြစ်သည်။ စက်လှေပိုင်ရှင် သူဌေးလေး အမည်ခံထားသည်။ ငွေပေါသည်။ မိဘအမွေဖြင့် ကြွယ်ဝသည်။ အသုံးအဖြုန်းကြီးသည်။ အပေါင်းအသင်းများသည်။

စက်ချွတ်ယွင်းသွားသော ရတနာဒေဝီ စက်လှေအားစက်စမ်းမောင်းရန် အကြောင်းပြချက်ဖြင့် ပင်လယ်ပြင်သို့မောင်းလာခြင်းဖြစ်သည်။ စက်လှေပေါ်ရှိပစ္စည်းများတစ်ဖက်နိုင်ငံသို့ပို့ရန် အချိန်းအချက်ပြုလုပ်ထားသောနေရာသို့ သွားနေခြင်းဖြစ်သည်။

ပဲ့နင်းကြီးဦးသာလှ ရှိနေခြင်းကြောင့် အုန်းသန်းအေးအေးဆေးဆေးစွာ အရက်သောက်နေလေသည်။ ဦးသာလှမရှိလျှင် သူ များရ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဦးသာလှသည် ပင်လယ်ပြင်တွင် ကြီးပြင်းလာသူဖြစ်၍ ရေကြောင်း ကျွမ်းကျင်သည်။

ရတနာဒေဝီ စက်လှေကြီး ခရီးပြင်းနှင်လာခဲ့သည်။ စက်လှေ အားကောင်းသည်။ စက်လှေပေါ်တွင် ပါလာသော ပစ္စည်းများ လုံခြုံ စိတ်ချရသောနေရာတွင် ထားသူမဟုတ်လျှင် မည်သို့မျှ ရှာမရသော နေရာတွင်ထားသည်။

'စက်လှေပေါ်တွင် ပါလာသော လူများမှာ အုန်းသန်း၏ တပည့်လူမိုက်များဖြစ်သည်။ လူမိုက် မရှာရအောင် စီစဉ်ထားသည်။ အမှောင်ကြီးစိုးနေသည်။ ခပ်ဝေးဝေးမှ မီးရောင်မြင်ရသည်။ ချိန်းထား သောနေရာသို့မြင်နေရသည်။

အုန်းသန်းထံ လူတစ်ယောက်ဝင်လာသည်။ အုန်းသန်း အရက် ခွက်ကိုချကာ ဝင်လာသူကို မော့ကြည့်လိုက်သည်။

"ဘာလဲ"

လေသံမာမာဖြင့်မေးလိုက်သည်။

"သာယာကျွန်းကိုရောက်တော့မယ်ဆရာ"

"ဦးသာလှကိုပြော၊ အခြေအနေကြည့်ပြီးကပ်လို့ဟုတ်လား"

"ဟုတ်ကဲ့"





ဝင်လာသူ ချက်ချင်းပြန်ထွက်သွားသည်။

ဦးသာလှကိုပြောစရာမလိုသော်လည်း သူပြောလိုက်သည်။ အခြေအနေကို ဦးသာလှ သိပြီးသားဖြစ်သည်။ အဝေးဆီမှ မီးရောင် တစ်ရောင်ဖြေးလာနေသည်။ မီးရောင်မှာလျှင်မြန်သည်။ ချိန်းထားသူ များလာနေကြသည်။

ဦးသာလှ စက်လှေကို အရှိန်လျှော့လိုက်သည်။ ကမ်းကပ် နှင့်လက်ကိုင်ဘီးချိုးလိုက်သည်။

"ရှေ့ကစက်လှေရပ်ပါ"

မီးနှင့်ဆက်သွယ်အထိမ်းအမှတ်ပေါ်လာသည်။ ဘေးရှိ ဆိုက်ကပ်လှည့်လာသော တပ်မတော်စစ်ရေယာဉ်မှ အချက်ပေးနေ ခြင်းဖြစ်သည်။

ဦးသာလှ အခြေအနေကို ရိပ်မိလိုက်သည်။ လျှော့ထား သောစက်လှေအရှိန်ကို မြှင့်လိုက်သည်။ စက်သံဆူညံသွားသည်။ စစ်ရေယာဉ်မှအချက်ပေးလိုက်သည်။ ဦးသာလှ လှည့်မကြည့်၊ စက် လှေလှည့်ထွက်လိုက်သည်။ စစ်ရေယာဉ်မှ အမြောက်ဖြင့် လှမ်းပစ် လိုက်သည်။

"ဝုန်း..."



www.burmeseclassic.com

www.burmeseclassic.com



စက်လှေအနောက်ပိုင်းတစ်ခုလုံး တုန်ခါသွားသည်။

"ဟော့ကောင်တွေပြန်ပစ်လေ"

အုန်းသန်း သူ့လူတွေကို မာန်မဲလိုက်သည်။ လက်ထဲ သေနတ်ဖြင့်လည်း ပြန်ပစ်နေလေသည်။ သေနတ်သံများ ဆူညံသွား လေသည်။ စောစောက မြင်ရသော မီးရောင်သူတို့မလာပါ။ ဝေးသွား လေသည်။

ဦးသာလှ မြန်မာရေပိုင်နက်လွန်တော့မည့်အကြောင်း သိလိုက်သည်။ ပိုင်နက်ကျော်လျှင် လွတ်ပြီ။ သူ့ပိုအားရှိလာသည်။ စည်းကမ်းလေးစားသော စစ်ရေယာဉ်သည် မိမိရေပိုင်နက်ကို ကျော် မည်မဟုတ်ဟု သူတွက်သည်။

"ဝုန်း...ဝုန်း"

စစ်ရေယာဉ်မှ ပစ်လိုက်သော အမြောက်သံပေါ်လာပြီး ရတနာဒေဝီ စက်လှေနေ့သွားသည်။ အုန်းသန်း အပေါ်ပြေးတက်ပြီး အခန်းထဲမှ အိတ်ကလေးယူကာ အောက်ပြန်ဆင်းသည်။ အသက် ကယ်ဘောကွင်းကိုယူကာ သူ့ကိုယ်တွင်စွတ်ပြီး နစ်မြုပ်စပြုနေသော ရတနာဒေဝီ စက်လှေဆီမှ ရေပြင်သို့ ခုန်ချလိုက်သည်။

စစ်ရေယာဉ် ရတနာဒေဝီ စက်လှေနှင့်ဝေးရာသို့ ဆုတ်





သည်။ စက်လှေ လုံးဝနစ်မြုပ်သွားပြီဖြစ်သည်။ စစ်ရေယာဉ် မီးမောင်း ဝင်လယ်ပြင်အတွင်း လျှောက်ထိုးနေသည်။ လူအများ လိုက်ရှာ ဖြစ်၏။

မီးရောင်အောက်တွင် ရေကူးနေသော အုန်းသန်းကိုတွေ့ရ သည်။ ဒဏ်ရာရထားသောကြောင့် သူ့ကိုယ်မှ သွေးများ ပင်လယ်ထဲ နေသည်။ စစ်ရေယာဉ် အုန်းသန်း နားရောက်မှ ငါးမန်းများ က်လာသည်ကို သိရသည်။

"အား..."

အုန်းသန်းဆီမှ နာကျင်စွာအော်ဟစ်သံထွက်လာသဖြင့် စစ် ယာဉ်မှ တပ်မတော်သားများက အုန်းသန်းအားအပေါ်သို့ ဆွဲတင် ကြရာ...

"ဟာ..."

မြင်ရသောမြင်ကွင်းမှာ မမြင်ရက်ပါ။ အုန်းသန်း ခါးအောက် း တစ်ပိုင်းလုံး မပါလာပါ။ အသက်မဲ့ပြီးဖြစ်သော အုန်းသန်းကို ထဲပြန် ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိပ်တန်းလျှို့ဝှက်အစည်းအဝေးကြီး ကျင်းပနေသည့် ဘဲဥပုံစားပွဲတွင် လူငါးယောက်ထိုင်နေသည်။ သူတို့မျက်နှာ မသာယာ ပါ။ လူငါးယောက်စလုံး ဒေဝီထိပ်တန်းခေါင်းဆောင်များဖြစ်ကြသည်

"ကဲ...မပြောလည်း ပြီးမှာမဟုတ်ဘူး၊ ဒီပြဿနာအားလုံး တရားခံရှာဖို့လိုနေပြီဆိုတာ သိကြတဲ့အတိုင်းပဲ၊ အစုဆိုနေရာတိုင်း ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတယ်၊ အဖွဲ့ထဲမှာ သစ္စာဖောက် ရှိနေတာ ဆိုတာ ထင်ရှားနေပြီ"

ကျန်လေးယောက် ငြိမ်ပြီးနားထောင်နေသည်။ မည်သူ အသံမျှ ထွက်မလာပါ။ ပြဿနာအားလုံးကို သဘောပေါက်ပြီးသ ဖြစ်သည်။





"သူတို့ဘက်က သတင်းအတိအကျရလို့ စောင့်ဖမ်းတယ် ဆိုတာ ထင်ရှားနေတယ်"

"ဒီကလည်း မိပိရိရိ လှုပ်ရှားတာပဲ မဟုတ်လား"

ဦးရာဇကျော် ဒေါသကြောင့် မျက်နှာနီရဲကာပြောလိုက်သည်။

"မိရိပါတယ်၊ သတင်းက လျှို့ဝှက်သတင်းတွေမှ ပေါက်ကြား တာ၊ အဖွဲ့သားတိုင်း သိတဲ့သတင်းမဟုတ်ဘူး၊ အသိလည်းမပေး ဘူး"

ခေါင်းဆောင်ကြီး အသံသြသြဖြင့် ဆက်ပြောလိုက်ပြန် သည်။

"ဒါဆို သတင်းပေါက်ကြားတာ အတွင်းလူက သစ္စာဖောက် တာပေါ့၊ ဘယ်သူလဲ"

ဦးဇေယျ ဒေါသတကြီးထကာ ပြောသည်။

"အတွင်းမှာ သစ္စာဖောက်ရှိနေပြီ၊ သူဘယ်သူလဲဆိုတာ တချိန် မကြာခင် အဖြေပေးမယ်"

သူစကားကြောင့် သူရိန်ထွန်း ကိုယ်မသိမသာတုန်သွား သည်။

"ဒီလောက်ဆုံးရှုံးမှုနဲ့ ဒေဝီအဖွဲ့က ပြိုကွဲမသွားဘူး၊ ဒါကြောင့် တုန်လှုပ်ဘူး၊ ဒါပေမယ့် လူလယ်လုပ်ပြီး သတင်းပို့ သစ္စာဖောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာကြပါ၊ အပြစ်ပေးရင် ဘယ်လိုပေးတယ်ဆိုတာ သိထားကြတဲ့ အတိုင်းပြေးမယ်ဆိုလည်း လွတ်အောင်ပြေးထားကြပါ"

ခေါင်းဆောင်စကား အဆုံး ပြန်ထိုင်လိုက်သည်။ ကျန်လူလေးယောက် ခေါင်းငုံ့နေကြသည်။ ပြဿနာများ ဆက်တိုက်ဖြစ်နေသည်။

သူရိန်ထွန်း ရင်ထဲပူနေသည်။ စိုးရိမ်စိတ်များကြီးစိုးနေသည်။ သို့သော် မျက်နှာမပျက်ပါ။ အဖွဲ့ထဲတွင် မည်သူသစ္စာဖောက်ဖြစ်သည်ကိုသူအသိဆုံးဖြစ်သည်။ သူ့ရင်ထဲ သူ့ကိုယ်သူ သတိပေးနေသည်။ သူ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေသည်။

"ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် မှန်ကန်တဲ့ တရားဥပဒေအတွက် ငါသစ္စာစောင့်သိရမယ်၊ စွမ်းစွမ်းတမံဆောင်ရွက်ရမယ်"

ထိုစကားများ ရင်ထဲ တုန်ခါနေသည်။ စိတ်ငြိမ်စေရန် စီးကရက် တစ်လိပ် မီးညှိဖွာလိုက်သည်။ နေသားတကျဖြစ်သွားသည်။

"ပျံလွှားစီမံကိန်းနဲ့ပတ်သက်လို့ ဇော်ဇော်ကို တာဝန်ပေးလိုက်ပါ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ်အောင်မြင်အောင်ဆောင်ရွက်ပါဆိုတာ ပြောပါ။ အောင်မြင်ရင်ဘယ်လိုဆုချီး၊ မအောင်မြင်ရင် ဘယ်လို ဆုချီးဆိုတာကို တစ်ခါတည်းရှင်းပြလိုက်ပါ၊ အချိန် နှစ်ပတ်ပေးမယ်၊





အားလုံးပြန်နိုင်ပြီ"

အသံသြသြနှင့် စကားရပ်သွားပြီဖြစ်သည်။ ထိုင်နေသူများအားလုံး နေရာမှထသွားကြသည်။ အခန်းထဲတွင် လူရှင်းသွားပြီဖြစ်သည်။ သူရိန်ထွန်းတစ်ယောက်သာ ကျန်ခဲ့ပြီးခေါင်းဆောင်ကြီး ထိုင်နေသော နေရာသို့ကြည့်နေမိသည်။

အတန်ကြာမှ အခန်းထဲက ထွက်လာခဲ့သည်။ တော်ရုံသတင်းပေါက်ကြားရုံနှင့်သူ့ကို သံသယမဖြစ်နိုင်မှန်း သူသိသည်။ အရေးကြီးသည်မှာ သူ့အားအရေးကြီးသောတာဝန်မပေးဖို့ပင်ဖြစ်သည်။

ဒေဝီ၏ခြေလှမ်း ဘယ်လောက်ကျယ်သည်ကို သူတို့သိသည်။ သူ့ခြေလှမ်းများ ပြင်ရမည်။ နောက်ဆုံးချိန်ရောက်သည်အထိ ရိပ်မိခြင်း မရှိရန်လိုသည်။ သံသယဖြစ်ချိန်တွင်ဆင်ခြင်၍ သူတို့အကြိုက် လုပ်ပေးရမည် ဆုံးဖြတ်သည်။ ဇော်ဇော်ကို ပျံလွှားစီမံကိန်းအတွက် တာဝန်ပေးရမည်ဖြစ်သည်။

ပျံလွှားစီမံကိန်းအမည်ကို ဇော်ဇော် မကြားချင်ပါ။ သို့သော် မကြားချင်၍မရ၊ ကြားရသည်။ သူ့ကိုယ်တိုင် မလုပ်ချင်သော အလုပ်ကိုလုပ်ရသည်။ သူ ဒေဝီထံမရောက်ခင် ကတည်းက စလာသည်။ ပျံလွှားခုချိန်ထိပျံနေတုန်းပင်ဖြစ်သည်။ မပြီးနိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသူ လူတန်းစားအဖို့လွယ်သည်၊ အခက်အခဲမရှိ။ ပျံလွှားစီမံကိန်း ဖော်ဖို့ခေတ်ပုံနှင့် ညွှန်ကြားသည်။ အမိန့်က ပြင်းထန်သည်။ နှစ်ပတ်အတွင်း အောင်မြင်လျှင် ဆုဇွေ၊ မအောင်မြင်လျှင် သေဒဏ်။

မတတ်နိုင်တော့ပါ။ မလုပ်ချင်ကြောင်းပြော၍ ရမည်မထင်။ နိုင်းသည့်အမိန့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ သူသွားရမည့်နေရာနှင့်ခေတ်မြို့ပြမြို့အစွန်ရတနာခြံကြီးဆီသို့ထွက်လာခဲ့လေသည်။

ဇော်ဇော်ခြံနှင့်မလှမ်းမကမ်းသစ်ပင်ရိပ်တွင် ကားရပ်လိုက်သည်။ စီးကရက်တစ်လိပ် မီးညှိဖွာလိုက်သည်။ အိမ်ကြီးဆီသို့ မပြတ်ကြည့်နေလေသည်။

ထိုခြံကြီးဆီသို့ ပျံလွှားစီမံကိန်းအတွက် လာကြသူတွေမနည်းပါ။ မည်သူမျှ မအောင်မြင်ပါ။

အိမ်အနေအထား၊ ခြံအနေအထား၊ လူအရေအတွက်ကို တိကျစွာ အကဲခတ်လေ့လာပြီးသားဖြစ်သည်။ အစစအရာရာ ပြင်ဆင်ပြီးမှ လာခြင်းဖြစ်သည်။

ရှေ့မှလူများမဆင်မခြင်ဝင်ခဲ့သောကြောင့်သေပွဲဝင်ရသည်ကို သူသိထားပြီးဖြစ်သည်။ ပျံလွှားစီမံကိန်း မအောင်မြင်သလို





အသက်လဲ မရှင်ကြပါ။

ဇော်ဇော် အကြောင်းမဲ့မိုက်သူမဟုတ်၊ အလကား သူ့အသက်အဆုံးရှုံးမခံနိုင်ပါ။ ခြံဝင်းနားရောက်တော့ လုပ်ရမည့်အလုပ်ကိုကြိုတင်ပြင်ဆင်သည်။ လုပ်ငန်းအကောင်အထည်ဖော်ရန်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

အိမ်ကြီးဆီမှမီးရောင်ဖျတ်ခနဲငြိမ်းသွားသည်။ သူ့လက်တွင်ပတ်ထားသော နာရီကိုကြည့်လိုက်သည်။ နာရီသည် အချိန်ကိုတိတိကျကျပြနေသည်။ သောက်လက်စစီးကရက်ကို အောက်ပစ်ချပြီး ဖိနပ်ဦးဖြင့် နင်းချေလိုက်သည်။ ကားပေါ်မှဆင်းပြီး ထိုင်ခုံပေါ်တွင်တင်ထားသော ဂျာကင်အင်္ကျီကို ထပ်ဝတ်လိုက်သည်။

ဂျာကင်အင်္ကျီမှာ ရှိသင့်သည်ထက်အလေးချိန်များနေသောကြောင့် တွဲကျနေသည်။ ဦးထုပ်ပြင်ဆောင်းလိုက်၍ လက်အိတ်စွပ်လိုက်သည်။ ထို့နောက်လှမ်းမြင်ရသော ခြံကြီးဆီသို့ မှောင်ရိပ်ခိုကာလျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူဦးနှောက်အပြင်အထန်သတိပေးနေသည်။ လှုပ်ရှားနေသည်။ မျက်လုံးတွေက နေရာလပ်မကျန် ဂရုစိုက်ကြည့်နေသည်။

မည်သည့်အန္တရာယ်မှ မတွေ့၊ ရှင်းနေသည်။ သူတို့ဆိုင်းမနေတော့ဘဲ ခြံဝင်းထဲ ခုန်ဝင်လိုက်သည်။ မြေပြင်ပေါ် ညင်သာစွာကျသည်။ ကျသည့်နေရာမှမရွေ့သူငြိမ်သက်စွာဝပ်နေလိုက်သည်။

မည်သို့မျှ မထူးခြား။ အပြောင်းအလဲမရှိ၊ ငြိမ်သက်နေလေသည်။ သူ ဝပ်နေရာမှ ထလိုက်သည်။ အိမ်ကြီးဆီသို့ သတိကြီးစွာဖြင့် ချဉ်းကပ်သည်။ ပြတင်းအနီးရောက်ကာ နားစွင့်လိုက်သည်။ အခြေအနေ အေးအေးဆေးဆေးပင်။ အိမ်ထဲမှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ အချိန်ကျပြီဖြစ်သည်။

သူ ဂျာကင်အိတ်ထဲမှ ဘူးနှစ်ဘူးကို ထုတ်လိုက်သည်။ ပိုက်





ခေါင်းလေးကိုလှည့်ကာ မီးခြစ်ကိုခြစ်လိုက်သည်။ ပြာလဲလဲမီးရောင်လေးထွက်လာပြီး ပိတ်ထားသော ပြတင်းသံပန်းကို ထိကပ်လိုက်သည်။

မကြာပါ... ပြတင်းသံပန်းပြုတ်ကာ ဇော်ဇော့် လက်ထဲပါလာသည်။ အိမ်နံဘေးတွင် ထောင်ထားပြီး အိမ်ထဲဝင်လိုက်သည်။ အခန်းကျယ်ကြီးတစ်ခုထဲ ရောက်သွားသည်။ ဇော်ဇော် လက်ထဲမှ ဓာတ်မီးသေးသေးလေး အငြိမ်မနေ၊ ဟိုသည်ရွေ့လျားနေသည်။ သူရောက်နေသည်က ဧည့်ခန်းဖြစ်သည်။ ဇော်ဇော် ဆက်လျှောက်လိုက်သည်။

အပေါ်ထပ်တက်သော လှေကားကို တက်လာခဲ့သည်။ အခန်းသုံးခန်းကိုဖြတ်ကျော်လိုက်ပြီး တစ်ခုသောအခန်းရှေ့တွင် ရပ်လိုက်သည်။ အခန်းက ပိတ်လျက်သော့ခတ်ထားသည်။ ဇော်ဇော် တံခါးဖွင့်လိုက်သည်။ အထဲဝင်ပြီး နားစွင့်နေလေသည်။ မည်သည့် လှုပ်ရှားမှုမှ မတွေ့ရ။ ဇော်ဇော် ဓာတ်မီးနံရံကိုထိုးထားသည်။

ထိုနံရံတွင် ပန်းချီကားကြီးတစ်ချပ်ရှိနေသည်။ ပန်းချီကားညာဘက်ကို တွန်းရွှေ့လိုက်သည်။ အထဲဝင်ပေါက်တစ်ခု ပွင့်သွားသည်။ ဇော်ဇော် စဉ်းစားမနေဘဲ ဝင်လိုက်သည်။ အပေါက်ပြန်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူ မီးချောင်ကို အားပြုကာ ဆက်လျှောက်လာလေသည်။ လှေကားထစ်တွေ တဖြည်းဖြည်း နိမ့်ဆင်းသွားပြီး ရေ့တွင် နံရံကြီး ပိတ်ထားသည်။

ဇော်ဇော် အိတ်ထဲ လက်နှိုက်ပြီး သော့တစ်ချောင်းယူကာ နံရံ အပေါက်ထဲထည့်လိုက်သည်။ တံခါးပွင့်သွားလေသည်။

"ဟာ..."

သူအံ့ဩသွားသည်။ ကြီးမားသော စက်ကြီးများကိုတွေ့ရ သည်။ သူ စက်ကြီးနား ပြေးကပ်သွားသည်။ စက်တွေအသုံးမပြုဘဲ ထားသည်မှာ ကြာပြီဖြစ်သည်။ ဘာလုပ်သည့်စက်မှန်းမသိပါ။ အခန်းထဲရှိ သံမဏိဗီရိုကို ဆွဲဖွင့်လိုက်သည်။ အထဲတွင် ငွေစက္ကူနှစ် ထုပ်နှင့်အတူ စာရွက်စာတမ်းအချို့ကိုတွေ့လိုက်ရသည်။

ဇော်ဇော် တွေ့သမျှ အကုန်ယူလိုက်သည်။ နောက်ဆုံး အိတ်တစ်အိတ်နှင့်ထည့်ထားသော ဒိုင်ယာရီစာအုပ်တစ်အုပ်တွေ့ရ သည်။ ဇော်ဇော် ဖွင့်ကြည့်လိုက်သည်။ ပြီးနောက် အိတ်ထဲထည့်ကာ သံမဏိဗီရိုကြီးကိုကြည့်လိုက်သည်။ ဘာမှ မရှိတော့ပါ။

ပျံလွှားစီမံကိန်းအတွက် လိုအပ်သော စာအုပ်ရရှိပြီဖြစ် သည်။ သူ့တာဝန် ကျန်နေသေးသည်။ သည်အိမ်ကြီးကိုဖောက်ခွဲရန်





ဖြစ်သည်။ ဇော်ဇော် မဖျက်ဆီးရက်ပါ။ သူ တိုင်းတုံးကို သော့မဖွင့်ဘဲ အထဲမှဝါယာကြိုးနှင့်ယမ်းထုတ်ယူကာ အခွံထားခဲ့သည်။

အားလုံး လုပ်ကိုင်ပြီး လာရာလမ်းအတိုင်း ပြန်ထွက်လာ သည်။ သူ ကားပေါ်ရောက်သည်အထိ အေးဆေးစွာရှိနေသည်။ အဝေးဖြေစီးကရက် တစ်လိပ်ထုတ်ယူကာ မီးညှိဆက်တိုက်ဖွာလိုက် သည်။ မီးခိုးများ ပျံ့လွင့်လာသည်။ နောက် ကားမောင်းထွက်လာ သည်။ ပျံလွှားစီမံကိန်း အောင်မြင်သွားပြီဖြစ်သည်။

ကားလေး လမ်းပေါ် ပြေးနေသည်။ ဇော်ဇော့်မျက်နှာတွင် အပြုံးတစ်ခုထင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေဝီအဖွဲ့အစည်းတစ်ခုလုံး ပျော်မြူးနေသည်။ တောတွင်းတစ်နေရာဖြစ်၍ချောင်ကျပြီး လုံခြုံသည်။ သဘာဝတရားက လုံခြုံအောင်ဖန်တီးထားသလိုပင်ဖြစ်သည်။ အဖွဲ့သားများ စိတ်လွတ်ကိုယ်လွတ် ပျော်နေကြသည်။

အဖွဲ့သားများသာမက ခေါင်းဆောင်များလည်း ပျော်နေကြသည်။ ပုံလွှားစီမံကိန်းအောင်မြင်သွားပြီဖြစ်သည်။ အဖွဲ့သားများကို စိတ်တိုင်းကျ ပျော်ခွင့်ပေးထားသည်။

သောက်ကြစားကြ ကခုန်အော်ဟစ်ကြဖြစ်နေသည်။ ယမင်းနှင့်ဇော်ဇော်တို့လည်း အများနည်းတူ ပျော်နေသည်။ သူတို့ အပျော်မကြာလိုက်ပါ။ ပြဿနာ စလာလေသည်။





ပြဿနာစသူမှာ ဘခက်၊ စိုင်းဝဏ္ဏ တပည့်ဖြစ်သည်။ စိုင်းဝဏ္ဏမရှိလျှင် သူ့စိုင်းဝဏ္ဏနေရာ ယူရမည်မှန်သည်။ ယခု ဇော်ဇော်ရောက်သွား သောအခါ သူ ဇော်ဇော်ကို မကျေနပ်ပါ။ ခေါင်းဆောင်ပိုင်းကို ပြောရဲ၊ ဇော်ဇော်ကို အမုန်းပွားနေသည်။

ယမင်း...ဇော်ဇော်နှင့် တတွဲတွဲဖြစ်နေသောကြောင့် ယမင်းကိုပါ မုန်းတီးနေလေသည်။ စခန်းရှိလူများ ဇော်ဇော်ကို ချီးကျူးလေ၊ သူ မလိုစိတ်များလေဖြစ်သည်။ ထိုအသံများ သူမကြားချင်ပါ။ အခွင့်ကြုံလျှင် ဇော်ဇော်အား ရှင်းပစ်ရန် ကြံစည်နေသည်။ တပည့်များ ဝိုင်းနှိုးထားဆီးကြသည်။ သူနားမဝင်ပါ။

ယမင်းနှင့်ဇော်ဇော်တို့နှစ်ယောက် တွဲလျှောက်လာသည်ကို သူတွေ့လိုက်ရသည်။ သူ အကြံရသွားလေသည်။ ယမင်းရှေ့စပ်ဖြဖြ အမူအရာဖြင့် ရပ်ကြည့်လိုက်သည်။

"ဒိုင်း..."

သေနတ်သံ တစ်ချက် ထွက်လိုက်သည်။ ယမင်း လွယ်ထားသော အိတ်ပြုတ်ကျသွားသည်။ ဘခက် ကြိုးကို ပစ်လိုက်ခြင်းဖြစ်သည်။ ယမင်း...ဇော်ဇော့်ကို လှမ်းဖက်လိုက်သည်။

"ဟား...ဟား...ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...ဟား...ဟား..."

"ရုပ်ရှင်ကြည့်ကြမလား"

ဘခက် အော်လိုက်သည်။ ဇော်ဇော်နှင့် ယမင်း ခေါ်သ တကြီး ဖြင့် ဘခက်ကို ကြည့်လိုက်သည်။

"ဒါဘာလုပ်တာလဲ"

"သေနတ်စမ်းတာပါ၊ လန့်သွားလား"

"ကိုဘခက်၊ ခင်ဗျားလုပ်တာ မဟုတ်သေးဘူး၊ သေနတ်စမ်း တာ အပြင်မှာစမ်းပါလား"

ဇော်ဇော် ဝင်ပြောလိုက်သည်။ ဒေါသကို မျိုသိပ်ပြီး ပြော ခြင်းဖြစ်သည်။

"ကျုပ်နာမည် ဘခက်...ကြားဘူးလား"

"မကြားဖူးဘူး"

ဇော်ဇော့်စကားကြောင့် ဘခက် ဒေါ်ပွသွားသည်။ ရန်လိုသော အမူအရာဖြင့် ကြည့်လိုက်သည်။ ဇော်ဇော် ရန်ရှောင်သော်လည်း မရ တော့ပါ။ ယမင်း ရန်ပွဲအတွင်း ဝင်ပြီး-

"ရှင် ဘာသဘောနဲ့လုပ်နေတာလဲ၊ ယဉ်ယဉ်ကျေးကျေး ယှဉ်ကြည့် လေ"





ယမင်း စိန်ခေါ်လိုက်သည်။ ဘခက် မျက်နှာမည်းသွားလေ သည်။ ဇော်ဇော်နှင့် ဖြစ်ချင်သော်လည်း ယမင်းက ဝင်လာသည်။

"မင်းက မိန်းကလေး၊ စဉ်းစားဦး၊ ကျုပ်အကြောင်းသိတယ် မဟုတ်လား"

ဘခက် ခပ်ကြွားကြွားပြောလိုက်သည်။ ယမင်း နောက်ဆုတ် ရန် မစဉ်းစားပါ။ ဇော်ဇော် ဘာမှ ဝင်မပြောဘဲ ရပ်ကြည့်နေသည်။ သူ့ မျက်လုံးအစုံမှာ ဘခက်တို့လူစု ထံရောက်နေသည်။ မမျှတလျှင် ဝင်ရန် ဆုံးဖြတ်ထားသည်။

"ရှင်တိုက်မှာလား... တောင်းပန်မှာလား"

"ဘာ..."

"ရှင် နားလေးနေသလား"

ဘခက် ဒေါသ အမြင့်ဆုံးရောက်သွားသည်။

ဘခက် လှုပ်ရှားလိုက်သည်။ အသံပေးပြီး ခြေထောက် အစုံ လေထဲပင့်လိုက်သည်။ မမျှော်လင့်ထားသောအရှိန် အနိုင်ပိုင်းတိုက် လိုက်ခြင်းဖြစ်သည်။ ဘခက် စန့်ဝင်လာကတည်းက အခြေအနေ ကြည့်နေသော ယမင်းရှောင်ပြီးသားဖြစ်နေသည်။

ဘခက် ခြေအစုံ မြေပေါ်ပြန်ကျလာသည်။ သူ့တိုက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



အရာမထင်ပါ။ သူ့မျက်နှာပေါ်တွင် မကျေနပ်မှုများဖြစ်သွားလေသည်။ ခါးထောက်ပြီး ယမင်းအား စူးစိုက်ကြည့်နေသည်။ အကဲခတ်နေသည်။

ယမင်း အသင့်ပြင်ထားသည်။ ဇော်ဇော် ယမင်းကို သေချာကြည့်နေသည်။ ယမင်းမျက်နှာတွင် ကြောက်ရွံ့ဟန်မရှိ၊ စိုးရိမ်ဟန်မရှိ မာန်အပြည့်ရှိသည်။ အသံမပေးဘဲ ဝင်လာသော ဘခက် ညာလက်ဝါးစောင်းကို ယမင်း ပုတ်ထုတ်လိုက်သည်။ ဘခက် ဘယ်လက် ဝင်လာသည်။ ယမင်းညာလက်ဖြင့် ခုခံလိုက်သည်။ ဘခက်ဆက်တိုက်သည်။ ယမင်း ရှောင်လိုက်သည်။ ယမင်းကို ဇော်ဇော် သတိထားကြည့်နေသည်။ ယမင်းပြန်မတိုက်သေးပါ။

ဆက်တိုက် တိုက်ခိုက်နေသော ဘခက် မျက်နှာရွှေးပြန်လာသည်။ သူ့ သက်လုံမကောင်း။ မော်ပန်းလာသည်။ ယမင်းကို လျှော့တွက်ထားဟန်ရှိသည်။ အထူးသတိထားပြီး တိုက်ကွက်စိပ်လာသည်။ မကြာပါ ဘခက် လဲကျသွားလေသည်။

ယမင်း သူနှင့်မလှမ်းမကမ်းတွင် ရပ်နေသည်။ သူမ မျက်နှာ နီရဲနေလေသည်။

"ရှင်ယောက်ျားမဟုတ်ဘူးလား"





ယမင်းအော်ဟစ်လိုက်သည်။ ဘခက် ဓားထုတ်ပြီး ပစ်ပေါက်လိုက်သည်။ လျင်မြန်သော ယမင်း ခုန်ဆုတ်လိုက်သည်။ ဓားမှာ ယမင်းကို မထိပါ။ ဘခက် ဓားသုံးချောင်းပြိုင်တူကိုင်ကာ ထရပ်လိုက်သည်။

ပွဲမှာ မမျှတပါ။ ကြည့်မကောင်းသောအနေအထားဖြစ်သည်။ ယမင်း... ဘခက် လှုပ်ရှားမှုကို မျက်ခြည်မပြတ်ကြည့်နေသည်။ ဘခက် လက်ထဲ လက်နက်ရှိနေသည်။ ဘခက် စပ်ဖြဖြအမူအရာဖြင့် ယမင်းကိုကြည့်လိုက်သည်။

"ဘယ်လိုလဲ ဘခက် ဘယ်လိုလူလဲဆိုတာ သိရတော့မယ်"

"ရှင်ဟာ ယောက်ျားမဟုတ်ဘူး၊ ကောက်ကျစ်ယုတ်မာတဲ့ မြေခွေးပဲ"

ရန်ပွဲကြည့်နေသောလူများ ယမင်းစကားကြောင့် ရယ်မောလိုက်ကြသည်။ ဘခက် မျက်နှာ ရဲသွားသည်။ လက်တစ်ဖက် မြှောက်လိုက်သည်။

"ဘခက်.."

"မလုပ်နဲ့ ဇော်ဇော်"

"ဒိုင်း....ချွင်.."



www.burmeseclassic.com

www.burmeseclassic.com



အသံများ ဆက်တိုက်ထွက်လာသည်။ အံ့ဖြေအနေ ရှုပ်ထွေးသွားသည်။ ဘခက် ဝစ်လိုက်သောပေါက်စားကို ဇော်ဇော် ကျည်ဆံထိသွားသဖြင့်ပေါက်စားလွတ်ကျသွားလေသည်။

တိုက်ပွဲကြား ဦးဖေယျ ဝင်လာသည်။ ထုံးစံအတိုင်းဩဇာသံ အပြည့်ပါသည်။

"ဇော်ဇော်..မင်းအသာနေပါ၊ သူတို့ဘာသာ ယှဉ်ကြပါစေ"

"ဘာပြောတယ် ဆရာကြီး၊ ဒီပွဲက မမျှတဘူး။ လက်နက်မဲ့ မိန်းကလေး တစ်ယောက်ကို လက်နက်ကိုင် ယောက်ျားက အနိုင်ယူ နေ တာ ကျုပ် ကြည့်နေရမှာလား။ ကျုပ် ဒါမျိုး မကြိုက်ဘူး"

ယမင်းနှင့်ဘခက်တို့အနေအထားကိုရှင်းပြသည်၊ သူ့စကား အရာ[illegible]ရာက်။

"မင်းပြောတာ မှန်တယ်၊ အဖွဲ့သားအချင်းချင်း ဒီလိုအနိုင် ကျင့်တာ ကျုပ်လည်းမကြိုက်ပါဘူး"

"ဒါဆို ဘာကြောင့် မမျှတတဲ့ ပွဲကို ရပ်ကြည့်နေတာလည်း။ ဘာကြောင့်ကျုပ်ကို တားရတာလဲ"

ဇော်ဇော့်စကားကြောင့် ဦးဖေယျ မျက်နှာအပြုံးပျောက်ပြီး ဒေါသဟန်ပါလာသည်။ လေသံလည်းမာလာသည်။





"မတားတာကတော့ ဆက်တိုက်စေချင်လို့၊ ဒီလို မိန်းမမျိုး ဝေဒနာခံစားရတာကို အရသာခံကြည့်ချင်လို့"

သွေးဆာနေသော စကားမျိုး ဦးဖေယျ ပြောလိုက်သည်။ ဇော်ဇော် နားမလည်နိုင်အောင် ဖြစ်သွားသည်။ မတရားမှုကို မကြိုက်သော ဇော်ဇော်...ဘခက်အား လှမ်းခေါ်လိုက်သည်။

"ဘခက်..."

"ဘာလဲ"

ဘခက် ထူးပြီး ဇော်ဇော့်ကို ကြည့်လိုက်သည်။ ဇော်ဇော့် အမူအရာက သူနှင့်တိုက်ခိုက်လိုဟန်ရှိသည်ကို သိလိုက်သည်။

"ဘာလဲ မင်း..ငါနဲ့ယှဉ်မလို့လားလာလေ"

ဇော်ဇော် ရန်ပွဲအတွင်း ဝင်လိုက်သည်။ ဘခက် လှုပ်ရှားလိုက်သည်။ လျင်မြန်စွာ ပေါက်စား နှစ်ချောင်း ပစ်လိုက်သည်။ ဇော်ဇော် တစ်ချောင်းကို ဖမ်းလိုက်ပြီး တစ်ချောင်းကို ပုတ်ထုတ်လိုက်ရာ လာရာလမ်းအတိုင်း ပြန်သွားပြီး ဘခက် လက်မောင်းတွင် သွားစိုက်နေသည်။

"အား..."

ဘခက်လွှတ်ခနဲ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ဇော်ဇော်"

ဦးဇေယျ အသံထွက်လာသည်။ ဇော်ဇော်ရပ်နေသည်။ ယမင်း...ဇော်ဇော့်နား သွားရန်ပြင်လိုက်သည်။

"ယမင်းကိုဖမ်းလိုက်"

ယမင်း လွှပ်ရှားရန်ဟန်ပြင်လိုက်ပေမယ့်မရပါ။ အစောင့်နှစ်ယောက်ကချုပ်ကိုင်လိုက်သည်။ ဇော်ဇော် ရင်ထဲတွင် စိုးရိမ်မှုများဖြစ်လာသည်။

"ယမင်းကိုဘာကြောင့်ဖမ်းရတာလဲ၊ ဘာအပြစ်ရှိလို့လဲ"

ဇော်ဇော်၏အမေးကြောင့် ဦးဇေယျ ပြုံးလိုက်သည်။ ဇော်ဇော် အားချိန်ရွယ်ထားသော သေနတ်ကို ဖယ်လိုက်ပြီး ပါးစပ်မှ ဆေးပြင်းလိပ်ကို လွှင့်ပစ်လိုက်သည်။ ပြီးမှ စကားကို စလိုက်သည်။

"မင်းဒါကို အစောကြီးကတည်းက မေးဖို့ကောင်းတယ် ဇော်ဇော်၊ ယမင်း အပြစ်က မသေးဘူး။ ဒေဝီအဖွဲ့အစည်းကို ဖျက်ဆီးဖို့ ရောက်လာတဲ့ သူလျှိုမ၊ စုံထောက်မ ဖြစ်နေလို့"

"ဟာ..."

"ဟင်..."

"အို..."





မယုံကြည်နိုင်စရာ အံ့သြသံတွေ ထွက်လာသည်။

ဇော်ဇော်လည်း အံ့သြသွားလေသည်။ ဇော်ဇော် ဘာဆက်ပြောရမှန်း မသိဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ယမင်းတ စုံထောက်...ဟုတ်လား"

မယုံကြည်နိုင်သလိုဇော်ဇော့်အသံက ထပ်ထွက်လာသည်။ ဦးဇေယျ လက်တွေ့ပြလိုက်သည်။ သတင်းစာ တစ်စောင်ဇော်ဇော်ရှေ့သို့ရောက် လာသည်။ သတင်း ထင်ရှားသလို ယမင်း၏ လုံခြုံရေးအဝတ် အစား နှင့် ရိုက်ထားသော ဓာတ်ပုံက ထင်ရှားသည်။ ဒုစရိုက်နှိမ်နင်း၍အောင် မြင်သော သတင်းဖြစ်သည်။

"ဇော်ဇော်...ရှင်းပြီလား"

"ရှင်းပြီ"

"ဒါကြောင့် ဘစက်နဲ့ သူတိုက်တာ မောင်ဇော် မဝင်အောင် တားတာ၊ သစ္စာဖောက်ဆိုတာ သစ္စာဖောက်တို့ သွားရာလမ်းအတိုင်း





သွားရမှာပဲ မဟုတ်လား"

ဦးဇေယျ... ဇော်ဇော်ကို မေးလိုက်သည်။ တွေဝေနေသော ဇော်ဇော်. ထစ်ထစ်ငေါ့ငေါ့ဖြင့် အသံထွက်လာသည်။

"ဟုတ်ကဲ့"

"တော်သေးတယ်ကွ၊ အချိန်မီ သိရလို့၊ မဟုတ်ရင် ဘယ် လောက် ဒုက္ခပေးမလဲမသိဘူး၊ သူ့ကြောင့် ဒေဝီအဖွဲ့အစည်းရဲ့ပစ္စည်း တော်တော်များများ ဆုံးရှုံးသွားတယ်"

"ဟုတ်ကဲ့"

ဇော်ဇော် ထိုစကားမှလွဲ၍ ပြောစရာမရှိ၊ လတ်တလော ကြုံ တွေ့နေသော ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိအောင် ထူပူနေ သည်၊ ယမင်းအတွက်လည်း စိုးရိမ်နေသည်။

"ဒီကောင်မ ကိစ္စကို ခေါင်းဆောင်ကြီးဆီ တင်ပြရမယ်၊ သူ့ သဘောကျဆုံးဖြတ်တာကို လိုက်နာကြရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ယမင်း...ဇော်ဇော့်မျက်နှာကိုကြည့်လိုက်ပြီး ဦးဇေယျ မျက်နှာကို စိုက်ကြည့်သည်။ သူ့အမူအရာ ဘာမှ မထူးခြား၊ မျက်လုံး များက အေးစက်မာကျောနေသည်။ သူမဆီမှ ဘာသံမှ ထွက်မလာပါ။

www.burmeseclassic.com



ဇော်ဇော်...ယမင်းကို ဖျတ်ခနဲကြည့်ပြီး အခန်းထဲမှ ထွက်လာသည်။ ယမင်းကို ဒုစရိုက်လက်ပါးစေတွေ ခေါ်ဆောင်သွားလေသည်။ ဦးဖေယျ...ယမင်း၏နောက်ကျောကိုကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

လူတွေတစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ဘခက်...ဦးဖေယျအနီးမှ ထွက်သွားသည်။ လူတွေပျော်ရွှင်နေသည်မှာ ပျောက်ကွယ်သွားလေသည်။

ယခုအချိန် အလွန်ပင်အရေးကြီးနေသောအချိန်ဖြစ်သည်။ အချိန်တိုင်း အဖိုးတန်နေသည်။ သူမ ရင်ထဲ ဒိန်းခနဲ ခုန်လာသည်။ သိထားသမျှ စုံစမ်းရသမျှတွေကို အချိန်မီ သတင်းပို့ချင်သည်။

သူ လှုပ်ရှားရန်မလွယ်ပါ။ သတင်းပို့ရန်လည်း မလွယ်ပါ။ သူသေ ရမည်ကို မကြောက်၊ သူရရှိထားသော သတင်း မပို့ရမည်ကို ပူပင် သောကရောက်နေသည်။

ယမင်း (ခေါ်) လုံခြုံရေးမှူး နီလာထွန်းလက်ရှိ အကျဉ်းကျခံနေရသည်။ သူ့ဘဝမှန်ပေါ်သွားသည်။ အားမငယ်မိ၊ သေရမည်ကို ကြောက်သော်လည်း တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးရမည်မို့ ဝမ်းမနည်းပါ။ ပျော်ပျော်ပင် အသေခံမည်ဖြစ်သည်။





အခွင့်သာလျှင် ဒုစရိုက်သမားတချို့ အဖော်ခေါ်သွားချင်သည်။ သူမ သိထားသော သတင်းအချိန်မီ ပို့နိုင်ရေးအတွက် သူမ လွတ်မြောက်လိုသည်။ အခန်းပတ်ပတ်လည်ကို ကြည့်လိုက်သည်။ မလွယ်ပါ၊ အကျဉ်းခန်းမှာ ကျောက်နံရံကို ထွင်းထားခြင်းဖြစ်၏။ လွတ်လမ်းမရှိ၊ ယမင်းစိတ်ပျက်လက်ပျက် တံခါးနားမှ ခွာကာ ခုတင် ပေါ်ထိုင်ချလိုက်သည်။

အခန်းထဲတွင် ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး ရေအိုးတစ်လုံး၊ သောက်ရေခွက် တစ်ခွက်၊ အားကိုးလောက်သော ပစ္စည်းမရှိ။ သူ ဇော်ဇော့်ကို ဖျတ်ခနဲ သတိရလာသည်၊ သူ့အကူအညီ ရပါက သတင်းပို့နိုင်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယမင်း အကျဉ်းတံခါးပွင့်လာသည်။ အထဲသို့လူနှစ်ယောက်ဝင်လာသည်။ ဝင်လာသူနှစ်ယောက်အနက် တစ်ယောက်မှာဇော်ဇော်ဖြစ်သည်။ ဇော်ဇော်မျက်နှာမကောင်းပါ။

"ယမင်း... ကျွန်တော်တို့နဲ့လိုက်ခဲ့ပါ"

ဇော်ဇော် ဘာမှမပြောရဲပ်နေသည်။ ယမင်း ထရပ်လိုက်သည်။ ယမင်း ငြင်းရန် စိတ်မကူး။ စိတ်ကူး၍လည်း အကြောင်းမထူး။ ခေါ်သည့်နေရာသို့လိုက်ရန်ပြင်လိုက်သည်။

"ဘယ်ကိုလိုက်ရမှာလဲ"

အခန်းအပြင်တွင် လက်နက်ကိုင်နှစ်ယောက်ကိုတွေ့ရသည်။

"အခန်းတစ်ခုကို..."





ယမင်း ဘာမှဆက်မမေးတော့၊ ယမင်းရှေ့မှလျှောက်လာခဲ့သည်။ အခန်းအဓိကတော်များများကို ဖြတ်ကျော်ပြီး ပိတ်ထားသောအခန်း တစ်ခန်းရှေ့ရောက်လာသည်။ ယမင်း ထိုအခန်းကို စူးစိုက်ကြည့်သည်။

"ဝင်ခဲ့ပါ"

အထဲမှအသံသြသြကြီးထွက်လာပြီး...အခန်းတံခါးအလိုလိုပွင့်သွားသည်။ ယမင်းရှေ့မှ ဝင်လိုက်သည်။ အစောင့်နှစ်ယောက်အခန်းအပြင်တွင် ကျန်ခဲ့သည်။ ဇော်ဇော်နှင့်တစ်ယောက် အခန်းထဲလိုက် ဝင်လိုက်သည်။

အခန်းထဲရှိ စားပွဲတွင် လူငါးယောက် ထိုင်နေသည်။ ဦးဧယျ၊ ခေါင်းဆောင်ကြီး၊ သူရိန်ထွန်းနှင့်အခြားဖြည့် သည်နှစ်ယောက်ကိုတွေ့လိုက်ရသည်။

ထိုင်ခုံအလွတ်နှစ်ခုံတွင် ဇော်ဇော်တို့ ဝင်ထိုင်လိုက်သည်။ ယမင်းမတ်တတ်ရပ်လျက် အားလုံးကိုကြည့်နေသည်။

"ဒေဝီအဖွဲ့အစည်းကို ဖျက်ဆီးဖို့လာတဲ့ ဒုလုံခြုံရေးမှူးနီလာထွန်းဆိုတာသူပဲ၊ သူ့ကြောင့် ပစ္စည်းတွေ အတော်ဆုံးရှုံးတယ်၊ အခုတော့ သစ္စာဖောက်တို့သွားရမယ့်လမ်းကို သိရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေယျ ထိုင်နေသူများကို ပြောသလို ယမင်းကို ပြောသလို ပြောလိုက်သည်။ ထိုင်နေသူများ ယမင်းကိုကြည့်လိုက်သည်။

"ဘာပြောမလဲ"

"ပြောစရာမရှိဘူး၊ ရှင်တို့တွေ မကြာခင် ကျဆုံးမှာ သိလား"

"တိတ်စမ်း"

"မင်းကိုဒါတွေ ပြောခိုင်းနေတာမဟုတ်ဘူး။ မင်းမသေခင် ဘာပြောမလဲ မေးတာ"

ခေါင်းဆောင်ကြီး အသံညြညြဖြင့် အပြတ်ပြောသည်။ ဦးဖေယျ မျက်ဝန်းများ အရောင်လက်လာသည်။

"မင်းမသေခင် ဒေဝီအဖွဲ့အစည်းရဲ့ နှိပ်စက်ပုံလေး ကြည့်သွားဦး၊ သေတဲ့လူ စကားမပြောနိုင်ဘူး။ ဒို့အဖွဲ့ ဘယ်လောက်တိုးတက်နေတယ်ဆိုတာ မင်းကိုပြရမယ်၊ မင်းသိချင်တဲ့ ဒေဝီအဖွဲ့ဟာ ဘယ်လိုလဲဆိုတာ သိရမှာပေါ့ ဟုတ်လား"

စကားပြောရာမှ ရပ်ပြီး ယမင်းကိုကြည့်သည်။ ယမင်း အံတင်းတင်းကြိတ်ထားသည်။ ခေါင်းဆောင်ကြီး စကားပြောပုံမှာ မိုက်ခရိုဖုန်းထည့်ပြောမှန်း သိသာသည်။ အဝတ်အစားအထူကြီးဝတ်ပြီး ဦးထုပ်ကြီးဆောင်းကာ မျက်မှန်အမည်းကြီးတပ်ထားသည်။ သူ့ပုံစံ





ခန့်မှန်းရခက်နေသည်။

"သူ့ကိုမေးစမ်း ဒေဝီအဖွဲ့အကြောင်း ဘယ်လောက်သိထားလဲလို့"

ဦးဖေယျ ထိုင်နေရာမှ ထလာကာ ယမင်း နားရပ်ပြီး မေးလိုက်သည်။

"မင်းဘာတွေ သိထားလဲပြောစမ်း"

ယမင်း မဖြေပါ။ ဦးဖေယျအား စူးစူးဝါးဝါး ပြန်ကြည့်နေသည်။

"ပြောလေ"

ယမင်းမလှုပ်ပါ။ ငြိမ်နေသည်။

"မင်းဖြေစမ်း၊ ငါ သည်းမခံတော့ဘူးနော်"

ဦးဖေယျ လေသံမာလာသည်။ ယမင်း ရပ်မြဲရပ်နေသည်။

"ဟိုမှာကြည့်စမ်း"

ယမင်း လှမ်းကြည့်လိုက်သည်။ ကန်တစ်ကန် သူတို့နှင့်မလှမ်းမကမ်းတွင် ပေါ်လာသည်။

"ဒီနေရာက ထောက်လှမ်းရေးသမားတွေကို စတေးတဲ့နေရာပဲ သေချာကြည့်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဗွမ်း…"

စကားသံနှင့်အတူ ကန်ထဲသို့ ကြောင်လေးတစ်ကောင် ကျ လာသည်။ ရေပြင်နှင့်ထိတွေ့လိုက်သည်။ ရေပြင်ဆူပွက်လာသည်။ ကြောင်လေးအော်ပင် မအော်နိုင်ပါ။ တစ်ခဏအတွင်း တန်ရေပြင် ငြိမ်သက်သွားလေသည်။ ကြောင်ကလေးကိုယ် မရှိတော့ပါ။

"အက်ဆစ်ကန်"

ဇော်ဇော့် နှုတ်ဖျားမှ အသံတိုးတိုးထွက်သွားသည်။

"ဟုတ်တယ်၊ အက်ဆစ်ကန်၊ ယမင်းမင်းရဲ့အသွေးအသား တွေ အဲဒီကန်ထဲမှာ ဆုံးပါးရမယ်၊ အရသာခံစားကြည့်မလား"

ယမင်း ဘာမှ မပြောပါ။

"ဒီတော့ မင်းဘာတွေ သတင်းပို့ပြီးပြီလဲ ပြောပါ"

သူရိန်ထွန်း…ယမင်း အဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ် သွားသည်။ သို့သော် စိတ်မကောင်းရုံမှ လွဲပြီး သူ ဘာမှ မလုပ်နိုင်ပါ။ သည်အတိုင်းကြည့်နေရသည်။

"ကျွန်မ ရှင်တို့လုပ်ရပ်အားလုံးကို သိထားတယ်"

"မင်းဘာတွေ သတင်းပို့ပြီးပြီလဲ၊ မေးတာဖြေပါ"

ယမင်း အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ်ကိုက်ထား





သည်၊ အခြေအနေ အဆိုးဝါးဆုံးရောက်နေပြီဖြစ်သည်။ သူရိန်ထွန်း ခနေနိုင်ပါ။ တစ်စုံစုံ လှုပ်ရှားမှုဖြစ်မည်။ တိုင်းပြည် သမီးကောင်းတစ် ယောက် အဆုံးရှုံးမခံနိုင်၊ မိန်းကလေး လိုက်လျှောမည့်ပုံမပေါက်ပါ။

သူဝင်ပြောလျှင် တစ်မျိုးထင်သွားမည်၊ ပိုဆိုးဝါးမည်။ သူ့ကို ခါသံသယ ဝင်လာမည်။

"မင်းလုံးဝမပြောတော့ဘူးလား"

"နေပါဦး ခေါင်းဆောင်ကြီး"

ဇော်ဇော့်ထံမှ စကားသံထွက်လာသည်၊ အခန်းထဲရှိသူတွေ ဇော်ဇော့်ကို လှမ်းကြည့်လိုက်ကြသည်။

"ကျွန်တော်တစ်ခု ပြောပါရစေ"

"ပြောပါ"

"သူ့ဆီက ခေါင်းဆောင်ကြီးတို့ လိုချင်တဲ့အဖြေရအောင် ကျွန်တော်မေးပေးပါ့မယ်"

ဇော်ဇော်၏ စကားအဓိပ္ပာယ်ကို သူရိန်ထွန်း သဘောပေါက် သလိုရှိသည်၊ အချိန်ဆွဲမှန်း သိလိုက်သည်။

"ကောင်းပြီ… မင်းကို သုံးရက်အချိန်ပေးမယ်၊ သူ့ဆီက သတင်းစကားလိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

"ဟေ့ - သူ့ကိုခေါ်သွားတော့"

ယမင်းနှင့်ဇော်ဇော်တို့ အခန်းထဲမှ ပြန်ထွက်သွားသည်။ သူရိန်ထွန်း ဆက်ထိုင်နေသည်။

"နမှပဲ ရင်ဖအေးရတယ်"

ရင်ထဲမှ ရေရွတ်လိုက်သည်။

"ယမင်း—"

"ဘာလဲ ကိုဇော်"

"ကိုယ် စကားပြောစရာရှိတယ်"

"ပြောလေ"

ဇော်ဇော်ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

စားစရာပို့ထားသည်မှာ သည်အတိုင်းရှိနေသည်။ လုံးဝ အရာမယွင်းပါ။ ထမင်းပန်းကန်နှင့်လက်ဖက်ရည်ခွက် ချထားလျက်သားရှိသည်။ သူ အစာမစားကြောင်း သိလိုက်သည်။ ဇော်ဇော် တံခါးခေါက်လိုက်သည်။

အပြင်တွင် စောင့်နေသော လက်နက်ကိုင်အစောင့်ကို အသံပြုလိုက်သည်။

"ဒီပန်းကန်တွေ ယူသွား၊ စားစရာတစ်ခုခု ထပ်ယူလာခဲ့ပါ"

အစောင့်တာဝန်ကျ ပန်းကန်ယူပြီးထွက်သွားသည်။ အစောင့်ထွက်သွားပြီးမှ ယမင်း နားလျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းသိထားတာတွေကိုယ့်ကိုပြောပြပါလား"

ဇော်ဇော်လေသံ အေးအေးနှင့်ပြောရင်း လက်တစ်ဖက်ကယမင်းကို လှမ်းဖက်လိုက်သည်။

"ဘာပြောတယ်၊ ကိုဇော် ယမင်း သိတာတွေ ပြောရမယ်ဟုတ်လား"

"ဟုတ်တယ်"

ကိုဇော် ချစ်သူ ယမင်းကို ချော့လိုက်သည်။ ယမင်း လေသံမာလာသည်။

"ကိုဇော်ကို ယမင်းချစ်ပါတယ်"

ယမင်းစကားတစ်ဝက်နှင့်အံကြိတ်ပြီး စဉ်းစားတာ

"ဒါပေမယ့် ကိုဇော်နဲ့ ယမင်း တို့က ဘာဝမတူဘူး။ ကိုဇော်က ဒုစရိုက်သမား။ ယမင်းက တိုင်းပြည်ကိုကာကွယ်တဲ့လူ။ တစ်ယောက်တစ်လမ်းစီ၊ ဒါပေမယ့် ကိုဇော်ကို ယမင်း ချစ်နေမှာပါ၊ ဒါကို နတ်ပုံးလုပ်ပြီး ယမင်း သိထားသမျှ သိဖို့မကြိုးစားပါနဲ့၊ ယမင်း ကိုယ်ကိုသစ္စာဖောက်သမားမဟုတ်ဘူး။ တိုင်းပြည်ကို သစ္စာမဖောက်ဘူး။ ဘာမှ မပြောလို့သတ်ချင်ရင် သတ်လိုက်ပါ။ ယမင်းမကြောက်ဘူး"





ယမင်း သဘောထား နိုင်မာသည်၊ ပြတ်သားသည်၊ တိုင်းပြည်အပေါ် စေတနာထားသည့် ပြည်သူ့ဝန်ထမ်း ပီသလွန်းသည်။ ယမင်းစကားကို ကိုဇော်ငေးနားထောင်နေလေသည်။

"ကိုဇော် သိထားဖို့က ဘယ်ဒုစရိုက်သမားမှ ရေရှည် မတည်မြဲပါဘူး၊ ကိုဇော်ပါဝင်တဲ့ ဒေဝီအဖွဲ့အစည်းဟာ မကြာခင် ပျက်စီးတော့မယ်ဆိုတာ ယမင်း ကျိန်းသေပြောရဲတယ်၊ ကိုဇော်လည်း ဒီလောကကထွက်ပါ၊ တရားဥပဒေအဆုံးအမ ခံယူပြီး ရိုးသားစွာလုပ်ကိုင်စားသောက် ပါ။ ဒုစရိုက်မှုလုပ်ပြီး ရလာတဲ့ငွေကို မမက်ပါနဲ့၊ အဲဒါတွေကအတ်သိမ်း မကောင်းပါဘူး"

ဇော်ဇော်...ယမင်းပြောသောစကားများကို သဘောကျနေသည်။ ကျေနပ်သည်၊ သူချစ်သူအတွက် ဂုဏ်ယူသည်။ ဒါပေမယ့် ဇော်ဇော် စကားစလိုက်သည်၊

"ဒါကတော့ ထားပါ၊ ကိုဇော် ပြောပါရစေ ယမင်း"

"ပြောပါ...ယမင်း နားထောင်နေပါတယ်"

"ယမင်း စကားတွေမှန်ပါတယ်၊ ဒါပေမယ့် ဥပဒေရဲ့ အဆုံးအမကို ကိုယ်မခံနိုင်ဘူး၊ သက်တမ်းတိုတိုလေးမှာ အုတ်တံတိုင်းကြားမှာ မနေနိုင်ဘူး၊ ဒါကြောင့် မင်းသိသမျှပြောပါ၊ ကိုယ်တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ယမင်းနဲ့ နှစ်ယောက် ပျော်ပျော်နေရအောင်နော်၊ အကြောင်းနဲ့ အသက်အသေမခံပါနဲ့ကွာနော်..."

ဇော်ဇော် ဖြစ်စေချင်သည်ကို ပြောလိုက်သည်။ နောက် ယမင်းမျက်နှာတည်သွားပြီး ဇော်ဇော်ကို မုန်းတီးရွံရှာစွာ ကြည့်လိုက်သည်။

"ဒီမှာကိုဇော်.. ယမင်းနာမည် နီလာထွန်းပါ၊ ရှင့်လို ဒုစ္စ သမား၊ ဒုစရိုက်သမားက တိုင်းပြည်နဲ့လူမျိုးကို သစ္စာသိတဲ့စိတ်၊ ချစ်တဲ့စိတ် ရှိမယ်လို့ တွေးမိတဲ့ ကျွန်မ နောင်တရမိပါတယ်၊ ဒုစရိုက်သမား စစ်စစ်ကိုမှ ချစ်မိတဲ့ ကျွန်မမေတ္တာတရားကိုလည်း ခွင့်မလွှတ်တော့ဘူး"

"မင်းကိုယ့်အချစ်ကို မစော်ကားနဲ့၊ မင်း လက်တွေ့ကြုံနေရတဲ့ပြဿနာကို ပြောနေတာ"

"တော်ပါ ကိုဇော်.... ရှင် ဥပဒေလက်က မလွတ်ပါဘူး၊ ရှင့် ထက်တော်တဲ့သူ မြန်တဲ့သူ ကျွန်မတို့ ဥပဒေဘက်တော်သား တစ်ယောက်ရှိတယ်၊ သူနဲ့တွေ့ရင် ရှင်နောက်ကျမယ် သိလား"

"သူဘယ်သူလဲ၊ ကိုယ်တွေ့ချင်လိုက်တာ"

ဇော်ဇော် လှောင်ပြောင်သလိုပြောလိုက်သည်။





"တွေ့ရမှာပါ၊ စိတ်ချပါ၊ ရှင်အထင်ကြီးတဲ့ ဒေဝီအဖွဲ့အစည်းကြီးကို ဖြိုဖျက်ဖို့ရောက်လာမယ်၊ စိုင်းကျော်စွာလေ..သိတယ်မဟုတ်လား၊ အခုတောင် ရောက်နေလား မသိဘူး၊ ကျွန်မ သေချင်သေ သွားမယ်၊ သူကတော့ ရအောင်ဖျက်ဆီးမှာပဲ သိလား"

မုန်းတီးနာကြည်းမှုများနှင့် ယမင်း စကား အဆုံးသတ်လိုက်သည်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်သော ချစ်သူစကားက ဇော်ဇော့်ရင်ဝကို လှံနှင့်ထိုးသလို အခံရခက်စေသည်။

"ဒီမှာ နီလာထွန်း"

ဇော်ဇော် သေနတ်ဖြင့်ချိန်ထားပြီး စကားဆက်လိုက်သည်။

"ကျုပ်ပြောတဲ့အတိုင်း မလိုက်နာတော့ အသက်ရှင်ခွင့် မပေးနိုင်ဘူး၊ အက်စစ်ကန်မှာ မချိမဆန့်သေတာလည်း ကျုပ် မကြည့်ရက်ဘူး၊ ခင်ဗျားကို ကျုပ်လက်နဲ့ သတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ရပါတယ်၊ သတ်ပါ၊ လူဆိုတာ တစ်ခါပဲ သေရမယ် သိလား"

ယမင်း မျက်စိမှိတ်ထားလိုက်သည်။ ပြေးဝင်လာမည့် ကျည်ဆန်ကို စောင့်မျှော်နေသည်။

"ဂျိုင်း...."

တံခါးပိတ်သံကြားလိုက်ရသည်။ မျက်စိဖွင့်ကြည့်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်အခန်းထဲတွင် မရှိတော့ပါ။

"ကိုဇော် စိတ်ပြောင်းပါစေ"

ယမင်းကျော် ဆုတောင်းလိုက်သည်။

အခန်းကျယ်ကြီးအတွင်း စားပွဲကြီးနောက်တွင် လူ တစ်ယောက် ထိုင်နေသည်။ ဒေဝီအဖွဲ့အစည်းကြီး၏ ခေါင်းဆောင်ဖြစ်သည်။ စားပွဲပေါ်မှစကားပြောခွက်ကို ယူလိုက်သည်။

"ဟုတ်ကဲ့... အမိန့်ရှိပါ"

"သူရိန်ထွန်းကို လွှတ်လိုက်၊ ငါ့ဆီကို ဘယ်သူလာလာ မလွှတ်နဲ့၊ မရှိဘူးပြောလိုက် ကြားလား၊ အရေးကြီးတယ်"

"ဟုတ်ကဲ့"

စကားပြောခွက်ကိုပိတ်ပြီး ဝတ်ထားသော အကျီထူကြီးကို ချွတ်လိုက်သည်။ ပါးစပ်ထဲထည့်ထားသော မိုက်ခရိုဖုန်းအသေးစားလေးထုတ်လိုက်သည်။ ဦးထုပ်နင့်မျက်မှန်ကိုပါ ချွတ်လိုက်သည်။ သူမသူဇာဒေဝီခေါင်းဆောင်ကြီးဖြစ်ပြီး...သူရိန်ထွန်း၏ ချစ်သူ သူဇာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်ထွန်း အခန်းထဲဝင်လာသည်၊ သူဝင်လာပြီးသည်နှင့် တံခါးပြန်ပိတ်သွားသည်။ ယခုအခန်းထဲသို့ သူရိန်ထွန်း တစ်ကြိမ်မှ မရောက်ဖူးပါ။ အခန်းထဲတွင် သူဇာ ပြုံးရွှင်စွာကြိုဆိုနေလေသည်။

"ထိုင်လေကိုကို…အရေးတကြီးပြောစရာရှိလို့ ခေါ်လိုက်တာ"

သူရိန်ထွန်း ကုလားထိုင်တွင်ဝင်ထိုင်လိုက်ပြီး စီးကရက်မီးညှိဖွာလိုက်သည်၊

"အရေးမကြီးလည်း ခေါင်းဆောင်ကြီးခေါ်ရင် လာရမှာပဲ မဟုတ်လား"

"ကိုကို့စကားကလဲ…ခေါင်းဆောင်လုပ်ရတာ စည်းကမ်းရှိရတယ်လေ၊ ချစ်သူတစ်ယောက်အနေနဲ့ တာဝန်မကျေတဲ့သူဇာ့ကို ခွင့်လွှတ်ပါကိုကို"

ထိုစကားနှင့်ပင် သူရိန်ထွန်း ကျေနပ်သွားသည်၊

"အရမ်းအရေးကြီးလို့ ခေါ်လိုက်တာ ကိုကို"

"ပြောပါ… ကိုကို နားထောင်နေပါတယ်"

သူရိန်ထွန်းရင်ထဲတွင် ထိတ်သွားသည်၊

"နောက်တစ်ပတ် တနင်္ဂနွေမှာ ပစ္စည်းအရောင်းအဝယ် လုပ်





ကြမယ်"

ဝမ်းသာမှုအရှိန် ရင်ထဲ ဝင်လာသည်၊ ကြားရသည့်စကားအတွက် အမူအရာမပျက်အောင် သတိထားလိုက်သည်။

"ဒါ ထူးဆန်းလို့လား သူဇာ"

"ထူးဆန်းတယ်ကိုကို၊ ခါတိုင်းလိုမဟုတ်ဘူး၊ ဒါကြောင့် ကိုကို့ကို ခေါ်တာ"

"ကိုကိုက ဘာလုပ်ပေးရမလဲ၊ ဘာတွေရောင်းပြီး ဘာဝယ်မှာလဲ၊ ဘာကြောင့် ထူးဆန်းတယ်လို့ပြောရတာလဲ"

"သိန်းငါးရာဖိုးလောက်ရှိတဲ့ ရတနာတွေ ရောင်းမှာ"

"ဟုတ်ပြီ"

"ယုံကြည်စိတ်ချရတဲ့ လူလိုလာပြီ၊ သူဇာ့မှာ အဲဒီလိုလူ မရှိဘူး၊ လူတွေက ပစ္စည်းမြင်ရင်လောဘတက်သွားကြမှာ၊ ဒါကြောင့် ကြိုတင် ကာကွယ်ထားရမယ်"

"ဒါတော့ မှန်တယ်သူဇာ၊ ကိုယ်တို့ဘက်က အစစအရာရာ သေချာစီစဉ်ဖို့လိုတယ်"

သူရိန်ထွန်းအလိုက်သင့်ပြောလိုက်သည်။ သူဇာအားတက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက ဦးဇေယျကို သတိထားရမယ်"

"ဘာဖြစ်လို့လဲ"

မယုံကြည်စရာစကားမို့ ချက်ချင်းဆိုသလို ပြန်မေးလိုက်သည်။ ဦးဇေယျမှာဒုတိယခေါင်းဆောင်ဖြစ်သည်။ သူ့ကို သံသယဖြစ်သည်။ သူဇာ အကြောင်းမဲ့ မပြောတတ်ကြောင်း သူရိန်ထွန်း သိထားသည်။

"သူက ဒေဝီအဖွဲ့ခေါင်းဆောင်ဖြစ်ချင်နေတယ်၊ အရည်အချင်းယှဉ်လို့မရလို့သာ၊ စိုင်းဝဏ္ဏနဲ့သူက ဆရာတပည့်၊ စိုင်းဝဏ္ဏလူအားလုံးသူ့လူတွေပဲ၊ သူဇာ လူစုခွဲလိုက်တော့ သူ သိပ်မကျေနပ်ဘူး။ ဝိုင်ကွက် ချောင်းနေတဲ့လူ"

"မယုံကြည်ရရင် သူ့ကိုဖွဲ့ထားလိုက်ပြီးရောကွာ"

"အဲဒီလို လုပ်လို့မရသေးဘူး၊ သူနဲ့ပတ်သက်စရာတွေရှိသေးတယ်၊ သတိတော့ထားရမှာပေါ့။ ဒါကြောင့် ကိုကို့ကို ခေါ်တိုင်ပင်တာ၊ စိတ်ချရတဲ့လူ ငါးယောက်လိုချင်တယ်၊ ကိုကို လူရှာပေးပါ"

"ကောင်းပြီလေ... ကိုကိုရှာပေးမယ်"

"ကောင်းပြီ၊ စိတ်ချပါရစေကိုကို"

"စိတ်ချပါ"





"ဒါတွေထားပါဦး၊ သူဇာ... မင်း ကိုကို့ကိုရော ချစ်သေးရဲ့လား"

"ဘာလို့မေးတာလဲ ကိုကိုရယ်... ချစ်တာပေါ့"

ချစ်သူနှစ်ဦး ယခုမှပင် ချစ်စကား လွတ်လပ်စွာပြောဆိုခွင့်ရလေသည်၊ သူရိန်ထွန်း ... သူဇာအား အလွန်ပင် ချစ်ခင်သူ... ချစ်သူအတွက် ရင်လေးနေသည်၊

ကောင်းကင်တွင် ငွေလသာနေသည်၊ လရောင် မြေပြင်သို့ ဖြာကျနေသည်၊ ဒေဝီစခန်းအတွင်း မီးရောင်များ လင်းထိန်နေသည်၊

စခန်းအတွင်း လူနှစ်ယောက် လှုပ်ရှားနေသည်။ လှုပ်ရှားမှုကာ ပိရိသေသပ် ညင်သာသည်မို့ လှုပ်ရှားသံမကြားရပါ။ စခန်းအတွင်း မီးစက်သံ လွှမ်းမိုးနေသည်၊ သူတို့လှုပ်ရှားမှုကို ရပ်ပြီး နားစွင့်လိုက်သည်၊ အခြေအနေ အေးဆေးငြိမ်သက်နေသည်၊

နှစ်ယောက်သား လှုပ်ရှားလိုက်ပြန်သည်။ တစ်ခန်းပြီး တစ်ခန်း ရွေ့လျားနေကြသည်၊ အသံလွှင့်စက်ထားသည့်အခန်းသို့ ဦးတည်လှုပ်ရှားနေခြင်းဖြစ်သည်၊ အခန်းတစ်ခုရှေ့ရောက်သောအခါ နှစ်ယောက်စလုံးရပ်လိုက်ကြသည်၊ ဖေ့ရုံဖေ့ထားသော အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးဖွင့်သံကြောင့် အသံလွှင့်စက်ခုံတွင် အလုပ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော လူနှစ်ယောက် လှည့်ကြည့်လိုက်သည်။ အံ့ဩပြီး လှုပ်ရှားရန် ပြင်လိုက်သည်။ သို့သော် နောက်ကျသွားသည်။ အသံလွှင့်စင်ပေါ်မှ လူနှစ်ယောက်မှောက်သွားလေသည်။

တစ်ယောက်ကတံခါးဝနားတွင်အခြေအနေကိုစောင့်ကြည့်ပြီးကျန်တစ်ယောက်မှာအသံလွှင့်စက်နှင့်အလုပ်ရှုပ်နေသည်။

"မဟူရာ မပြောနေတယ်၊ ခြသေ့လိုတယ်၊ နောက်တစ်ပတ် ခြသေ့လိုတယ်ကြားလား"

အသံလွှင့်ချက်ပြီးသွားပြီဖြစ်သည်။ လဲကျနေသူ နှစ်ဦး သတိမရသေးပါ။ ထိုင်ခုံပေါ်အသာမတင် ထိုင်ပေးလိုက်သည်။

နှစ်ယောက်သား အပြင်ပြန်ထွက်လာသည်။ တစ်ယောက် ...အခန်းတစ်ခန်းအတွင်းဝင်သွားပြီး ကျန်တစ်ယောက် မှာဆက် ...လျှောက်သွားလေသည်။ သူ့မျက်နှာအပေါ်မှအုပ်ထားသော သားရေ ...ကို ဆွဲဖယ်လိုက်သည်။ မှုရင်းမျက်နှာပေါ်လာသည်။ သားရေပြား ...ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။

"ဆရာထွန်း ဘယ်ကလာတာလဲ၊ မအိပ်သေးဘူးလား၊ ညဉ့် ...တ်နေပြီ"

အစောင့်တာဝန်ကျသူက ခြေသံကြောင့် ငိုက်နေရာမှ မော့ ...ကြည့်ပြီး သူရိန်ထွန်း ကို မြင်သည်နှင့် နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com



သူရိန်ထွန်း တာဝန်ကျသူအားတစ်ချက်ကြည့်လိုက်သည်။ သူ့မျက်လုံး အိမ်တွင် အိပ်ချင်မူးတူးဖြစ်နေဟန်ဖြစ်နေ၏။ သူ့ကို သံသယမဖြစ်၊ ရိုးသားစွာ မေးခြင်းဖြစ်သည်။

စီးကရက်တစ်လိပ်ထုတ်ယူပြီးတာဝန်ကျသူအားလှမ်းပေး လိုက်သည်။ သူလည်းတစ်လိပ်မီးညှိဖွာလိုက်သည်။

"အိပ်မရဘူးကွ၊ ဒါနဲ့လမ်းလျှောက်ထွက်လာတာ၊ မင်းဒီမှာ တာဝန်ကျနေလား"

တစ်ယောက်တည်းစောင့်နေစဉ် ငိုက်နေသော အစောင့် စကားပြောဖော်ရသောအခါမျက်လုံးကျယ်လာသည်။

"ဟုတ်တယ် ဆရာထွန်း၊ ကျွန်တော့်အချိန် ကုန်ခါနီးပါပြီ အလှကားအိပ်ရေးပျက်တယ်၊ ဒီအခန်းထဲ ဘယ်သူမှဝင်မလာနိုင်ဘဲ နဲ့ စောင့်နေရတယ်၊ ကြာတော့ ပျင်းလာပြီ"

ညည်းညူစွာပြောလိုက်သော အစောင့်စကားကြောင့် သူ့ ရင်ထဲ အပူလုံးကျသွားပေသည်။ သူရိန်ထွန်း စီးကရက်ဖွာလိုက်သည်။ တာဝန်ကျအစောင့်အား နှုတ်ဆက်ပြီးထွက်လာခဲ့သည်။ သိပ် ကြာကြာ မလျှောက်ရဘဲ သူနေသောအခန်းသို့ရောက်လာသည်။

သူအိပ်ရာပေါ်တက်ကာ လှဲနေလိုက်သည်။ သူ့ခေါင်းထဲသို့





တွေးများဝင်ကာ တွေးနေလေသည်။ တာဝန်ပေးလိုက်သူက ဉပဒေ တ်တော်သား ဦးသီဟ၊ သူနဲ့တွဲဘက် လှုပ်ရှားရန် တာဝန်ပေးခြင်း ရသူက စိုင်းကျော်စွာ၊ ဖမ်းဆီးခံထားရသူက ယမင်း၊ ဒုစရိုက်ခေါင်း ဆောင်ကြီးက ချစ်ရသော ချစ်သူ သုဇာ၊ ဒုတိယခေါင်းဆောင်ကြီး ဇယျ၊ ရတနာသိန်းငါးရာဖိုးအရောင်းအဝယ်၊ သူ့ရင်ထဲ တိုင်းပြည် င့်လူမျိုးချစ်တဲ့ စိတ်တစ်ခုပြီးတစ်ခု အစီအရီပေါ်လာသည်။

ခေါင်းတစ်ခုလုံးနောက်ကျိကာ ကိုက်ခဲလာလေသည်။ မခံ ရပ်နိုင်အောင် ကိုက်ခဲလာ၍ စဉ်းစားမရအောင်ဖြစ်လာသည်။ က်ခွံများလေးလာပြီး အိပ်ချင်လာလေသည်။ မကြာပါ သူအိပ်ပျော် သွားလေသည်။

စိတ်ပင်ပန်းလူပင်ပန်းသောကြောင့်အိပ်ရင်းဟောက်သံပင် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ကွေသီဟာမြို့ မြို့နွာမည်ဆန်းသလို ပစ္စည်းများကလည်း ဆန်းပြားသည်။ တစ်ဖက်နိုင်ငံရှိ ပစ္စည်းမျိုးစုံ ကွေသီဟာမှာ ရသည်။ နိုင်ငံပေါင်းစုံ၊ တံဆိပ်ပေါင်းစုံ၊ အမျိုးအစားပေါင်းစုံ စုံလင်သည်။

မဟေသီ စားတော်ဆက်မှာခန့်ညားပြီး သန့်ရှင်းသည်၊ စားသောက်ဖွယ်ရာ မျိုးစုံရသည့် စားတော်ဆက်ဖြစ်သည်ကြောင့် နာမည်ကြီးသည်။ စားတော်ဆက်မှာ နှစ်ထပ်အဆောက်အဦဖြစ်၍ တည်းခိုခန်းပါရှိပြီး ဈေးကြီးသည်။

စားတော်ဆက်အပေါ်ထပ် အခန်းကျယ်ကြီးတွင် လူနှစ်





ယောက်ရှိနေသည်၊ တစ်ယောက်မှာထိုင်နေရင်း အလိုမကျဟန် မေးကြောကြီးများထောင်အောင် အံကြိတ်ထားသည်၊ သူ့ရင်ထဲ ဒေါသများဖြစ်ပေါ်နေလေသည်၊

"တောက်..."

ဒေါသကြောင့် တောက်တစ်ချက်ခေါက်လိုက်သည်။

"မင်းတို့ တစ်နေ့ငါ့အကြောင်းသိရမယ်"

"ဆရာကြီး သတိထားပါ"

အနားတွင်ရှိသောလူက သတိပေးလိုက်သည်။

"ငါဘာမှမဖြစ်ဘူး။ မပြောနဲ့....ကျော်အောင်"

"ခင်ဗျာ.... ဆရာကြီး"

ကျော်အောင် ပျာပျာသလဲ ထူးလိုက်သည်။ ထိုစဉ် အခန်းထဲသို့ ဘခက်ဝင်လာသည်၊

"ဘခက်...ထိုင်....ဘာကိစ္စလဲ"

ဘခက်က ဦးဖေယျခုံရှေ့တွင် ဝင်ထိုင်လိုက်သည်။ သူ့အဖွဲ့သားများ ရပ်နေကြသည်၊

"ကျော်အောင်....စားစရာတစ်ခုခု စီစဉ်ပေးစမ်း"

"နေပါစေ ဆရာကြီး၊ ဒီနေရာက ဘခက်နေရာပါ၊ ဘခက်က



www.burmeseclassic.com

www.burmeseclassic.com



ညှော်ဝတ်ပြုရမှာပါ"

ဘခက် လျှင်မြန်စွာပင် ဦးဖေယျ နိုင်းစေချက်ကို တားလိုက်သည်။ ထို့နောက်ဘခက်ထံမှ အမိန့်ပေးသံထွက်လာသည်။

"တစ်ယောက်...စားသောက်စရာ စီစဉ်နိုင်းစမ်း။ မကြာ အကောင်းဆုံး စားစရာစုံပါပါစေ၊ ငါ့ အခန်းမှာ ပြင်ဆင်ထား ကြ လား"

"ဟုတ်ကဲ့"

ဘခက်စကား၊ မိုးကြိုးသွားထက်ပြင်းထန်သည်။ ဦးဖေ ဘခက်ကိုကြည့်ပြီး သဘောကျလေသည်။

"ဘခက်"

"ခင်ဗျာ...ဆရာကြီး"

"မင်း...မိုးပြာမှာ မနေချင်ဘူးလား"

"နေချင်တာပေါ့ ဆရာကြီးရာ..."

ဦးဖေယျစကားကို ဘခက် ချက်ချင်းပြောလိုက်သည်။

"မင်းကို မိုးပြာဟိုတယ် အပိုင်ပေးမယ့် အ...အနေ ခင်ရောက်တော့မယ်"

ဘခက်မယုံကြည်နိုင်အောင်ဖြစ်သွားသည်။





"တကယ်ပြောတာလား ဆရာကြီး"

"တကယ်ပြောတာပေါ့၊ ငါစီစဉ်တဲ့အတိုင်း ဖြစ်လာအောင် ...င်းအကူအညီတော့လိုတယ်"

ဦးဖေယျစကားကိုဖြည်းဖြည်းချင်းပြောလိုက်သည်။ ဘခက် ဦးဖေယျကိုကြည့်လိုက်သည်။

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်လိုချင်တာ ရမယ်ဆိုရင် ဘာ လုပ်ရလုပ်ရ စိတ်ချလက်ချဖြစ်စေရမယ်"

"မင်းကိုငါယုံတယ်ဘခက်၊ ယုံလို့ပြောတာ"

"စိတ်ချပါ ဆရာကြီး"

"ငါဘာကြောင့် ကွေ့သီဟာကိုလာလည်းဆိုတာ သိလား"

"မသိပါဘူး ဆရာကြီး"

"ငါ ဒီမှာ ဘာကိစ္စမှ မရှိဘူး၊ စခန်းမှာ ငါမရှိစေချင်လို့ တမင် လွှတ်လိုက်တာ"

"ဘာကြောင့်လဲ ဆရာကြီး"

ဘခက်နားမလည်သောကြောင့် မေးလိုက်သည်။

"စခန်းမှာ ငါမရှိတုန်းခေါင်းဆောင်ကြီး ပဇ္ဇည်းအရောင်း အဝယ်လုပ်မယ်၊ ငါ့ကိုမယုံဘူးဆိုတဲ့သဘောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်..."

"ဒေဝီအဖွဲ့အစည်းအကြောင်းကို ငါထက်ပိုသိတဲ့သူမရှိဘူး ခေါင်းဆောင်ကြီးအကြောင်း ငါသိလာပြီ၊ ငွေတွေ ပစ္စည်းတွေ များလာပြီကွာ၊ ဘယ်သူ့ကိုမှ မယုံတော့ဘူး၊ အဖွဲ့အတွက် အကျိုးမျှားပေးတဲ့ငါ့ကိုတောင် မယုံတော့ဘူး"

"ဒါနဲ့ မိုးပြာဟိုတယ် ကျွန်တော့်ကို ပေးမှာနဲ့ဘာဆိုင်လဲ ဆရာကြီး"

"ခေါင်းဆောင်ကြီးကို ရှင်းပစ်ရမယ်၊ ဒါကြောင့် မင်း အကူအညီလိုတယ်လို့ပြောတာ"

"ကျွန်တော် အကူအညီတော့ စိတ်ချပါဆရာကြီး၊ သူ့ကို ဘယ်လိုရှင်းပစ်မလဲ၊ ဘယ်မှာလဲ၊ စခန်းမှာတော့ ရှင်းလို့မဖြစ်ဘူးနော်"

ဘခက် အခြေအနေကို တင်ပြသည်။

"မင်းက အစောင့်တွေကို စိတ်ပူလို့လား။ ဒါတွေထည့် မတွက်နဲ့ ရှင်းရမယ့်နေရာက စခန်းမှာမဟုတ်ဘူး"

"အပြင်မှာဆိုတော့ လွတ်ရှားရတာ လွယ်တယ်ဆရာကြီး ခေါင်းဆောင်ကြီးက စခန်းအပြင်ကို ဘာလာလုပ်မှာလဲ"

"အရောင်းအဝယ်လုပ်မှာ၊ အဲဒီမှာ ရှင်းမယ်၊ ဖြစ်မလား"





"ဖြစ်ပါတယ်ဆရာကြီး၊ ဘခက်မှာ မဖြစ်စေ..."

"ငါယုံပါတယ်၊ ဒါပေမယ့် သတိထားရမှာ ... စင်တွေ ပါလာမယ်၊ ဒါပေမယ့် ငါလည်း ဝင်မှာပါ"

"ဟုတ်ကဲ့"

"မင်းကို စိတ်ချမယ်နော်၊ ရော့...မင်းလူတွေ ... ရအောင်"

ဦးဇေယျ ပြောရင်း ငွေတစ်ထပ်စားပွဲပေါ် ... သည်၊ သူတို့မျက်နှာ ပြုံးရွှင်သွားကြသည်။

"ဆရာဘခက်...အသင့်ဖြစ်ပါပြီ"

"လာခဲ့မယ်၊ ဆရာကြီး အစားအစာသုံးတော်မူကြပါ"

"အေး..."

သူတို့အားလုံး ဘခက်အခန်းရှိရာ လျှောက်လာကြသည်။ အခန်းထဲရှိ စားပွဲတွင် စားသောက်ဖွယ်ရာများ အပြည့်ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင် လူစုံနေသည်။ စင်မြင့်ပေါ်တွင် ဒေဝီ ခေါင်းဆောင်ကြီး ထိုင်နေသည်။ ကွက်လပ်ကြီးနောက်နံတွင် လူခြောက်ယောက် ထိုင်နေသည်။ ယမင်းအမှုကို စစ်ဆေးမည့်နေ့ဖြစ်သည်။ ဦးဇေယျနေရာတွင် ဦးရာကျော်ထိုင်နေသည်။ တိတ်ဆိတ်နေသည်မှာ အပ်ကျသံပင်ကြားနိုင်သည်။ ခေါင်းဆောင်ကြီးအသံထွက်လာသည်။

"ဇော်ဇော်..."

"ဟုတ်ကဲ့ အမိန့်ရှိပါ ခေါင်းဆောင်ကြီး"

"မင်းတာဝန်ယူထားတဲ့သတင်းဘာရလဲ"

ဇော်ဇော် ခေါင်းဆောင်ကြီးမျက်နှာကိုကြည့်လိုက်သည်။





ခေါင်းဆောင်ကြီး မျက်နှာမမြင်၊ ယမင်းမျက်နှာကိုသာမြင်နေသည်။

"ဘာသတင်းမှ မရပါဘူး ခေါင်းဆောင်ကြီး"

"ဟော့...ခေါ်ခဲ့စမ်း"

အမိန့်ပေးသံအဆုံး ယမင်းရောက်လာသည်။ ယမင်း ဇော်ဇော့်နားကပ်ရပ်လိုက်သည်။ တုန်လှုပ်ခြင်းမရှိ၊ ဇော်ဇော် ချစ်ရသူလေးမျက်နှာကိုကြည့်ပြီး ရင်မောသွားသည်။

"မင်းကို နောက်ဆုံးမေးမယ်၊ မင်းဆုံးဖြတ်ချက်ပြင်မလား"

ခေါင်းဆောင်ကြီး စကားကြောင့် ယမင်းမျက်နှာ တင်းသွားသည်။

"အပိုတွေ ပြောမနေနဲ့၊ ဘယ်တော့မှ မပြင်ဘူး၊ သတ်ချင်ရင် သတ်လိုက်"

ဇော်ဇော်... ယမင်းလွတ်မြောက်ရေးအတွက် ခေါင်းထဲတွေးနေသည်၊ အစောင့်တာဝန်ကျသူထံမှ အသံထွက်လာသည်။

"ဧည့်သည်တွေရောက်လာပါပြီ"

"လွှတ်လိုက်"

အခန်းကျယ်ကြီးထဲသို့ လူလေးယောက်ဝင်လာလေသည်။

"ထိုင်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေ လွှတ်နေသောနံ့တွေတွင် ဝင်ထိုင်လိုက်ကြ သည်။

"ဘာတွေဖြစ်နေကြတာလဲ"

ဝင်လာသော ဧည့်သည်က မေးလိုက်သည်။

"ဒီစုံထောက်မကို ဘယ်လိုရှင်းရမလဲ စဉ်းစားနေတာ"

"ဒီအတွက် ကူညီပါရစေ"

"ပြောပါ"

"ကြည့်ရတာ ထက်မြက်ပုံပဲ၊ သတ်ပစ်မယ့်အတူတူ ကျွန် တော်တို့ ဝယ်ပါရစေ၊ ခေါင်းဆောင်ကြီးတို့အဖွဲ့ကို အန္တရာယ်မပေးစေ ရပါဘူး။ တာဝန်ယူပါတယ်၊ သူ့ကို အသုံးချစရာရှိလို့ပါ"

"ကောင်းပြီလေ၊ အခုတော့ သူ့ကို ဒီမှာပဲထားမှာမဟုတ် လား"

"ဟုတ်ပါတယ်"

"သူ့ကိုခေါ်သွားလိုက်"

ဖော်ဖော်... ယမင်းအသက်ဘေးမှလွတ်သွားသည့်အတွက် ပီတိဖြစ်နေသည်။

"ဧည့်သည်ကြီးများ စားသောက်ခန်းကြွပါ"





အားလုံးနေရာမှ ထလိုက်ကြသည်။ စားသောက်ခန်းသို့ဝင် လိုက်သည်။ စားသောက်ခန်းတွင် စားသောက်ဖွယ်ရာများအလျှံပယ် ရှိနေသည်။

စားလိုက်သောက်လိုက် အချိန်ကုန်သွားသည်။ စားလိုက် ကြသည်မှာ ပြောစရာပင်မရှိတော့ပါ။ ပျော်ရွှင်သော ကမ္ဘာကြီး တည် ဆောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူရိန်ထွန်း ခေါင်းဆောင်ကြီးအခန်းရောက်သွားသည်။

"ကိုကို...ဘာထူးလဲ"

"သူဇာ့အတွက် လက်ရွေးစင်ငါးယောက်ရှာပြီးပြီ၊ ကိုကိုတို့ စောစောရောက်နေမှ ကောင်းမယ်"

"အဲဒီငါးယောက် စိတ်ချရပါတယ်နော်၊ တော်ကြာ ဦးဇေယျ လူတွေဖြစ်နေဦးမယ်"

"မပူပါနဲ့ စိတ်ချရပါတယ်"

"ဒါဆို အသင့်ပြင်ခိုင်းထား၊ ခဏနေသွားမယ်"

"ကောင်းပြီ"

သူရိန်ထွန်း အပြင်ထွက်လာသည်။ သူဇာ ရတနာတွေ ထည့်ထားသော ခါးပတ်ကို ခါးတွင်ပတ်လိုက်သည်။ လက်ကိုင်





အိတ်ထဲတွင် အဝယောင်ပြ အနည်းငယ်သာထည့်သည်။ အပြင်တွင် အသင့်စောင့်နေသော ဦးဇေယျကိုတွေ့ရသည်။

"လူစုံပြီလား"

"စုံပြီ"

"ဒါဆို သွားကြမယ်"

ရှေ့မှ ဦးဇေယျနှင့်လူနှစ်ယောက်၊ နောက်မှ ခေါင်းဆောင်ကြီး နောက် သူရိန်ထွန်း ၊ ဇော်ဇော်၊ ယမင်း၊ ယမင်းလက်နှစ်ဖက်ကို ပူးတွဲချည်ထားသည်။ ထိုကြိုးကို သူရိန်ထွန်း ဆွဲလာသည်။

ဇော်ဇော် လျှောက်လာရာမှ ယမင်းအား မသိမသာ ဝင်တိုက်လိုက်သည်။ ယမင်း လဲကျသွားသည်။ ဇော်ဇော် ထူပေးရင်း တောင်းပန်လိုက်သည်။

"မတော်လို့ သတိထား"

ယမင်း ရင်ဘတ်ထဲ တစ်စုံတစ်ခု ထည့်လိုက်သည်။ ယမင်း မျက်ဝန်းအရောင်လက်သွားသည်။

ဘခက်တို့အဖွဲ့လည်း နောက်မှ မသိမသာ လိုက်လာကြသည်။ သူတို့ ချိန်းထားသောနေရာအရောက် ခေါင်းဆောင်ကြီးတို့ရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ရှိပြီလဲ"

"ကိုးနာရီ"

"ဒါဆိုလာတော့မယ်၊ သူရိန်ထွန်း ..ဇော်ဇော်.. သတိရှိပါ။ ဦးဖေယျနဲ့ဦးရာကျော်တို့လည်း ဂရုစိုက်ပါ"

"ဟုတ်ကဲ့"

သူရိန်ထွန်း ..ဇော်ဇော့်ကို မျက်ရိပ်ပြလိုက်သည်။ ဇော်ဇော် ထိုင်ရာမှထပြီး ရပ်နေသူလေးယောက်ရှိရာ လျှောက်လာသည်။

"မင်းတို့လေးယောက် ပတ်ပတ်လည်မှာ နေရာယူထား။ စိတ်ထဲမသင်္ကာရင် လက်မနှေးနဲ့"

"ဟုတ်ကဲ့"

ရပ်နေသူ လေးယောက် ယမင်းနားမှ ဖယ်ကာ ကွက်လပ် ပတ်လည်တွင် နေရာယူလိုက်သည်။ ပစ္စည်းအရောင်းအဝယ်လုပ်မည့်သူများ ရောက်လာကြသည်။

"ကျွန်တော်တို့ နောက်မကျပါဘူးနော်"

"မကျပါဘူး။ အချိန်တိကျတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒါဆို လုပ်စရာရှိတာ လုပ်ရအောင်"

"ဟုတ်ကဲ့"





ခေါင်းဆောင်ကြီး ဆုကေ့(စ်)ကိုဖွင့်လိုက်သည်။ လာရောက်သူမျက်နှာမကောင်းပါ။

"ဒါပဲလား"

"ရှိပါတယ်၊ ခင်ဗျားတို့ယူလာတာ ပြပါဦး"

တစ်ဖက်ကလူ သေတ္တာအပြားကြီးပြလိုက်သည်။

ခေါင်းဆောင်ကြီး ခါးပတ်တွင်ပတ်ထားသော ရတနာအိတ်ဖြုတ်ရန်ပြင်လိုက်သည်၊ အားလုံးကြည့်နေကြချိန်တွင် ဦးဖေယျ မောင်းပြန်သေနတ်ကိုယူလိုက်သည်။

ထိုအချိန်တွင် ငှက်အော်သံတစ်ချက် ထွက်လာသည်။ ဦးဖေယျသေနတ်မောင်းတင်လိုက်သည်၊

"မလှုပ်နဲ့ခေါင်းဆောင်ကြီး...ခင်ဗျားအဖွဲ့သားတွေကို ကျုပ်လူတွေ ထိန်းထားလိုက်ပြီ"

ဇော်ဇော်တို့လူစုကို ဘခက်တို့ စီးမိထားသည်။ ဦးဖေယျ ခေါင်းဆောင်ကြီး၏ ရတနာခါးပတ်ကို ဆွဲယူလိုက်သည်။

"ဒိုင်း..."

ခေါင်းဆောင်ကြီး နောက်သို့လဲကျသွားသည်။ သူရိန်ထွန်း လှုပ်ရှားရန်ပြင်လိုက်သည်။ ဦးဖေယျ လက်တစ်ဖက်ဖြင့် ဖိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး အဆင်ပြေလား"

ဘခက်အသံကြားရသည်။

"ပြေရမှာပေါ့ကွာ၊ ကဲ… မစ္စတာဝေါင်း…အရောင်းအဝယ်ကို ကျုပ်နဲ့ဆက်လုပ်တာပေါ့၊ အခု ဒေဗီခေါင်းဆောင်က ကျုပ်ပါ"

"ရပါတယ် လုပ်ပါ"

"ကဲ…ဦးရာကျော်၊ သူရိန်ထွန်း၊ ဇော်ဇော်နဲ့ယမင်းဆို့ကြွပါ"

ဦးဇေယျ လှမ်းခေါ်လိုက်သည်။ ဇော်ဇော် အခြေအနေကို စောင့်နေသည်။ ဇော်ဇော်… သူရိန်ထွန်း ကို ကြည့်သည်၊ သူရိန်ထွန်း ကလည်း ပြန်ကြည့်သည်။

"ကဲ… ခင်ဗျားတို့ ကျုပ်နဲ့ လက်တွဲမလား၊ လမ်းခွဲမလား"

ဦးဇေယျအသံထွက်လာသည်။ ဦးရာကျော်မငြင်းသာသော ကြောင့် ခေါင်းညိတ်လိုက်သည်။

"ကျုပ် လက်တွဲပါ့မယ်"

"သူရိန်ထွန်း နဲ့ဇော်ဇော်ရော"

"လုပ်ရမှာပေါ့"

ဇော်ဇော့်လေသံကြောင့် ဘခက်ဒေါသဖြစ်ကာ သေနတ်ခင် ဖြင့်ရိုက်လိုက်သည်။ ဇော်ဇော်အနီးရှိ ယမင်းကိုယ်ပေါ်ကျသွားသည်။





ဇော်ဇော်…ယမင်းကိုယ်မှ ကြိုးများကို ဓားဖြင့်ဖြတ်ပေးလိုက်သည်၊

သေနတ်သံများဆူညံသွားပြီး ရှုပ်ထွေးသော အခြေအနေ ငြိမ်သက်သွားသည်၊

"လုပ်ရဲရင် လုပ်ကြည့်စမ်း"

ဇော်ဇော့်လုပ်ရပ်ကြောင့် ခေါင်းဆောင်ကြီး နားမလည် သလို ဖြစ်သွားသည်၊

"ဘာလုပ်တာလဲ"

"ခေါင်းဆောင်ကြီးကို ဖမ်းတာ"

"ဘာ…"

"ငါ့ကိုဖမ်းရအောင် မင်းကဘာကောင်မို့လဲ"

"ကျုပ်ဘာကောင်လဲဆိုတာ သိချင်နေလား"

ဇော်ဇော်ပြောရင်း နားရွက်နောက်တစ်နေရာကိုတွန်းပြီး သားရေတုမျက်နှာဖုံးကို ခွာလိုက်သည်။

"ဟင်…စိုင်းကျော်စွာ"

"ဟုတ်တယ်"

"သူရိန်ထွန်း …စိုင်းကျော်စွာကို သတ်ခဲ့တယ်ဆိုတာ သစ္စာ ဖောက်က ရှင်ကိုယ်တိုင်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေပြောမနေနဲ့ခေါင်းဆောင်ကြီးမျက်နှာချွတ်လိုက်ပါ"

"ဖော်ဖော် သူဘယ်သူလဲဆိုတော့ကိုယ့်ချစ်သူ သူဇာလေ"

"ဩော်..."

"ဝှန်း..."

စခန်းတစ်နေရာမှပေါက်ကွဲသံထွက်လာသည်။ စခန်းတစ်ခုလုံးဥပဒေဘက်တော်သားများ စီးမိလေသည်။

"လက်နက်ချပါ.. အားလုံးဝိုင်းမိသွားပြီ"

ပြေးသူ လိုက်သူ၊ ဒဏ်ရာ ရသူ၊ ညည်းညူသံများ၊ သေနတ်သံများ ဆူညံသွားသည်။

"သူဇာ..သမီးဘယ်မှာလဲ"

"ဖေဖေ..သူဇာဒီမှာ"

"လာ သွားကြမယ်"

"ဟိုကောင် လိုက်လာပြီသမီး"

"ဖေဖေ ..မလုပ်ပါနဲ့"

"သမီး..သူ့ကြောင့်ဖေဖေတို့ဒုက္ခရောက်ရတာ"

"ဖေဖေ သမီး သူ့ကိုချစ်တယ်"

"တိတ်စမ်း"





"နိုင်း..."

စိုင်းကျော်စွာနှင့်ယမင်းတို့ခေါင်းဆောင်ကြီးဘက် နောက်လိုက်လာကြသည်။ မောင်းထွက်သွားသောကားကိုတွေ့လိုက်ရသည်။

"ကိုယ်တို့နောက်ကျသွားပြီ ယမင်း၊ သူရိန်ထွန်း တို့ကိုပါသွားတယ်နဲ့တူတယ်၊ သူ ငါ့ကိုဆက်သွယ်မှာပါ၊ ငါ အဘဆီ ဆက်သွယ်လိုက်ဦးမယ်"

စိုင်းကျော်စွာတစ်ယောက် သူ့အဖွဲ့အစည်းနှင့် ဆက်သွယ်ပြီး သတင်းပို့လိုက်သည်။

"ဟလို..အဘလား"

"အေး...ဟုတ်တယ်"

"အဘ...ကျွန်တော်စိုင်းပါ၊ သူတို့ထွက်ပြေးသွားကြသည် သူရိန်ထွန်းပါသွားတယ်၊ ကျွန်တော် ဆက်လိုက်သွားမယ်"

"မင်းဆက်မလိုက်နဲ့၊ ကျန်တဲ့သူတွေလိုက်လိမ့်မယ်၊ ခင်ဗျား သွန်ကြားစရာရှိတယ်၊ ပြန်လာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com

ခြံဝင်းထဲရှိတစ်ထပ်တိုက်ထဲတွင် လူနှစ်ယောက်အလုပ်ရှုပ်နေသည်။ သူဇာ့ လက်မောင်းမှ ကျည်ဆန်ကို ထုတ်ယူနေသည်။

"ရပြီသမီး... သိပ်နာနေလား"

"နာတော့နာတာပေါ့ဖေဖေ"

"သမီးကို ဖေဖေ ဘယ်လောက်ချစ်တယ်ဆိုတာ သမီးသိတယ်နော်"

"သိပါတယ်ဖေဖေ"

"သမီး... သူရိန်ထွန်းကိုခေါ်လာတာ မှားတာပါ၊ သူက သစ္စာဖောက်လေ၊ သူ့ကြောင့် သမီးတို့အဖွဲ့အစည်းပြိုသွားပြီလေ"

"ဒါပေမယ့် သမီး သူ့ကိုချစ်တယ်ဖေဖေ"





"သမီး သူ့ကိုချစ်တာ ဖေဖေသိတယ် ဒါပေမယ့် သူက သမီးအတွက် အန္တရာယ်နော်"

သူဇာ မျက်ရည်များ ကျလာသည်။ သူရိန်ထွန်းကို သူသိပ်ချစ်သည်။ မုန်းမရပါ၊ သူဇာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထိုင်ရာမှ ထကာ သူရိန်ထွန်းကိုချုပ်ထားသော အခန်းသို့ထွက်လာခဲ့သည်။

"မောင်အေး...မင်းအပြင်မှာစောင့်နေ"

"ဟုတ်ကဲ့...မမလေး"

သူဇာ... သူရိန်ထွန်း ရှိရာ ခုတင်တွင်ဝင်ထိုင်လိုက်သည်။

"ကိုကို..."

"သူဇာ ဘာပြောမလဲ"

"သူဇာ့ကို တကယ်ချစ်ရဲ့လား"

"ချစ်တာပေါ့ သူဇာရယ်"

"ဒါဆိုဘာကြောင့် သစ္စာဖောက်ရတာလဲ"

"တိုင်းပြည်နဲ့လူမျိုးကိုချစ်လို့၊ သစ္စာရှိချင်လို့"

"ဖြန်း..."

"ဖြန်း..."

သူဇာ...သူရိန်ထွန်း ပါးနှစ်ဖက်အား ရိုက်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အကြွေးဆပ်တာပဲ၊ ရှင့်ကိုမုန်းတယ်"

ပြောရင်း သူဇာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။ သူရိန်ထွန်း အသည်းနှင့်အောင် ချစ်ရသော သူဇာနှင့် ဖျော်ရွှင်စွာနေလိုသည်။ သို့သော် အဖျက်လုပ်ငန်းကို မုန်းတီးသည်။

"သူဇာ…ကိုကိုတို့ ဥပဒေဘောင်ထဲဝင်ပြီး ဥပဒေအဆုံးအမကို ခံယူလိုက်ကြရအောင်"

"တော်စမ်းပါ၊ ရှင်အပိုတွေပြောမနေနဲ့၊ ကျွန်မနဲ့ လက်မတွဲရင်တော့ ရှင့်ကိုလည်း ရှင်းရမှာပဲ"

ပြောပြီး သူဇာ… သူရိန်ထွန်း အခန်းထဲမှ ထွက်သွားသည်။

BURMESE CLASSIC

ဆူညံသောဖုန်းသံကြောင့် စိုင်းကျော်စွာ အိပ်ရာမှနိုးလာပြီး ဖုန်းနားထောင်လိုက်သည်။

"ဟလို…စိုင်းကျော်စွာ ပြောနေပါတယ်"

"ကျွန်တော် သူရိန်ထွန်း ပါ…စိုင်း"

"ပြောပါ နားထောင်နေပါတယ်"

"စိုင်း…ရောမြေမြို့အစွန်က ဒေဝီရုထားနား ခဲ့အို လာခဲ့ပါ၊ ကျွန်တော် စောင့်နေမယ်"

"ကောင်းပြီလေ၊ ခုချက်ချင်းလာခဲ့မယ်"

စိုင်းကျော်စွာသည် ဖုန်းကိုချလိုက်ပြီးနောက် ဘယ်နေရာသို့ ဆက်သွယ်လိုက်သည်။

---

သတ္တာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟလို..."

"ဟလို... အဘလား၊ ကျွန်တော် စိုင်းကျော်စွာပါ၊ အဘကို အနှောင့်အယှက်ပေးရတာ ခွင့်လွှတ်ပါ"

"အေး...ပြော... အချိန်မတော်..ဘာအရေးကိစ္စပေါ်လာလို့လဲ"

"သူရိန်ထွန်း ဆက်သွယ်လာတယ်အဘ၊ နေရာက ဈေးမြေမြို့စွန်က ဒေဝီရတနာခြံပါ၊ အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ"

"အေး...မင်းသွားလိုက်ပါ၊ ငါလိုအပ်တဲ့ စီစဉ်စရာတွေကို လုပ်ထားလိုက်မယ်"

"ဟုတ်ကဲ့အဘ... ကျွန်တော်အခုပဲသွားလိုက်ပါ့မယ်"

"အေးအေး...သည်တစ်ခါတော့ မလွှတ်တော့ပါဘူး"

"ဟုတ်ကဲ့..."

စိုင်းကျော်စွာတစ်ယောက် ဦးသီဟထံ သတင်းပို့ပြီးနောက် ဂျာကင်အင်္ကျီကို ကောက်စွပ်၍ ကားမောင်းထွက်လာခဲ့သည်။



ညအချိန် လူရှင်းနေသည်မို့ ကားကို အရှိန်ပြင်းစွာ မောင်းလာသည်။ ပတ်ဝန်းကျင်ရှိ အရာအားလုံး ရိပ်ခနဲ ရိပ်ခနဲ ကျော်လာသည်။ မကြာပါ ဈေးမြေမြို့စွန်သို့ရောက်လာသည်။

ဒေဝီရတနာခြံမရောက်မီ တစ်နေရာတွင် ကားကိုရပ်ပြီး အခြေအနေကို အကဲခတ်၍ ကားပေါ်မှဆင်းလိုက်သည်။

ထို့နောက် ချိန်းဆိုထားသောနေရာသို့ သတိနင့်လျှောက်လာရာ ခြံရှေ့အရောက်တွင် ခြံထဲမှ လှုပ်ရှားမှုတစ်ခုကိုတွေ့လိုက်၍ မှောင်ရိပ်ခိုကာ အကဲခတ်စဉ်

"စိုင်းလား... ကျွန်တော် ဒီမှာပါ"

"ကိုသူရိန်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကျော်စွာ... သူရိန်ထွန်း အနားသို့ရောက်သွားစဉ်တွင် နောက်မှ အသံတစ်သံနှင့်အတူ လူသုံးယောက် လက်နက်ကိုယ်စီနှင့် ရောက်လာပြီး

"ကဲ...မိတ်ဆွေ.. ခေါ်တဲ့ဆီကို အေးအေးဆေးဆေးလိုက်ခဲ့"

"ဟင်...ဘယ်လိုဖြစ်တာလဲ သူရိန်ထွန်း"

"ကျွန်တော့်ကို ခွင့်လွှတ်ပါစိုင်း၊ သူတို့ကျွန်တော့်ကို နိုင်းလို့ လုပ်ရတာပါ"

စိုင်းကျော်စွာ အခြေအနေကို သိလိုက်၍

"ကျွန်တော် ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

"ခင်ဗျားရှေ့က အိမ်ထဲကိုပါ၊ ကဲ...သူရိန်ထွန်း မင်းပါသွား"

"ဟုတ်ကဲ့"

စိုင်းကျော်စွာကိုခေါ်ဆောင်လာသော သူတို့ အိမ်ရှေ့ကို ရောက်လာပြီးတံခါးကိုခေါက်လိုက်ရာ

"ဒေါက်...ဒေါက်...ဒေါက်..."

"တံခါးဖွင့်ထားတယ်..ဝင်ခဲ့ကြ"

ယောက်ျားကြီးတစ်ယောက်၏အသံ ထွက်ပေါ်လာ၍ တံခါးကိုဆွဲဖွင့်ဝင်သွားကြသည်။ အထဲသို့အရောက်တွင် ဆက်တီ ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးရာကျော်ကိုတွေ့လိုက်ပြီးဘေးတွင်လည်း ခရီးဆောင်လက်ဆွဲအိတ်တစ်လုံး ချထားသည်ကိုတွေ့လိုက်ရသည်၊





"ဘယ်လိုလဲ စိုင်းကျော်စွာ၊ သူများခြံထဲ လူမသိအောင် ဝင်တာတော့ မကောင်းဘူးလို့ထင်တယ်"

"သူ့နိုးက လူဟာစ်နေတယ်၊ ကျုပ်က နိုးဝင်တာမဟုတ်ဘူး၊ ခေါ်တဲ့သူရှိလို့လာတာ၊ ခင်ဗျားတို့ ကျုပ်ကိုဘာလုပ်မလို့လဲ"

"ပြောတာပေါ့ကွာ၊ဖြည်းဖြည်းပေါ့ကွာ၊ ထိုင်ပါဦး"

"မထိုင်တော့ပါဘူး"

ထိုအချိန်တွင် အခန်းထဲသို့ဦးရာကျော်တပည့် တစ်ယောက် ရေးကြီးသုတ်ပြာ ဝင်လာပြီး

"ဆရာ...လမ်းထဲကို ရဲတွေဝင်လာနေပြီ"

"ဟုတ်လား..အဲဒါ ဒီကောင့်လက်ချက်ပဲ၊ ဒီကောင်ကို ဖမ်းချုပ်ပြီး အသုံးချရမှာပဲ"

ပြောပြောဆိုဆို နေရာမှထလိုက်၏။ တစ်ချိန်တည်းတွင် ဦးရာကျော်တပည့်များလည်း စိုင်းကျော်စွာနှင့် သူရိန်ထွန်း တို့ကို ဖမ်းချုပ်ရန်ကြိုးစားကြသော်လည်း အချိန်နောက်ကျသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဦးသီဟခေါင်းဆောင်သော လုံခြုံရေးအဖွဲ့များ ရောက်လာပြီး ဦးရာကျော်နှင့် သူ့တပည့်များအား ဖမ်းဆီးလိုက်လေသည်။

စိုင်းကျော်စွာနှင့် သူရိန်ထွန်း တို့နှစ်ယောက် ဦးသီဟထံ လျှောက်သွားပြီး

"အဘတို့ရောက်လာတာ အချိန်မီပဲ၊ သူတို့ လစ်ကြတော့မလို့"

"အေး...မင်းတို့ရော ဘာဖြစ်ကြသေးလဲ"

"ကျွန်တော်တို့ဘာမှမဖြစ်ကြပါဘူး အဘ..."

"ဘာမှမဖြစ်လည်း ပြန်ကြရအောင်၊ ဟိုမှာ လုပ်စရာလေးတွေ ရှိသေးတယ်"

"ဟုတ်ကဲ့အဘ..."

ဦးရာကျော်နှင့်အဖွဲ့သည် ဥပဒေ၏ အဆုံးအမကို ခံယူရန် ဥပဒေဘက်တော်သားတို့ခေါ်ဆောင်ရာနောက်သို့ ခေါင်းငိုက်စိုက် ကျလျက် လိုက်ပါသွားကြလေတော့၏။

နိုင်းမဟာ



www.burmeseclassic.com